


မင်းသုည(ဗုဒ္ဓတက္ကသိုလ်)

# ရွေးချယ်မှု၏ တန်ဖိုး

ဘဝအောင်မြင်ရေး
နှလုံးသားအာဟာရ
ဓမ္မစကား




## မျက်နှာဖုံးပန်းချီနှင့်ပတ်သက်၍

ဘဝအတွက် မည်သည့်ရွေးချယ်မှုမျိုးမဆို တန်ဖိုးကြီးမားလေ ပန်းတိုင်သို့ရောက်အောင် လျှောက်လှမ်းရမည့် ခရီးသည် ပိုမိုခက်ခဲကြမ်းတမ်းလေ ဖြစ်သည်။ ထို့ကြောင့် လှိုင်းကြီးလေထန်သည့်အကြားတွင် အားမာန်အပြည့်ဖြင့် ရုန်းကန်လှော်ခတ်နေသည့် လှေငယ်တစ်စီးအား ရေးဆွဲလိုက်သည်။ ပန်းတိုင်သို့အောင်မြင်စွာရောက်ရှိဖို့ လောကဓံမုန်တိုင်းအကြား ရုန်းကန်လျှောက်လှမ်းရာတွင် ကြိုးမျှင်တစ်မျှင်ပြီးမှ တစ်မျှင်ချင်း ချိတ်ဆက်ကာ ပင့်ကူကလေးများ အသိုက်အိမ်ဖွဲ့သကဲ့သို့ တစ်ဆင့်ချင်း ဖြည်းဖြည်းမှန်မှန်တက်လှမ်းသည့် သဘောကို ရည်ညွှန်းပြီး ပင့်ကူအိမ်စဖွဲ့နေသည့် ပုံရိပ်ကိုပါ ထည့်သွင်းရေးဆွဲလိုက်ပါသည်။ တန်ဖိုးရှိသော ရွေးချယ်မှုများကို ဆုပ်ကိုင်နိုင်ကြပါစေ။

ရဲဝင့်

# ရွေးချယ်မှု၏တန်ဖိုး

မင်းသုည ၊ ဗုဒ္ဓတက္ကသိုလ် ၊



# ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်ပုံနှိပ်ခြင်း**
၂၀၁၅ - ခုနှစ်၊ ဇွန်လ ၊ အုပ်ရေ- ၅၀၀

**မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်**
ရဲဝင့်

**ဒီဇိုင်း**
MT

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
Color King
အမှတ် (၁၅၁)၊ ၃၄ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၉)၊ ယောတကလမ်း၊ သာယာကုန်းရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး**
၂၀၀၀ ကျပ်

**ထုတ်ဝေသည့် ကတ်တလောက်အညွှန်း**

ရွှေးချယ်မှု၏ တန်ဖိုး
မင်းသုည (ဗုဒ္ဓတက္ကသိုလ်) -ရန်ကုန်။
သင်းစာပေ၊ ၂၀၁၅။
၁၁၂ စာ၊ ၁၄.၇ စင်တီ ၂၁ စင်တီ။
(၁)ရွှေးချယ်မှု၏ တန်ဖိုး

# မာတိကာ


**ဘဝအောင်မြင်ရေး**

၁၁ အဓိပတိတရား (၄)ပါး

၁၇ ပဓါနိယင်္ဂတရား (သို့) ဘဝအောင်မြင်ရေး အခြေခံအုတ်မြစ်

၂၃ ရွေးချယ်မှု၏တန်ဖိုး

**နှလုံးသားအဓာဟာရ**

၂၉ ဖြမ်း

၃၅ ကံ၊ဉာဏ်၊ ဝီရိယ တကယ်ညီမျှကြလျှင်

၄၁ တန်ဖိုးရှိသူဖြစ်ဖို့ တန်ဖိုးသိအောင်ကြိုးစား

၄၇ အခွင့်အလမ်းနှင့် မိမိကံကြမ္မာ

၅၃ ဘဝစာစီစာကုံး ဘယ်လိုသီကုံးကြမလဲ

၅၉ နှစ်ဟောင်းကအညစ်အကြေး ဘာနဲ့ဆေးကြောခဲ့သလဲ

**မဂ္ဂစကား**

၆၅ တန်ဖိုးရှိသောစကားများ ပြောတတ်ကြပြီလား

၇၃ သီလကိုဘယ်လိုနားလည်ကျင့်သုံးသလဲ

၇၇ သူတို့လေးတွေရဲ့ဘဝ ဘယ်သူတွေမှာတာဝန်ရှိသလဲ

၈၅ အမည်ခံဗုဒ္ဓဘာသာ

၉၁ ပညာပါရမီ ဖြည့်ပြီးကြပြီလား

၉၇ အတ္တနာဝဓာနေယျာထ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်သိသောအခါ

၁၀၃ အူမတောင့်မှ သီလစောင့်မယ်။

သီလစောင့်မှ အူမတောင့်မယ်။

# မြဝတီမင်းကြီးဆရာတော်၏အမှာစာ

မေလဆန်းပိုင်းရက်တစ်ရက်တွင် တပည့်ဖြစ်သူ မင်းသုညက ဘုန်းကြီးများဆီကို ရောက်လာသည်။ မကြာမီ ထုတ်ဝေတော့မည့် 'ရွေးချယ်မှု၏တန်ဖိုး' စာအုပ်အကြောင်း ပြောပြကာ စာမူများပေး၍ ထိုစာအုပ်အတွက် အမှာစာရေးပေးဖို့ရန် လျှောက်ထားပါသည်။ ထို့ကြောင့် ဤအမှာစာကို ရေးဖြစ်သွားခြင်း ဖြစ်ပါသည်။ ဘုန်းကြီးများဘဝတွင်လည်း ဤအမှာစာသည် ပထမဆုံးရေးရသော အမှာစာဖြစ်ပါသည်။

စာအုပ်စာပေကို ဖတ်တော့မည်ဆိုလျှင် ဒီစာဘယ်သူရေးတာလဲ။ အဲဒီပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်လဲ။ သူ့ရဲ့ ဘဝအတွေ့အကြုံ သူ့ရဲ့စိတ်စေတနာက ဘယ်လိုရှိသလဲ စသည်ဖြင့် 'လဲ' မျိုးစုံဖြင့် သိချင်စိတ်က စောနေသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာဖတ်ပြီးလျှင် ကွမ်းစားသလိုစားသမျှ ထွေးပစ်ရမည့်စာမျိုးလား၊ ကြံစုတ်သလို တချို့စုတ်ယူပြီး တချို့ထွေးပစ်ရမည့် စာမျိုးလား၊ မလိုင်လုံးစားသလိုတစ်ခုမျှ မပစ်ရဘဲ အားလုံးမျိုချရသော စာမျိုးလားဆိုသည်ကို ဆုံးဖြတ်ရတော့မည်ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ် အကြောင်း သိလိုကြသည်မှာ အထူးအဆန်းမဟုတ်ပါ။ ပုဂ္ဂိုလ်ခင်မှ တရားမင်ကြသည်မှာလည်း ဓမ္မတာတစ်ခုပင်ဖြစ်ပါသည်။

စာရေးသူ **မင်းသုည** ကို ဘုန်းကြီးများ စတင်သိရှိသည်မှာ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကာလမတိုင်မီ နှစ်နှစ်လောက်က ဖြစ်မည်ထင်ပါသည်။ အဲဒီတုန်းကတော့ ဗုဒ္ဓတက္ကသိုလ်တက်ရောက်နေပြီး ဘွဲ့ရပြီးကာစ စာသင်သားသာသာ ဦးဇင်းလေးဘဝဖြစ်ပါသည်။ "နိုင်ငံရေးစိတ်ဓာတ်၊ သာသနာရေးစိတ်ဓာတ်၊ ပရဟိတစိတ်ဓာတ် အတော်ရှိသော ဦးဇင်းလေးတစ်ပါး"လို့တော့ စိတ်ထဲဖြစ်မိပါသည်။ ဘုန်းကြီးနှင့်တွေ့လျှင် နိုင်ငံရေးအကြောင်း၊ စာပေအကြောင်း တော်တော်များများပြောဖြစ်ကြသည်။ နိုင်ငံရေးဘက်မှာ ထင်ရှားသောပုဂ္ဂိုလ်အဖြစ်သိရှိကြပြီး မိမိ၏အတွေးအခေါ်၊ အယူအဆများကို ကြိုက်နှစ်သက်သောကြောင့် လာနေသည်ဟု သာမန်အောက်မေ့မိသည်။ စကားစပ်မိသဖြင့် မိမိ၏မြဝတီမင်းကြီးကျောင်းတိုက်တွင် သကြိန်ကာလ တရားစခန်းတစ်ခုကို(၁၀)ရက်တိုင်တိုင် ကျင်းပပြီး မိမိ၏တပည့်ကြီးငယ်များကို ပဋိပတ်

၏ အရသာကိုလက်တွေ့ ပြသနေကြောင်းပြောမိသည်။ ထိုစကားကိုကြားလျှင်ဖင် သူလည်း တရားစခန်းကိုလာရောက်ပြီး တရားကျင့်နည်းစနစ်များသင်ယူလိုပါသေးသည်ဟုလျှောက်သဖြင့် "ရပါတယ်လာခဲ့ပါ၊ **'ကောင်းတာပေါ့'** ဟု ကြိုဆိုကြောင်းစကားများပြောခဲ့သည်။ စိတ်ထဲကတော့ **"ဒီကိုယ်တော်လေးတွေ တကယ်လာမှာ မဟုတ်ပါဘူး'** ဟုကောက်ချက်ချကာ တရားစခန်းမှ ကျင်းပခဲ့သည်။ တရားစခန်းကျင်းပပြီး (၃) ရက်လောက်အရောက်မှာ စာရေးသူမင်းသုညနှင့်သူ၏ သူငယ်ချင်းဦးပညာသီရိတို့ သူငယ်ချင်းနှစ်ယောက်ရောက်လာပြီး တရားဝင်မည့်အကြောင်း လျှောက်တော့မှ မျက်လုံးပြူးသွားသည်။ စိတ်ထဲကတော့ ဒီကိုယ်တော်လေးတွေ တကယ်ဝင်တာ ပါလားဟု အံ့အားသင့်သွားခဲ့ရသည်။ တရားစခန်းတွင် ဘုန်းကြီးညွှန်ကြားပြသသည့်အတိုင်း ၄-၅-၆ ရက်လောက် အားထုတ်ဖြစ်သွားကြသည်။ အတန်အသင့်နည်းရပြီး အတန်အသင့် တရားတော်၏ ငြိမ်းချမ်းမှုအရသာကိုသိသွားကြသည်ဟု စိတ်ထဲမှာ ထိုစဉ်က ဖြစ်သွားခဲ့ရသည်။

နောက်တော့ စာရေးသူမင်းသုညလည်း မိမိဆီပေါ်မလာ၊ ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေးလှုပ်ရှားမှုကြီးကလည်း ပြင်းထန်စွာပေါက်ကွဲဖြစ်ပေါ်လာခဲ့သည်။ လှုပ်ရှားမှု ခေါင်းဆောင်တချို့ မိမိဆီရောက်ကြသည်။ မိမိဆီလာရောက် ဆွေးနွေးကြ၊ အကြံဉာဏ် တောင်းခံကြသည်များရှိသလို လာရောက်တိမ်းရှောင်ပုန်းခိုကြသည်များလည်း ရှိခဲ့သည်။ နောက်မှ သိရှိရသည်မှာ စာရေးသူမင်းသုညလည်း ထိုရွှေဝါရောင်လှုပ်ရှားမှုကြီး၏ ထိပ်တန်းခေါင်းဆောင်တစ်ယောက်ဖြစ်သည်ကိုသိရသည်။ ခေါင်းဆောင်အတော်များများ အဖမ်းခံကြရ၊ စစ်ကြောရေးအပို့ခံကြရ၊ အလုပ်ကြမ်းအနိုင်းခံကြရ၊ သေသူသေကြ၊ မလှမပဒဏ်ရာရသူရကြ ဖြစ်ကြသော်လည်း စာရေးသူမင်းသုညကိုတော့ စစ်အစိုးရက ဖမ်းမမိဘဲ ထိုင်းနိုင်ငံဘက် ရောက်သွားသည်ဟု နောက်တော့သိလာရသည်။

နောက်တစ်နှစ်လောက်နေတော့ ဆရာတပည့် အဆက်အသွယ်ပြန်ရခဲ့သည်။ အဲဒီအချိန်တွင် မင်းသုညသည် မဲဆောက်မြို့မှာနေပြီး ဆက်လက်လှုပ်ရှားနေသည့်အချိန်ဖြစ်သည်။ ဘုန်းကြီးများထံစာပို့ပြီး မဲဆောက်မြို့ကိုကြွရောက်ပြီး ဆရာတော် တရားချီးမြှင့်ပေးမည်ဆိုလျှင် တရားပွဲများ စီစဉ်လိုကြောင်းလျှောက်သဖြင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ မြဝတီမြို့မှတဆင့် ကူးသွားကာ တရားပွဲများကို စက်ရုံအသီးသီးသို့ တစ်ပတ်ကြာမျှ ဟောကြားပေးခဲ့သည်။(Map-FM) ရေဒီယိုအသံလွှင့်ဌာနတွင်လည်း ကိုယ်တိုင်လွှင့်ထုတ်ဟောကြားခဲ့ရသည်။ မိတ်ဆွေကောင်းစာကြည့်တိုက်တွင်လည်း တရားထိုင်ကြသော ကျောင်းသူကျောင်းသားများနှင့် ဒကာဒကာမများအား တရားထိုင်နည်း တရားနှလုံးသွင်းနည်း နည်းစနစ်များကို သင်ကြားပြသပေးခဲ့သည်။

မဲဆောက်မြို့ အကျဉ်းထောင်တွင်းက မြန်မာနိုင်ငံသားများအား သွားရောက်ကာ တရားဟောကြားသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ရသည်။ စာရေးသူမင်းသုည၏ ကျေးဇူးကြောင့် ဘုန်းကြီး၏တရားများကို အသံဖိုင်များဖြင့် အင်တာနက်ပေါ် တင်ပေးခြင်းနှင့် ရေဒီယိုဌာနတွင် အပတ်စဉ်ထုတ်လွှင့်ပေးသည်ကို မဲဆောက်မြို့သားများ ကြားနာရသည်ဟုလည်း သိခဲ့ရသည်။ စာရေးသူမင်းသုညသည်ရောက်လေရာမှာ ကိုယ့်နိုင်ငံသားတွေကို 'တိုးတက်စေလိုသောဆန္ဒ ပြင်းပြသော ဆရာတော်လေးပဲ' ဟု စိတ်ထဲမှာ ကောက်ချက်ချမိခဲ့ပါသည်။

ဤမျှ ဖော်ပြလျှင် စာရေးသူ **'မင်းသုည(ဗုဒ္ဓတက္ကသိုလ်)'** ၏ပုံရိပ်နှင့် စေတနာကို စာဖတ်သူတို့ တွေးဆမြင်ယောင်နိုင်မည်မို့ ဤမျှလောက်ဖြင့် မိမိတာဝန်ကျသည့် အမှာစာကဏ္ဍကို ကျေနပ်ကြပါဟုမေတ္တာရပ်ခံရင်း…

**အရှင်အရိယာဝံသာဘိဝံသ(မြဝတီမင်းကြီးဆရာတော်)**
သကျသီဟမဟာစရိယ၊ စေတီယင်္ဂဏမဟာစရိယ (ဝဋ်သကာ)
သာသနာ့ဓဇမဟာစရိယ၊
မြဝတီမင်းကြီးကျောင်းတိုက်၊ ဘုံပျံတောရ ၊မန္တလေးမြို့။
ဖုန်း-၀၉ ၉၇၂၇၁၇၀၈၄၊ ၀၉ ၉၁၀၄၁၀၄၆

# ဓမ္မစကားရဲ့ ရသ

လွန်ခဲ့တဲ့ (၄) နှစ်လောက်က 'ခေတ်လူများ၏မှတ်စု' လူငယ်စာပေဂျာနယ်လေးကို ကျွန်တော်တို့ စတင်တည်ထောင်ထုတ်ဝေဖြစ်ခဲ့ပါတယ်။ အဲဒီအခါ ကျွန်တော်တို့ စိတ်ကူးမိတာလေးတစ်ခု ရှိခဲ့ပါတယ်။ အဲဒီစိတ်ကူးရဲ့ မြစ်ဖျားခံရာကတော့ ရဟန်းစာဆိုဖြစ်သူ- 'မင်းသုည (ဗုဒ္ဓတက္ကသိုလ်)' ပဲလို့ ဆိုရမှာပါ။

တကယ်တော့ **'မင်းသုည(ဗုဒ္ဓတက္ကသိုလ်)'** ဟာ ကျွန်တော်တို့ရဲ့ ဆရာသမားပဲ ဖြစ်ပါတယ်။ ဆရာသမားဟာ ဗုဒ္ဓဘာသာရဟန်းတစ်ပါးပီပီ ဓမ္မနှင့်ယှဉ်ပြီး အရာရာကို ခွဲခြမ်းစိတ်ဖြာရင်း ချိတ်ဆက်ရှုမြင်တတ်ဖို့ ကျွန်တော်တို့ကို အမြဲဆိုသလို **'ဓမ္မစကား'** ပါးလေ့ရှိပါတယ်။

သူ့ရဲ့ **'ဓမ္မစကား'** တွေဟာ အမိုက်မှောင်အတိပြီးတဲ့ ကျွန်တော်တို့ရဲ့ ဉာဏ်ကို ကွန်းဖွင့်ကာ လင်းစေပါတယ်။ ပျော့ညံ့အားနည်းတဲ့ ကျွန်တော်တို့ နှလုံးသားကို အာဟာရအပြည့်နဲ့ သိမ်မွေ့အားကောင်းစေပါတယ်။ ဘဝရဲ့ အောင်မြင်ရေးနည်းလမ်းတွေနဲ့ တန်ဖိုးတွေကို နားလည်သိမြင်စေပါတယ်။ တစ်ခါတစ်ရံ ညဦးယံမှ မိုးသောက်ယံအထိ၊ ရံဖန်ရံခါ အရုဏ်တက်ချိန်အထိ အပြန်အလှန် မေးမြန်းဆွေးနွေးရင်း **'ဓမ္မစကား'** တွေနဲ့ နေ့နေ့ညည ကျွန်တော်တို့ အတူတကွ ဖြတ်သန်းခဲ့ကြပါတယ်။

အဲဒီရဲ့ အရသာနဲ့ အကျိုးထူးကို ကျွန်တော်တို့ ရရှိသလို ဘဝတူလူငယ်တွေကိုလည်း မြည်းကြည့်စေချင်တဲ့ ဆန္ဒနဲ့ **'ဓမ္မစကား'** ဆိုတဲ့ ကဏ္ဍတစ်ခု ဂျာနယ်မှာ တစ်မျက်နှာထားပြီး ပင်တိုင်ဆောင်းပါးဖော်ပြမယ်ဆိုတဲ့ စိတ်ကူးလေးက ပေါ်လာပါတယ်။ အဲဒီစိတ်ကူးကို ဆရာသမားထံ သွားလျှောက်တဲ့အခါ ချက်ချင်းပဲလက်ခံပြီး ဂျာနယ်အတွက် မပြတ်မကွက် ရေးသားပေးခဲ့ပါတယ်။

ကျွန်တော်တို့ တွေးထင်ထားတဲ့အတိုင်း ဂျာနယ်ပရိသတ်အများစုဖြစ်တဲ့ လူငယ်တွေဆီက **'ဓမ္မစကား'** ကဏ္ဍအပေါ် ကြိုက်နှစ်သက်စောင့်ဖတ်ကြတဲ့ အသံတွေ ပြန်ကြားခဲ့ရပါတယ်။ နောက်တစ်ခါ အဲဒီ **'ဓမ္မစကား'** ရဲ့ အရသာနဲ့ အကျိုးထူးကို တစ်ကြိမ်သုံးဆောင်မိတာနဲ့ တောင်းတိမ်နိုင်ဖြစ်ပြီး အထပ်ထပ်ဆာလောင်ကြသူတွေဟာ ကျွန်တော်တို့နဲ့ ဂျာနယ်ပရိသတ်တင်ပဲလား ဆိုတော့ မဟုတ်သေးပါဘူး။

တစ်ဆင့်စကားပါးရင်း အလည်အပတ်ရောက်လာကြတဲ့ နိုင်ငံတကာက ပညာရှင်တွေ၊ သတင်းစာဆရာတွေ၊ တက္ကသိုလ်ကျောင်းသားတွေလည်း အပါအဝင်ပဲ ဖြစ်ပါတယ်။ ဆရာသမားရဲ့ ညှိခန်းဆောင်မှာ အဲဒီလို ညှိသည်တွေနဲ့ အခါမလပ် ဓမ္မစကားသံတွေဟာ ပြည့်လျှံလို့ နေပါတယ်။ ညှိခန်းဆောင်က အပြန်မှာ သူတို့ရဲ့ မျက်နှာတွေဟာ ရွှင်လန်းမှုနဲ့အတူ ချမ်းမြေ့စွာပြုံးရင်း သူတို့ရဲ့စိတ်နှလုံးငြိမ်းအေးမှုအပေါ် ကျေနပ်နေကြတဲ့အမူအရာဟာ အရောင်တလဲ့လဲ့တောက်ပနေတဲ့ သူတို့ရဲ့မျက်လုံးတွေနဲ့အတူ ပေါ်လွင်လှပါတယ်။

အဲဒါကြောင့် အခုလို ဘဝအောင်မြင်ရေးနဲ့ နှလုံးသားအာဟာရတွေ ကိန်းအောင်းနေတဲ့ ဓမ္မစကားတွေကို စုစည်းပြီး ထုတ်ဝေထားတဲ့ 'ရွေးချယ်မှု၏တန်ဖိုး' စာအုပ်လေးဖတ်အပြီးမှာ မိတ်ဆွေလည်း တစ်ခါမှ မပြုံးဖူးတဲ့ အလှဆုံးအပြုံးနဲ့အတူ ဓမ္မစကားရဲ့ရသကို တစိမ့်စိမ့် တွေးရှုခံစားရင်း ဘဝအတွက် ခွန်အားအသစ်တွေ တိုးပွားနေမယ်ဆိုတာ ရဲရဲကြီး ယုံကြည်မိပါကြောင်း အမှာစကားပါးလိုက်ပါတယ်။

**နေစကြာနိုင်(အယ်ဒီတာချုပ်)**
**'ခေတ်လူများ၏မှတ်စု'** ဂျာနယ်
၇.၆.၂၀၁၅

# စာရေးသူ၏အမှာစာ

ရှစ်လေးလုံးအရေးတော်ပုံကြီးဖြစ်တော့ တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းတွေ အားလုံး အပိတ်ခံလိုက်ရပါတယ်။ ကျောင်းတွေပိတ်နေတဲ့အချိန်မှာ အဖေဖြစ်သူက ရွာဦးကျောင်းကို ဘုန်းကြီးကျောင်းသားအဖြစ် လိုက်ပို့ပေးလို့ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့ရတယ်။ အဲဒီနှစ်မှာပဲ အဖေနဲ့အမေက ရဟန်းခံရှင်ပြုအလှူလုပ်လို့ စာရေးသူလည်း ကိုရင်ဝတ်ခဲ့ပါတယ်။ ကျောင်းတော်ကြီးများပြန်ဖွင့်တော့ ကျောင်းပြန်တက်ရင်ကောင်းမလား၊ ကိုရင်ပဲ ဆက်ဝတ်နေရင်ကောင်းမလားနဲ့ ဝေခွဲမရအောင်ဖြစ်နေတဲ့အချိန်မှာ ဆရာဘုန်းကြီးကောင်းမှုကြောင့် ကိုရင်ဆက်ဝတ်ဖြစ်သွားခဲ့ပါတယ်။

ဆရာဘုန်းကြီးက စာဖတ်ဝါသနာပါတယ်။ စာကို အမြဲတမ်းဖတ်နေတယ်။ တပည့်တွေကိုလည်း စာဖတ်ဝါသနာ ပါစေချင်တယ်။ စာဖတ်စေချင်တယ်။ စာဖတ်ဖို့ စာကြိုးစားဖို့နဲ့ ဘဝအောင်မြင်ရေးနည်းလမ်းတွေကို အမြဲတမ်းဆုံးမဩဝါဒပေးလေ့ရှိပါတယ်။ တစ်နေ့မှာဆရာဘုန်းကြီးရေးလိုက်တဲ့ **'ဆရာပေးတဲ့ ပေတံတစ်ချောင်း'** ဆိုတဲ့ ဆောင်းပါးလေး မဂ္ဂဇင်းမှာ ပါလာတာကို ဖတ်လိုက်ရပါတယ်။ အဲဒီဆောင်းပါးကိုဖတ်အပြီးမှာတော့ စာရေးသူလည်း စာရေးချင်စိတ်၊ စာရေးဆရာဖြစ်ချင်စိတ်တွေ ပေါ်ပေါက်လာပါတယ်။ အဲဒီကနေ စာတွေ ဖတ်မှတ်ရင်း ကဗျာတွေ၊ ဆောင်းပါးတွေကို အမြဲမပြတ်ရေးဖြစ်နေပါတယ်။ များသောအားဖြင့် ရေးဖြစ်နေတာက နိုင်ငံရေးကဗျာ၊ နိုင်ငံရေးဆောင်းပါးတွေပဲ ဖြစ်ပါတယ်။

၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးအပြီး သူငယ်ချင်းတွေလည်း ထောင်တွေကျကုန်ကြတယ်။ စစ်အုပ်စုက စာရေးသူကိုလည်း လိုက်လံဖမ်းဆီးနေသည့်အတွက် ရှောင်ရင်းတိမ်းရင်း နိုင်ငံရေး ဆက်လက်လှုပ်ရှားရင်း နောက်ဆုံး ဘယ်လိုမှဆက်ရှောင်လို့ မရတော့သည့်အခြေအနေကိုရောက်ရှိလာသည့်အတွက် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ ရောက်ရှိလာပါတယ်။ မဲဆောက်ရောက်တော့ စာကြည့်တိုက်တွေ၊ ကွန်ပျူတာ၊ အင်္ဂလိပ်၊ ထိုင်းဘာသာဗေဒသင်တန်းကျောင်းတွေကိုဖွင့်ရင်း တရားဓမ္မတွေ လိုက်လံဟောပြပေးခဲ့ပါတယ်။

**'နေစကြာနိုင်'**မှ **'ခေတ်လူများ၏မှတ်စုဂျာနယ်'**ရဲ့ **'ဓမ္မစကား'** အစီအစဉ်မှာ ပင်တိုင်ဆောင်းပါးရေးပေးဖို့ လာလျှောက်ပါတယ်။ အဲဒီမှာဓမ္မဆောင်းပါးတွေရေးဖြစ်ခဲ့ပါတယ်။ ဘန်ကောက်မြို့မှာ ကျောင်းတက်နေကြတဲ့ ရဟန်းတော်များစုပေါင်းထုတ်ဝေတဲ့ **'တက္ကသိုလ်ရဟန်းပျို'** ဓမ္မစာစောင်မှာလည်း ဓမ္မဆောင်းပါးများရေးပေးဖို့ ဦးဉာဏိဿရမှ လျှောက်ကြားလာသည့်အတွက် လစဉ်ရေးပို့ပေးခဲ့ပါတယ်။ စာရေးသူရဲ့ ဓမ္မစကား၊ ဓမ္မဆောင်းပါးများကို ဖတ်လိုက်ကြရတဲ့ စာဖတ်သူများက ဗဟုသုတများ တိုးပွားရကြောင်းနှင့် အသိအမြင် ဉာဏ်ပညာများတိုးတက်လာသည့်အကြောင်း လျှောက်ကြားလာကြပါတယ်။ ဒီလိုလျှောက်ကြားကြရင်းတဆက်တည်း တောင်းဆိုလာကြတာကတော့ အခုဆောင်းပါးများကို စုပေါင်းစာအုပ်ထုတ်ဝေပေးပါရန် လျှောက်ကြားလာကြသည့်အတွက် စာအုပ်အဖြစ် စီစဉ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပါတယ်။

အခုရေးသားထားသော ဓမ္မစကား၊ ဓမ္မဆောင်းပါးများကိုဖတ်ရှု၍ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ လမ်းမှန်လမ်းမှားကို ခွဲခြားစိတ်ဖြာနိုင်ကြသော ဝိဘာဇီဉာဏ်ပညာများ ပိုမိုရရှိနိုင်ကြပါစေဟုဆန္ဒပြုရင်း ...

မင်းသုည(ဗုဒ္ဓတက္ကသိုလ်)

# စကားချီး


မြတ်စွာဘုရားရှင် ပြောခဲ့ဟောခဲ့တဲ့ စကားတွေမှန်သမျှသည် Dhamma Talk ဓမ္မစကားတွေပဲ ဖြစ်ပါသည်။ ဓမ္မစကားတွေသည် အဆင့်မြင့်သည်။ စနစ်ကျသည်။ လက်တွေ့ကျင့်သုံးသူတွေအတွက် လက်တွေ့အကျိုးရှိသည်။ အဆင့်မြင့်သည့် စနစ်ကျသည့် တရားတော်တွေကို နားလည်ဖို့ ကျင့်သုံးနိုင်ဖို့ မိမိရဲ့အဆင့်အတန်းကို ရှေးဦးစွာ မြှင့်တင်ဖို့လိုပါသည်။ မိမိရဲ့ အဆင့်အတန်းကိုမြှင့်ဖို့ ဓမ္မတရားစကားတွေကို နားလည်ဖို့လိုပါသည်။

ဘာတွေ ပြောထားတာလဲ၊ ဘယ်လိုပြောထားတာလဲ၊ ဘာကြောင့်ပြောထားတာလဲ၊ ဘယ်သူ့အတွက် ပြောထားတာလဲ၊ ဘယ်နေရာမှာပြောထားတာလဲ၊ ဘာကိုရည်ရွယ်ပြီး ပြောထားတာလဲဆိုသည်ကို သေသေချာချာ ဝေဖန်ပိုင်းခြားနိုင်ဖို့လိုပါသည်။

သေသေချာချာဝေဖန်ပိုင်းခြားနိုင်ဖို့ **ဓမ္မဒေသနာ** - တရားတော်များကို ဉာဏ်နှင့်ယှဉ်ကာ ကျယ်ကျယ်ပြန့်ပြန့် ဟောပြောပို့ချ သင်ပြနိုင်ဖို့လိုပါသည်။ **ဓမ္မသာဝန** တရားတော်များကို ဉာဏ်နှင့်ယှဉ်ကာ ဝေဖန်ပိုင်းခြား နာကြားဖို့ဖတ်ရှုဖို့လိုပါသည်။ **ဓမ္မသာကစ္ဆာ** တရားတော်များကို ဉာဏ်နှင့်ယှဉ်ကာ ဝေဖန်ပိုင်းခြားဆွေးနွေးတိုင်ပင် မေးမြန်းကြဖို့လိုပါသည်။ **ဓမ္မဒေသနာ** ၊ **ဓမ္မသာဝန** ၊ **ဓမ္မသာကစ္ဆာ** ဆိုတဲ့ဒီစကားသုံးလုံးကို နှုတ်လိုက်လျှင် ဘယ်လိုနည်းနှင့်မျှ နားလည်နိုင်မည်မဟုတ်ပါ။ နားမလည်ဘဲနှင့်လည်း မည်သို့မျှမှန်ကန်စွာ ကျင့်သုံးနိုင်မည်မဟုတ်ပါ။

မှန်ကန်စွာ ကျင့်သုံးမှု မလုပ်နိုင်သေးသမျှ ကာလပတ်လုံး အဆင့်အတန်းမြင့်မားနိုင်မည်မဟုတ်ပါ။ မိမိကိုယ်ကိုမိမိ အမြဲပြန်လည်စမ်းစစ်ပါ။ ငါဟာ ဓမ္မစကားသုံးလုံးကို ဘယ်လောက်ကျင့်သုံးပြီးပြီလဲ၊ ကျင့်သုံးနေလဲဆိုတာကို သေသေချာချာ သတိတရားလက်ကိုင်ထားကာ အမြဲတမ်း မိမိကိုယ်ကို မေးမြန်းစိစစ်နေပါ။ ဒါမှသာ မိမိရဲ့အဆင့်အတန်း ကြာလေမြင့်မားလေ တန်ဖိုးရှိလေဖြစ်လာလိမ့်မည်။

မိမိရဲ့အဆင့်အတန်းမြင့်မားဖို့ တန်ဖိုးရှိဖို့ အေးချမ်းသာယာငြိမ်းချမ်းနိုင်ဖို့ ဗုဒ္ဓဘုရားရှင်၏ ဓမ္မတရားတော်များကို ဉာဏ်နှင့်ယှဉ်ကာ နားလည်သဘောပေါက်သည်အထိ ပြောဆိုမေးမြန်းဆွေးနွေးကာ အမှန်တရားများကို လက်တွေ့ကျင့်သုံးနိုင်ကြပါစေ။



# အဓိပတိတရား (၄)ပါး

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတော်များကို စနစ်တကျ သေချာကျနစွာ လေ့လာစေချင်ပါသည်။ မိမိလေ့လာမှု အားနည်းလျှင် အားနည်းသလောက် သဘောပေါက် နားလည်မှု လွဲနိုင်ပါသည်။ တချို့က မြတ်စွာဘုရားဝါဒကို လောကုတ္တရာသက်သက် နိဗ္ဗာန်လမ်းစဉ်တစ်ခုသာ ဟောထားသောဝါဒဟု ထင်မှတ်မှားတတ်ကြပါသည်။ လုံးဝ မဟုတ်ပါ။ လောကီ၊ လောကုတ္တရာ နှစ်ဖြာပြည့်စုံသောဝါဒဖြစ်ပါသည်။ လောကီမှာ ကြီးပွားအောင်မြင်ဖို့ ဟောထားသော တရားများမြောက်များစွာရှိသည့်အနက် အဓိပတိတရားလေးပါး

**လူအများစု ကြီးပွားအောင်မြင်မှု ပန်းတိုင်နှင့် လွဲချော်နေကြခြင်းမှာ ဆန္ဒာဓိပတိကို ကောင်းစွာသဘောမပေါက်၊ မလေ့ကျင့်၍ဖြစ်ပါသည်။**



ကို ဆွေးနွေးတင်ပြချင်ပါသည်။ အဓိပတိရဲ့ အဓိပ္ပါယ်မှာ အကြီးအမှူး ဖြစ်ပါသည်။ လူ တစ်ယောက်ကြီးပွားအောင်မြင်ဖို့ကိုယ်လိုရာ ပန်းတိုင်ကို ရောက်နိုင်ဖို့ မရှိမဖြစ် တကယ် လိုအပ်သော တရားလေးပါးဖြစ်ပါသည်။

ထိုတရားလေးပါးမှာ (၁) ဆန္ဒာ ဓိပတိ။ (၂) ဝီရိယာဓိပတိ။ (၃) စိတ္တာဓိပတိ။ (၄) ဝီမံသာဓိပတိ တို့ဖြစ်ပါသည်။ တကယ် အောင်မြင်ကြီးပွားလိုသောသူတိုင်း ထိုတရား လေးပါးကို တစ်နေ့တခြား ပိုမိုကြီးထွား အောင် စနစ်တကျ လေ့ကျင့်ပေးဖို့လိုပါသည်။ မိမိရင်ထဲက လိုချင်မှု ဆန္ဒဓာတ်သည် လေ့ ကျင့်ပေးမှုမရှိပါက အဓိပတိဆိုသည့် အင်အား ကြီးထွားမှုအဆင့်ကို ရောက်မလာဘဲ သာမန် အဆင့်ဖြင့်သာ နိဂုံးချုပ် သွားပါလိမ့်မည်။ သာမန် သူလိုငါလို လိုချင်ကာမတ္တ၊ ဖြစ်ချင် ကာမတ္တ သာမန်ဆန္ဒဖြင့် ဘယ်လိုနည်းနှင့်မျှ အောင်မြင်ကြီးပွားနိုင်မည် မဟုတ်ပါ။ လူ အများစု ကြီးပွားအောင်မြင်မှု ပန်းတိုင်နှင့် လွဲချော်နေကြချင်းမှာ ဆန္ဒာဓိပတိကို ကောင်း စွာ သဘောမပေါက်၊ မလေ့ကျင့်၍ ဖြစ်ပါ သည်။ ကမ္ဘာမှာ အောင်မြင်ကျော်ကြားသူမှန် သမျှကိုကြည့်မည်ဆိုလျှင် ဆန္ဒာဓိပတိ အား ကောင်းသော အချက်ကို ကောင်းစွာတွေ့ရ မည် ဖြစ်ပါသည်။

ဆန္ဒဓာတ်အား အကောင်းဆုံးသူကို ပြပါဆိုလျှင် ပထမဦးဆုံး ဗုဒ္ဓမြတ်စွာဘုရား ကို ညွှန်ပြရမည် ဖြစ်ပါသည်။ ဆန္ဒဓာတ်သည် သူ့အလိုလိုဖြစ်လာသော အရာမဟုတ်ပါ။ သူ့ကို ကြီးထွားလာအောင် လေ့ကျင့်ပေးရသောအရာ

ခဲ့ပါသည်။ ဗုဒ္ဓကိုယ်တော်တိုင် စံပြအနေဖြင့် ဘဝပေါင်းမြောက်များစွာ လေ့ကျင့်ခဲ့ပါသည်။ သတ္တဝါအများကို လမ်းမှန်ညွှန်ပြနိုင်ဖို့ ကယ်တင်နိုင်ဖို့ သဗ္ဗညုတဉာဏ်ကို ရဖို့ သူ့ရဲ့ဆန္ဒာဓိပတိ ဆန္ဒဓာတ်ကို တစ်ဘဝထက်တစ်ဘဝ ပိုမိုအားကောင်းအောင် လေ့ကျင့်ခဲ့ရပါသည်။ သူလိုချင်သော သဗ္ဗညုတဉာဏ်အတွက် စည်းစိမ်ဥစ္စာ၊ သားသမီး၊ အသက်၊ ဇနီး၊ မျက်၊ ခန္ဓာကိုယ်ကိုပင် စတေးကာစွန့်လွှတ်အနစ်နာခံ လေ့ကျင့်ခဲ့ပါသည်။ နောက်ဆုံး ဘုရားဖြစ်မည့်ဘဝမှာ ထီးနန်းစည်းစိမ်နှင့်တကွ အရာအားလုံးကို စွန့်လွှတ်ကာ အပြင်းအထန် နည်းမျိုးစုံဖြင့် အပင်ပန်းခံအောင်းရဲခံကာ ကျင့်ခဲ့ပါသည်။ နောက်ဆုံး သဗ္ဗညုတဉာဏ်မရသမျှ ငါလုံးဝ နောက်ပြန်လှည့်ဘူးဆိုသော ကြီးမားသည့် ဆန္ဒဓာတ်ဖြင့်ကြိုးစားမှုကြောင့် မျှော်မှန်းသည့် အမြင့်ဆုံးပန်းတိုင်ဘုရားအဖြစ် သဗ္ဗညုတဉာဏ်ကို ရခဲ့ပါသည်။

မိမိတို့သည် မြတ်စွာဘုရားရှင်၏ တပည့်များ ဖြစ်ကြပါသည်။ တပည့်ဖြစ်သူသည် ဆရာ၏လမ်းစဉ်ကို လိုက်ရပါမည်။ ဆရာဖြစ်သူသည် သူ၏ လမ်းစဉ်ကိုလိုက်စေချင်သည့်အတွက် အဓိပတိတရား လေးပါးကို နေရာတော်တော်များများမှာ ဟောကြားခဲ့ပါသည်။ **ဆန္ဒဝတောကိ' နာမ ကမ္မံ သိဇ္ဈသိ။** 'ဆန္ဒဓာတ် ပြင်းထန်သော၊ အားကြီးသော သူသည် မပြီးစီးသောကိစ္စ မည်သည် မရှိ။ ပြီးစီးအောင်မြင်ခြင်းသည်သာလျှင် မုချဖြစ်၏' လို့ ဆိုထားသည့်အတွက်



'ဆန္ဒဓာတ်
ပြင်းထန်သော
အားကြီးသောသူသည်
မပြီးစီးသောကိစ္စ
မည်သည်မရှိ။
ပြီးစီးအောင်မြင်ခြင်း
သည်သာလျှင်မုချဖြစ်၏'



ဗုဒ္ဓမြတ်စွာဘုရားသည်
အခက်ဆုံးလမ်းကို အမိပတိတရား
လေးပါးလက်ကိုင်ထား
ကျင့်သုံးပြကာ အောင်မြင်အောင်
လျှောက်ပြခဲ့ပါလျက်
တပည့်ဟု အမည်ခံထားသူ
မိမိတို့က မလိုက်နာကြဘူးဆိုလျှင်
မိမိတို့သည် မျောက်အုန်းသီးရသလို
ဖြစ်နေပါလိမ့်မည်။

အောင်မြင်ချင်လျှင် မိမိရဲ့ရင်ထဲက ဆန္ဒဓာတ်ကို အားကြီးအောင်၊ အမိပတိအဆင့်ထိရောက်အောင် လေ့ကျင့်ပါ။ မိမိရင်ထဲမှာ ဆန္ဒဓာတ်အားကြီးလာပါက နောက်က အမိပတိသုံးပါးပူးပေါင်းပါဝင်လာမှာ မုချဖြစ်ပါသည်။ ဆန္ဒလိုချင်မှု အားကောင်းလာလျှင် ဝီရိယာမိပတိ ကြိုးစားအားထုတ်မှုတွေ ပြင်းထန်အားကောင်းလာပါလိမ့်မည်။

ကြိုးစားအားထုတ်မှု ဝီရိယဓါတ်တွေ ပြင်းထန်လာပါလျှင် စိတ္တာမိပတိ မိမိရဲ့စိတ်ဓာတ်စွမ်းအားတွေပါ မြင့်မားလာပါလိမ့်မည်။ စိတ်ဓာတ်တွေ ထက်သန်လာပါလိမ့်မည်။ စိတ်ဓာတ်တွေ မြင့်မားထက်သန်လာပါက ဝီမံသာမိပတိဆိုတဲ့ ပညာဉာဏ်အတွေးအခေါ် စွမ်းအားတွေ အားကောင်းပြင်းထန်လာ

…ပါလိမ့်မည်။ ပညာဉာဏ်စွမ်းအားတွေမြင့်မား အားကောင်း ပြင်းထန်လာပါက မိမိသည် …နှိုင်းသေမုချ မိမိမျှော်မှန်းသည့် ပန်းတိုင်သို့ ရောက်ရှိကာ ကြီးမွားအောင်မြင်လာပါလိမ့်မည်။

မိမိဆရာဖြစ်သူ ဗုဒ္ဓမြတ်စွာဘုရား သည် အခက်ဆုံးလမ်းကို အဓိပတိတရား လေးပါး လက်ကိုင်ထား ကျင့်သုံးပြကာ အောင်မြင်အောင် လျှောက်ပြခဲ့ပါလျက်တပည့် ဟု အမည်ခံထားသူ မိမိတို့က မလိုက်နာ ကြဘူးဆိုလျှင် မိမိတို့သည် မျောက်အုန်းသီးရ သလို ဖြစ်နေပါလိမ့်မည်။ မျောက်သည် သူရထားသော အုန်းသီးကြီးကို ဘာလုပ်ရ မှန်းမသိ၊ အခွံကို ကိုက်စားကြည့်သည်။ အခွံ သည် အရသာမရှိ ဖန်တွတ်တွတ်ဖြစ်သည်။ ထိုအခါ အရသာမရှိဘူးဆိုပြီး လွှင့်ပစ်လိုက် သည်။ သူ လွှင့်ပစ်လိုက်သော အုန်းသီးကို ဉာဏ်ပညာရှိသော လူက အတွင်းအနှစ်ထိ ရောက်အောင်သွားကာ ချိုမြသော အုန်းရေကို သောက်လို့ အနှစ်အသားကို စားပါသည်။

မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာအများစု ကြီးသည် ဗုဒ္ဓဘုရားရှင်၏ တရားတော်များ ကို အတွင်းအနှစ်ရောက်အောင် မသွားဘဲ အပေါ်ယံကြော ဘုရားကို သက်စေ့ရေလောင်း ယတြာချေဘဝဖြင့် ကျေနပ်နေကြသည့်အတွက် အောင်မြင်မှု ပန်းတိုင်များနှင့် လွဲချော်နေကြ သည်မှာ အင်မတန် ဝမ်းနည်းစရာ ကောင်းလှ ပါသည်။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မစကားတော် များကို နားလည်သော ပညာရှိသူတော်ကောင်း များသည် ဗုဒ္ဓဟောကြားသော အဓိပတိတရား လေးပါးကို မြင့်သည်ထက်မြင့်အောင်ကြီးမား သည်ထက်ကြီးမားအောင် လေ့ကျင့်ကြသည့် အတွက် သူတို့မျှော်မှန်းသည့် ကြီးမွားအောင် မြင်မှု ရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင် လှမ်းနေကြကြောင်းကို ဓမ္မစကား လက်ဆောင် ပါးလိုက်ပါသည်။ အဓိပတိတရား လေးပါး ကို ကျင့်ကြံပွားများခြင်းဖြင့် ရည်မှန်းချက် ပန်းတိုင်အထိရောက်အောင် လျှောက်လှမ်းနိုင် ကြပါစေဟုဆန္ဒပြုအပ်ပါသည်။

အမှတ်(၅)၊ ဇန်နဝါရီ ၊ ၂၀၁၂။
(ခေတ်လူများ၏ မှတ်စုဂျာနယ်)

ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို အတွင်းအနှစ်ရောက်အောင် မသွားဘဲ အပေါ်ယံကြောဘုရားကို သက်စေ့ရေလောင်း ယတြာချေဘဝဖြင့် ကျေနပ်နေကြသည့်အတွက် အောင်မြင်မှုပန်းတိုင်များနှင့် လွဲချော်နေကြသည်



# ဗဓါနီယင်္ဂတရား (သို့) ဘဝအောင်မြင်ရေးအခြေခံအုတ်မြစ်

အဆောက်အဦးတစ်ခု နိုင်ခံ့ဖို့အတွက် အခြေခံအုတ်မြစ်ဟာ အရေးကြီးလှပါတယ်။ အုတ်မြစ်မခိုင်ဘဲ အထပ်ကိုတက်လေ အန္တရာယ်ကြီးလေဖြစ်ပါတယ်။ ဒါကြောင့် အထပ်များများ ဆောက်ချင်ရင် အောက်ခြေအုတ်မြစ်ကို နက်နက်တူးကာ ခိုင်ခန့်အောင် အရင်ဆုံးလုပ်ရပါတယ်။ အဆောက်အဦးတစ်ခုမှာ အခြေခံအုတ်မြစ်ဟာ အရေးကြီးသလို ဘဝမှာ တကယ်ကြီးပွားအောင်မြင်ချင်သူတွေအတွက် အခြေခံအုတ်မြစ်နှင့်တူသော အကြောင်းတရားများကိုသိရှိဖို့လည်း အရေးကြီးလှပါတယ်။ ထိုအကြောင်းတရားများကို မြတ်စွာဘုရားရှင်မှ ဟောဖော်ညွှန်ပြ ထားခဲ့ပါတယ်။ အမှန်တကယ် ကြီးပွားအောင်မြင်ချင်သူများအနေနဲ့ မိမိတို့ဘဝအောင်မြင်ရေးအတွက် ဗုဒ္ဓဟောကြားသော အခြေခံတရားတော်များကို လက်တွေ့ပြည့်ဝစွာကျင့်သုံးဆောင်ရွက်ကြရပါမယ်။

ဗုဒ္ဓမြတ်စွာဘုရားရှင်ထံ ဗောဓိကုမာရမင်းသား ရောက်သွားတဲ့အခါ မင်းသားက ဘုရားရှင်အား လျှောက်ပါတယ်။ တရားထူးကို လွယ်ကူစွာ အောင်မြင်စွာရနိုင်သောနည်းလမ်းများရှိပါက ပေးသနားတော်မူပါရန် လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်က-

'မင်းသား သင်သည် ဆင်စီးအတတ်ပညာကို အလွန်ကျွမ်းကျင်လှပါတယ်။ သင့်ထံသို့ ဆင်စီးအတတ်ပညာကို လာရောက်သင်ကြားလိုသူသည် ယခု ငါဘုရား ဟောကြားမည့် အခြေခံအချက်များ မပြည့်စုံပါက သင်ကြားပေးနိုင်ပါမည်လား'

ဟု မင်းသားကို မေးပါတယ်။ ထိုသို့ မေးသောအခါ မင်းသားက- 'အဘယ်အချက်များဆိုတာကို တပည့်တော် သိချင်ပါသည်ဘုရား' ဟု လျှောက်ကြားသည့်အခါမှာ မြတ်စွာဘုရားရှင်က-

'မင်းသားရေ သင့်ထံသို့အတတ်ပညာလာသင်သူသည် **'သဒ္ဓါတရား'** ဆိုတဲ့ မိမိကိုယ်ကိုယုံကြည်မှု၊ အတတ်ပညာကိုတကယ်တတ်ရမယ်ဆိုတဲ့ **'ယုံကြည်မှု'** မရှိရင် အသင်မင်းသားသည် အဲဒီလူကို အတတ်ပညာတတ်အောင် သင်ပေးနိုင်ပါ့မလား' လို့ မေးပါတယ်။

မင်းသားက 'လုံးဝ မသင်ပေးနိုင်ပါဘူး ဘုရား' လို့ ပြန်ဖြေပါတယ်။

ဘဝမှာ တကယ်အောင်မြင်ချင်တယ်၊ ခရီးဆုံး ပန်းတိုင်ကို ရောက်အောင်သွားချင်သူတွေအဖို့ သဒ္ဓါတရားဆိုတဲ့ ယုံကြည်ချက်ဟာ အလွန်အရေးကြီးလှပါတယ်။ လောကမှာ လူနှစ်မျိုးပဲရှိပါတယ်။ မိမိကိုယ်ကို ယုံကြည်သောသူနဲ့ မိမိကိုယ်ကို မယုံကြည်သောသူတို့ပဲဖြစ်ပါတယ်။ မိမိကိုယ်ကို ယုံကြည်မှု (self-confidence) ကို တဖြည်းဖြည်း မြှင့်တင်ပြီးနိုင်မာအောင် တည်ဆောက်နေသူတွေကို ထိပ်ဆုံး ပန်းတိုင်အောင်မြင်မှုနေရာတွေမှာ တွေ့နေရပြီးတော့၊ မိမိကိုယ်ကိုလည်း မယုံ၊ ရည်မှန်းချက်ပန်းတိုင် အောင်မြင်မှုတွေကိုလည်း မယုံ၊ ဘာကိုမှမယုံဘဲ ယောင်ဝါးဝါးဖြစ်နေတဲ့သူတွေကိုတော့ ဘာတစ်ခုမှ မအောင်မြင်ဘဲ လောကမှာ ကျရှုံးခြင်းတွေနဲ့ နိဂုံးချုပ်သွားကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့-'မင်းသားရေ အတတ်ပညာလာသင်တဲ့သူက ကျန်းမာရေးနဲ့ မပြည့်စုံဘူး၊ ကျန်းမာရေး မကောင်းဘူးဆိုရင် သင်ပေးနိုင်ပါ့မလား'တဲ့။ မင်းသားက- 'လုံးဝ မသင်ပေးနိုင်ပါဘူး ဘုရား'တဲ့ …။

'အတတ်ပညာသင်သူတစ်ဦးဟာ ကိုယ်စိတ်နှစ်ပါး ကျန်းမာမှုနဲ့ ပြည့်စုံနေဖို့လိုပါတယ်ဘုရား။ တစ်ချို့ကျတော့ ကိုယ်ကာယကျန်းမာရေးတော့ ပြည့်စုံပါတယ်။ ဒါပေမဲ့ စိတ်ဓာတ်ကျန်းမာရေးကျတော့ မပြည့်စုံဘူးဘုရား။ စိတ်ဓာတ်ကျန်းမာရေးနဲ့ မပြည့်စုံတော့ ခိုချင်သလိုလို ကပ်ချင်သလိုလိုနဲ့ သင်ပေးတာကို ရအောင် မလေ့ကျင့်ချင်ပါဘူးဘုရား။ တစ်ချို့ကျတော့ စိတ်ဓာတ်ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည် ဖြစ်ပါတယ်။ ဒါပေမဲ့ အမြဲတမ်း အိပ်ရာထဲပဲလဲနေမယ်၊ အာဟာရဓာတ်က မပြည့်ဘဲ အားအင်ချိနဲ့နေမယ်။ ကျန်းမာရေး ဗဟုသုတက မရှိ၊ မိမိကိုယ်ကို မစောင့်ရှောက်၊ ဖြစ်သလိုနေမယ်

ဆိုရင်လည်း အတတ်ပညာတတ်အောင် သင်ပေးနိုင်ပါဘူးဘုရား' တဲ့ …။

ယနေ့ မြန်မာနိုင်ငံမှာ ကျန်းမာရေး ဗဟုသုတတွေ တော်တော်အားနည်းလာတာကို တွေ့ရပါတယ်။ ဆေးလိပ်၊ ကွမ်း၊ အရက်၊ မူးယစ်ဆေးဝါး သုံးစွဲမှုတွေ အတော်လေး များပြားလာပြီး နေ့စဉ်နှင့်အမျှ လူတွေအရွယ်တိုင်မီ သေဆုံးနေကြပါတယ်။ စားစရာတွေမှာလည်း ဓာတုဆိုးဆေးတွေ အလွန်သုံးစွဲလာတဲ့အတွက် မြန်မာနိုင်ငံဟာ ကမ္ဘာမှာကင်ဆာရောဂါအဖြစ်များဆုံးမှာ ဒုတိယနေရာရောက်နေပါတယ်။

ကျန်းမာရေးအတွက် အလွန် အရေးကြီးလို့ ကမ္ဘာမှာ အိမ်သာတွေကို သန့်ရှင်းအောင် ပညာပေးကာ စီမံကိန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အချိန်မှာ ယနေ့ထိ မြန်မာနိုင်ငံမှာ ဘာအစီအစဉ်မှ မရှိသေးတာကို တွေ့ရပါတယ်။ ကားဂိတ်၊ ဘူတာ၊ ဈေး အစရှိတဲ့ အများသုံးနေရာတွေက စလို့ တစ်နိုင်ငံလုံးမှာ သုံးစွဲကြတဲ့ အိမ်သာတွေဟာ များသောအားဖြင့် ညစ်ပတ်စုတ်ပြတ်နေတုန်း ရှိပါသေးတယ်။

ယနေ့ အိမ်နီးချင်းဖြစ်တဲ့ ထိုင်းနိုင်ငံမှာ အိမ်သာတွေကို သန့်ရှင်းသပ်ရပ်စွာ ဆောက်နိုင်သူတွေကို ပြိုင်ပွဲတွေလုပ်၊ ဆုတွေပေးကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လိုက်သည့်အတွက် တစ်နိုင်ငံလုံးရှိ အိမ်သာအားလုံးနီးပါးဟာ သန့်ရှင်းသပ်ရပ်နေပါပြီ။ မြန်မာနိုင်ငံမှာကတော့ မိမိကျန်းမာရေးကို အလွန်ထိခိုက်ပြီး ဆိုးကျိုးဖြစ်စေတဲ့

မိမိတို့ကြိုးစား
အားထုတ်တဲ့ လမ်းက
တကယ်အောင်မြင်နိုင်တဲ့လမ်းလား၊
တကယ် အောင်မြင်နိုင်တဲ့နေရာလား
ဆိုတာကိုလည်း
ရွေးချယ်နိုင်ရပါမယ်။

အမှိုက်တွေကလည်း တစ်နိုင်ငံလုံး ပစ်ချင်တဲ့နေရာ ပစ်နေကြပါတယ်။ စည်ပင်ကလည်း ထိရောက်စွာ တာဝန်ယူမှု မရှိ။ ပြည်သူကလည်း အမှိုက်တွေ၊ ကွမ်းတံတွေးတွေ ထွေးချင်သလို ထွေးနေတဲ့အတွက် တစ်နိုင်ငံလုံးဟာ ညစ်ပတ်ပြီး စည်းမရှိ၊ ကမ်းမရှိ ဖြစ်ချင်သလို ဖြစ်နေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားအများစုဟာ ကျန်းမာရေး ဗဟုသုတတွေ နိမ့်ပါးလာတဲ့အတွက် အရေးကြီးလှသည့် ဗုဒ္ဓဟောကြားသော ကျန်းမာရေးတရားကိုလည်း မေ့နေကြကာ ကိုယ်စိတ်နှစ်ပါး မကျန်းမာသည့်အတွက် အောင်မြင်မှုတွေနဲ့လည်း လွဲချော်နေကြရပါတယ်။

နောက်တစ်ချက်ကတော့-'မင်းသားရေ အတတ်ပညာ လာသင်တဲ့သူက 'ဥစ္စ'ဆိုတဲ့ ရိုးသားဖြောင့်မတ်ခြင်းဂုဏ်နဲ့ မပြည့်စုံဘူးဆိုရင် သင်ပေးနိုင်ပါ့မလား' တဲ့…။

မင်းသားက-'လုံးဝကို သင်မပေးနိုင်ပါဘူး ဘုရား' တဲ့ …။

'ဒီအချက်ဟာလည်း သိပ်ကိုအရေးကြီးပါတယ်ဘုရား၊ စိတ်ထဲမှာမှ ရိုးသားဖြောင့်မတ်မှု မရှိတဲ့သူဟာ အတတ်ပညာတွေကို တတ်အောင်၊ ကျွမ်းကျင်အောင် မသင်ပါဘူးဘုရား။ အပေါ်ယံကြောလောက်လေးကိုဖြစ်သလိုသင်ပြီးရင် လူတွေကို တကယ်မတတ်ဘဲ လိုက်လိမ်စားမှာ ဖြစ်သည့်အတွက် တပည့်တော် ဆရာဖြစ်သူပါ နာမည်ပျက်နိုင်ပါတယ်ဘုရား၊ ဒါကြောင့် မရိုးမဖြောင့်တဲ့ ကလိမ်ကကျစ်သမားကိုတော့ ဘယ်လိုနည်းနှင့်မှ သင်မပေးနိုင်ပါဘုရား' လို့ လျှောက်ပါတယ်။

ဟုတ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ လူငယ်အတော်များများဟာ အတတ်ပညာကို ဆုံးခန်းတိုင်သည်အထိ ကျွမ်းကျင်တဲ့အဆင့်ထိရောက်အောင် မသင်ချင်တော့ပါဘူး။ မိဘတွေရှေ့ ဆရာတွေ ရှေ့မှာတော့ သင်ချင်ယောင်၊ တတ်ချင်ယောင်ဆောင်ပြီး တကယ်တတ်ချင်တဲ့ စိတ်၊ ရိုးသားကြိုးစားတဲ့ စိတ်ကျတော့ မရှိတော့ပါဘူး။

ရိုးသားဖြောင့်မတ်တဲ့စိတ်ရှိသူဟာသူ တကယ်တတ်ချင်တဲ့အရာကို သေချာစွာဆုံးဖြတ်ချက်ချပြီး တစိုက်မက်မက် လုပ်ပါတယ်။ တကယ်ပေါက်ရောက်အောင် လုပ်ပါတယ်။ အဲဒီလိုရိုးသားဖြောင့်မတ်တဲ့ အခြေခံစိတ်ရှိသူတွေသာ အောင်မြင်မှုပန်းတိုင်တွေကို တစ်ခုပြီးတစ်ခု ဆွတ်ခူးနိုင်ခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မြတ်စွာဘုရားက- 'မင်းသားရေ အတတ်ပညာလာသင်တဲ့သူက လုံ့လဝီရိယမရှိဘူးဆိုရင် သင်ပေးနိုင်ပါ့မလား' တဲ့။ မင်းသားက- 'လုံးဝကို သင်မပေးနိုင်ပါဘူးဘုရား' တဲ့။

'မြတ်စွာဘုရား လောကမှာ လုံ့လဝီရိယမရှိတဲ့ လူပျင်းတွေဟာ အတတ်ပညာနှင့် လားလားမှ မထိုက်တန်ပါဘူးဘုရား၊ လုံ့လဝီရိယရဲ့ အဓိပ္ပါယ်က အတတ်ပညာတွေ ဖြစ်ဖြစ် ဘဝအောင်မြင်မှုပန်းတိုင် တစ်ခုခုအတွက်ဖြစ်ဖြစ် ကိုယ်ဖြစ်ချင်တဲ့ ကိုယ်တတ်ချင်တဲ့ကိုယ်ရောက်ချင်တဲ့ခရီးပန်းတိုင်တစ်ခုကို ဘာတွေပဲ ဟန့်တားတား၊ ဘယ်လောက်ပင်ခက်ခဲပါစေ၊ အဲဒီပန်းတိုင်အတွက်ဆိုရင် အသက်ကိုပင် စွန့်ရပါစေ၊ နောက်မဆုတ်ဘဲ သတ္တိရှိရှိ ရင်ဆိုင်ကျော်လွှားကာ ရောက်အောင်ကြိုးစားအားထုတ်ခြင်းဖြစ်လို့ အဲဒီအရေးကြီးလှတဲ့ ဝီရိယကို နှုတ်လိုက်မယ်ဆိုရင်တော့ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါဘူးဘုရား' တဲ့။

ယနေ့မြန်မာနိုင်ငံမှာ လူငယ်တွေတော်တော်များများ ဝီရိယနှင့် ပတ်သက်ပြီးအဓိပ္ပါယ်ကောက် လွဲလာတာကို တွေ့နေရပါတယ်။ ငါတို့လည်း တစ်နေကုန် ကြိုးစားလုပ်နေတာပဲ...၊ ငါတို့မှာ လုံ့လဝီရိယရှိပါလျက် ဘာလို့ မအောင်မြင်တာလဲ ကံမရှိလို့မအောင်မြင်တာ မဟုတ်ဘူးလား စသဖြင့်ပြောဆိုလာကြပါတယ်။

လုံးဝမဟုတ်ပါဘူး။ မိမိတို့ကြိုးစားအားထုတ်တဲ့ လမ်းက တကယ်အောင်မြင်နိုင်တဲ့ လမ်းလား၊ တကယ်အောင်မြင်နိုင်တဲ့နေရာလားဆိုတာကိုလည်း ရွေးချယ်နိုင်ရပါမယ်။ နွားချိုကို နွားနို့ လိုချင်လို့ ညှစ်နေမယ်ဆိုရင်တော့ လူဖျင်းလုံ့လ သုံးမရ ဖြစ်နေပါလိမ့်မယ်။ ဝီရိယဆိုတာ မိမိဘဝ အောင်မြင်မှု



အတွက် တကယ်ဖြစ်နိုင်တဲ့ လမ်း၊ တကယ်ဖြစ်နိုင်တဲ့ နေရာမှာ လုံ့လအပြည့်နဲ့ မရောက်ရောက်အောင် ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်ရခြင်း ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်က နောက်ဆုံးတစ်ချက်အနေနဲ့- 'မင်းသားရေ…၊ အတတ်ပညာလာသင်တဲ့သူက အရာရာကို အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုးလောက်မှ ခွဲခြားပြီး သိတတ်တဲ့ ဉာဏ်ပညာမရှိသူကို တတ်အောင် သင်ပေးနိုင်ပါ့မလား' တဲ့။ မင်းသားက-

'ဘယ်လိုနည်းနှင့်မျှ သင်မပေးနိုင်ပါဘူး ဘုရား' တဲ့။

မင်းသားက လျှောက်ကြားရာမှာ- 'မြတ်စွာဘုရား ဒီအချက်ဟာလည်း အလွန်အရေးကြီးလှပါတယ် ဘုရား' တဲ့။

ဟုတ်ပါတယ်။ ယနေ့ကမ္ဘာမှာ သင်ကြားပေးတဲ့ ပညာရေးက အခြေခံဖြစ်တဲ့ အကြောင်း အကျိုး၊ အကောင်းအဆိုးတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်တတ်၊ စဉ်းစားတတ်လာအောင် လေ့ကျင့်သင်ကြားပေးလာတဲ့ ပညာရေးဖြစ်ပါတယ်။ ယနေ့ထက်ထိမြန်မာနိုင်ငံမှာ ဒါရေး ဒါမှတ်၊ ဒါတွေ ကျက်၊ ဒါတွေရေးလို့ ဒါတွေ ဖြေဆိုပြီး အောင်ခဲ့သောကာ ကြက်တူရွေး စာသင်နည်းစနစ်ကနေ လွတ်နိုင်သေးတာလည်း ဝမ်းနည်းစရာကောင်းလှပါတယ်။ ဒါကြောင့်အခြေခံကို ကိုယ်ပိုင်စဉ်းစားတတ်အောင် ဆုံးဖြတ်နိုင်စွမ်းရှိအောင် မသင်ခဲ့ရလေတော့ ကိုယ်တတ်ချင်တဲ့ ပညာရပ် တစ်ခုခု၊ ဘဝ အောင်မြင်မှုပန်းတိုင်တစ်ခုခုကို ဆုံးဖြတ်ချက်ချကာ ကိုယ်ပိုင်ဉာဏ်နှင့်ယှဉ်ပြီး မရွေးချယ်နိုင်ကြတော့ပါဘူး။ သူများက ဒါကောင်းတယ်ဆို လိုက်ကောင်း၊ သူများဖြူဆိုဖြူ၊ မဲဆိုမဲတွေ များလာပါတယ်။ ဒါဟာ အနာဂတ် မြန်မာနိုင်ငံအတွက် အလွန်အန္တရာယ် ကြီးလှပါတယ်။

မြတ်စွာဘုရားရှင်က အဲဒီ အတတ်ပညာကို တကယ်တစ်ဖက်ကမ်းခပ် ပါရဂူမြောက်တတ်မြောက်ဖို့အတွက် အထက်ပါအချက်တွေဟာ မရှိမဖြစ် အလွန်အရေးကြီးကြောင်း၊ ဒီတရားငါးပါး ကင်းပြီး နိဗ္ဗာန်ကိုလုံးဝမရောက်နိုင်ကြောင်းနဲ့ ဒီအခြေခံ ငါးချက်ပြည့်စုံအောင် 'သဘာဝ မနသိဒ္ဓော ပါတော၊ ဝိသေသံ အဓိဂမိဿတိ။ ပါတမနသိဒ္ဓော၊ သဘာယံ ဝိသေသံ' လို့ အာမခံချက် အပြည့်အဝ ပေးထားသည့်အတွက်ယခုဖော်ပြခဲ့သော ပဓါနိယင်္ဂတရား ငါးပါးသည် လောကီ၊ လောကုတ္တရာ ဘဝအောင်မြင်မှုပန်းတိုင်ကို တကယ်ရောက်လိုသူတွေအတွက် အခြေခံအုတ်မြစ် မရှိမဖြစ် တကယ်ရှိအောင် ဖြည့်ကျင့်ရမည့်တရား ဖြစ်ပါကြောင်းကို အသိပေးရေးသားလိုက်ပါတယ်။

အမှတ်(၁၀)၊ ဒီဇင်ဘာ၊ ၂၀၁၃။

(ခေတ်လူများ၏ မှတ်စုဂျာနယ်)



# ရွေးချယ်မှု၏တန်ဖိုး

ဗုဒ္ဓသည် လူသားတစ်ယောက် ဖြစ်ခဲ့ပါလျက် အဘယ့်ကြောင့် လူ့ပညာရှိ၊ နတ်ပညာရှိ၊ ဗြဟ္မာပညာရှိနှင့် ကမ္ဘာလောက ရှိရှိသမျှ သတ္တဝါအားလုံးတို့၏ ရှိခိုးပူဇော်ရာ အလေးအမြတ်ပြုရာ ချီးကျူးပူဇော်ရာ ဆရာတစ်ဆူအဖြစ် ယနေ့ထိအောင် တည်ရှိနေရပါသလဲ။

အဖြေက ရှင်းပါတယ်။ ရွေးချယ်မှုမှန်ကန်လို့ ဖြစ်ပါတယ်။ လောကမှာ ရွေးချယ်မှုဟာ အရေးကြီးဆုံးသော အရာတစ်ခုဖြစ်ပါတယ်။ ရွေးချယ်မှုမှားရင် မှားသလို ဘဝတန်ဖိုးတွေကျဆင်း ဆုံးရှုံးနိုင်သလို ရွေးချယ်မှုမှန်ကန်ရင်လည်း မှန်ကန်သလောက် ဘဝတန်ဖိုးတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် မြင့်သည်ထက် မြင့်တက်သွားနိုင်ပါတယ်။



ဘွဲ့လက်မှတ်ကလေးနဲ့အတူ
မိတ်ပုံတွဲရိုက်၊ပြီးရင်
အိမ်မှာချိတ်ထား၊နောက်တော့မှ
ဆိုက်ကားပဲ နင်းရ နင်းရ၊
သူများနိုင်ငံမှာ သွားပြီး
ပန်းကန်ပဲ ဆေးရ ဆေးရ၊
ကျွန်ပဲ ခံရ ခံရ လုပ်နေကြတာဟာ
အင်မတန် ဝမ်းနည်းစရာ
ကောင်းလှပါတယ်။

မြတ်စွာဘုရားရှင်ဟာ သုမေဓာရှင်ရသေ့ဘဝ ဒီပင်္ကရာ ဘုရားခြေတော်ရင်းမှာ နိဗ္ဗာန်ပန်းတိုင်ကို ယူမလား၊ သို့မဟုတ် အလုံးစုံကိုသိတဲ့ သဗ္ဗညုတဉာဏ်ကြီးကိုယူကာ သတ္တဝါတွေကို ကယ်တင်မလားဆိုတဲ့ ရွေးချယ်မှုကို လုပ်ခဲ့ရပါတယ်။ နိဗ္ဗာန်ပန်းတိုင်ကို ယူလိုက်မယ်၊ ရွေးချယ်လိုက်မယ်ဆိုရင် မိမိဘဝတစ်ခုအတွက်တော့ သံသရာဆင်းရဲက ငြိမ်းပါပြီ။ မိမိဘဝကို မိမိကယ်တင်လိုက်နိုင်ပါပြီ။ သို့ပေမယ့် ဘယ်သူ့ကိုမှ ကောင်းစွာ ကယ်တင်နိုင်၊ကူညီနိုင်တော့မှာ မဟုတ်ပါဘူး။ ဘယ်သူ့ကိုမှ မကယ်နိုင်ဘူး၊ ကူညီမပေးနိုင်ဘူးဆိုရင်လည်း ဘယ်သူကမှ မိမိကို ဆရာတစ်ဆူအဖြစ် အသိအမှတ်ပြုကြမှာ မဟုတ်ပါဘူး။ ဒီလိုနဲ့သာမန်မျှလောက်နဲ့ပဲ နိဂုံးချုပ်ခဲ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်ဟာ သုမေဓာရှင်ရသေ့ဘဝမှာပင် 'ငါဟာ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာအားအစွမ်းတွေနဲ့ ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ပါလျက် ဘာဖြစ်လို့ အလွယ်လမ်းကို ရွေးမလဲ၊ ခက်ခဲချင်သလောက် ခက်ခဲပါစေ။ ဆင်းရဲဒုက္ခတွေရောက်ချင်သလောက် ရောက်စမ်းပါစေ။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ အားလုံးအတွက် ငါ အပင်ပန်း ဆင်းရဲခံမယ်။ အဲဒီအတွက် ငါ ပါရမီတွေဆက်ဖြည့်မယ်' ဆိုပြီး သဗ္ဗညုတဉာဏ်တော်ကိုရဖို့ ဆုပန်ပြီး အဓိဋ္ဌာန်ခဲ့ပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့လမ်းကိုသာ ရွေးချယ်ခဲ့ပါတယ်။

မိမိတို့တွေဟာလည်း ကိုယ့်ရဲ့ဆရာ ဗုဒ္ဓက ဘယ်လိုရွေးချယ်ပြီး လျှောက်လှမ်းခဲ့

ဗုဒ္ဓဟာဖြစ်လေရာဘဝတိုင်းမှာ
မိမိတစ်ကိုယ်တည်း
ကောင်းစားရေးဆိုတဲ့အသာစံတဲ့
လမ်းစဉ်ဘက်ဘယ်တော့မှမရပ်
တည်ခဲ့ပါဘူး။
မိမိရဲ့အသက်၊သွေး၊
ချွေး၊ခန္ဓာကိုယ်ကိုစတေးကာ
အများကောင်းစားရေးဆိုတဲ့
အနာခံတဲ့လမ်းစဉ်မှာပဲ
ဘဝမီးရှူးတိုင်ကြီးအဖြစ်
လျှောက်လှမ်းပြခဲ့ခြင်းသာဖြစ်ပါတယ်။

တာလဲ။ မိမိတို့ကို ဘယ်လိုဘဝမျိုးကို လျှောက်လှမ်းစေချင်တာလဲဆိုတာ သေချာစွာလေ့လာပြီးလျှောက်လှမ်းကြဖို့ လိုပါတယ်။ မှန်ကန်စွာ ရွေးချယ်တတ်ဖို့ မိမိတို့ဆီမှာ ဉာဏ်ပညာအားတွေ ရှိဖို့လိုပါတယ်။ ဉာဏ်ပညာအားတွေကိုရဖို့ နေ့စဉ်နှင့်အမျှ စာပေတွေ ဖတ်မှတ်လေ့လာနေဖို့ လိုပါတယ်။ ဖတ်ထားတဲ့စာပေတွေကို ကောင်းစွာနားလည်ဖို့ အမြဲတမ်းဆင်ခြင်ဆွေးနွေးပေးနေဖို့ လိုပါတယ်။ အဲဒီလို ဆွေးနွေးနိုင်ဖို့အတွက် မိမိကို တစ်ဆင့်မြင့်ရာကို ညွှန်ပြကူညီပေးနိုင်တဲ့ ကလျာဏမိတ်ကောင်း၊ ဆွေကောင်းတွေ ရှိနေဖို့ လိုပါတယ်။ မိမိပေါင်းသင်းနေတဲ့ အသိုင်းအဝိုင်းဝန်းကျင်ဟာ မိမိရဲ့ဘဝကို နိမ့်ကျတဲ့ဘက်ကိုအမြဲတိုက်တွန်းနေမယ်ဆိုရင် ကြာလာတဲ့အခါမိမိအနေနဲ့ သူတို့ရဲ့ အတွေးအခေါ် အပြုအမူတွေကို အဟုတ်ကြီး ထင်မှတ်ကာ လမ်းမှားကို ရွေးချယ်လိုက်မိတာမျိုး ဖြစ်တတ်ပါတယ်။ အဲဒီလို ရွေးချယ်မှုမှားလို့ မိမိဟာတန်ဖိုးမဖြတ်နိုင်သောဘဝကို ပိုင်ဆိုင်နိုင်ပါလျက် တန်ဖိုးတွေ နိမ့်ကျကာ ဘဝတွေပျက်စီးပြီး သေကျေသွားကြတဲ့သူတွေ မနည်းလှပါဘူး။

မိမိတို့တတွေဟာ တန်ဖိုးရှိလှတဲ့လူ့ဘဝကို ရထားကြတာဖြစ်ပါတယ်။တန်ဖိုးရှိလှတဲ့ လူ့ဘဝကို ရဖို့ဆိုတာ မလွယ်ကူပါဘူး။ တန်ဖိုးရှိလှတဲ့ဘဝကို ရထားပါလျက်တိရစ္ဆာန် တစ်ကောင်လောက်တောင် တန်ဖိုးမရှိဘဲ နိဂုံးချုပ်သွားရတဲ့သူတွေ မနည်းပါဘူး။ ဒါဟာရွေးချယ်မှုမှားလို့ ဖြစ်ပါတယ်။ မိမိတို့မြန်မာနိုင်ငံရဲ့သမိုင်းကို ပြန်ပြောင်း အောက်မေ့ကြည့်ရင်လည်း သိနိုင်ပါတယ်။

မိမိတို့ လှမ်းကြည့်လို့ရတဲ့ လွတ်လပ်ရေးမရမီ ဗိုလ်ချုပ်အောင်ဆန်းတို့ ဖြတ်သန်းခဲ့တဲ့ကာလကို ကြည့်မည်ဆိုလျှင်လည်း ကောင်းစွာ တွေ့နိုင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ သူလိုငါလို သာမန်ကျောင်းသားဘဝနဲ့ ဖြတ်သန်းလျှောက်လှမ်းမည် ဆိုလျှင်လည်း လျှောက်လှမ်းလို့ ရပါတယ်။ ဒါပေမဲ့ မလျှောက်ခဲ့ပါဘူး။ ကျောင်းသားဘဝမှာကတည်းက စာအုပ်ပေါင်းမြောက်များစွာ ဖတ်ကာ စာတွေရေးပါတယ်။ 'အိုးဝေမဂ္ဂဇင်း'

ကို သူ့အနေနဲ့ အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေနေစဉ် 'ငရဲခွေးကြီး လွတ်နေပြီ' ဆောင်းပါးကို ထည့်သွင်းဖော်ပြရာမှာ စာရေးသူ ဘယ်သူလဲဆိုတာကို ဖော်ပြမပေးခဲ့လို့ အောင်ဆန်းကို ကျောင်းက ထုတ်တာ အားလုံးအသိပါပဲ။ ယနေ့ ကျောင်းသားအများစုက တက္ကသိုလ်ကနေ ဘွဲ့လက်မှတ်ကလေးရ၊ အဲဒီဘွဲ့လက်မှတ်ကလေးနဲ့အတူ ဓါတ်ပုံတွဲရိုက်၊ ပြီးရင် အိမ်မှာ ချိတ်ထား၊ နောက်တော့မှ ဆိုက်ကားပဲ နင်းရ နင်းရ၊ သူများနိုင်ငံမှာ သွားပြီး ပန်းကန်ပဲ ဆေးရ ဆေးရ၊ ကျွန်ပဲ ခံရ ခံရ လုပ်နေကြတာဟာ အင်မတန် ဝမ်းနည်းစရာ ကောင်းလှပါတယ်။ ဗိုလ်ချုပ်နှင့်တကွ ကျောင်းသားလူငယ်၊ မိတ်ဆွေ သူငယ်ချင်းများဟာ ကျောင်းသားဘဝမှာ ကတည်းက တော်လှန်ရေးတိုက်ပွဲတွေ အဆင့်ဆင့်နွှဲခဲ့ကြလို့ နောက်ဆုံး 'လွတ်လပ်ရေး ပန်းတိုင်ကြီး'ကိုရခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါဟာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အဲဒီခေတ်အခါက ကျောင်းသားလူငယ်တွေရဲ့ ရွေးချယ်မှု မှန်ကန်ခြင်းရဲ့ ရလဒ်တွေ၊ အသီးအပွင့်တွေပဲ ဖြစ်ပါတယ်။

ရွေးချယ်မှုဆိုတာ အမြဲတမ်းလုပ်နေရတဲ့ အရာဖြစ်ပါတယ်။ ရွေးချယ်မှု မှန်တဲ့နေ့ဟာ သမိုင်းတန်ဖိုးလှသလို ရွေးချယ်မှု မှားတဲ့နေ့ဟာလည်း သမိုင်းတန်ဖိုးကျတဲ့နေ့ပါပဲ။ အားလုံးပဲသိကြတဲ့ ဦးနေဝင်းကြီးကို ကြည့်ပါ။ သူဟာ တိုင်းပြည်ရဲ့ လွတ်လပ်ရေးကို ယူပေးခဲ့တဲ့ ရဲဘော်သုံးကျိပ်ဝင် ဖြစ်ပါတယ်။ တိုင်းပြည်အတွက် ကောင်းအောင်ဆက်လက်ကြိုးစားသွားမယ်၊ တိုင်းပြည်အတွက် အနစ်နာခံတည်ဆောက်သွားမယ်ဆိုရင် တိုင်းပြည်ရဲ့ တကယ့်ကို လေးစားတန်ဖိုးထားရတဲ့ အာဇာနည်တစ်ယောက်အဖြစ် နိဂုံးချုပ်နိုင်ပါလျက် စစ်တပ်ကြီးကို ခုတုံးလုပ် အာဏာသိမ်းရင်း တပည့်အာဏာရှင်ကြီးတွေ မွေးထုတ်ခဲ့လို့ တိုင်းပြည်ရဲ့ အဓိက ရန်သူကြီး၊ သမိုင်းတရားခံကြီးဖြစ်ကာ၊ ကွယ်လွန်တဲ့အခါမှာလည်း ဘဝဇာတ်သိမ်း မလှခဲ့ရတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒါဟာ ရွေးချယ်မှုမှားလို့ ဖြစ်ပါတယ်။ ရွေးချယ်မှု မှန်ဖို့ဆိုတာ တန်ဖိုးရှိတဲ့ စာပေတွေကို အမြဲဖတ်မှတ်နေရပါမယ်။ ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းတွေနဲ့ ပေါင်းသင်းကာ မိမိအတွက်၊ တိုင်းပြည်အတွက်၊ တန်ဖိုးရှိတဲ့ လုပ်ငန်းတွေကို အမြဲမပြတ် ကြိုးစားလုပ်ဆောင်နေရမှာ ဖြစ်ပါတယ်။ ရွေးချယ်မှု မှန်ကန်ဖို့အတွက် ဗုဒ္ဓ ဟောကြားခဲ့သော မင်္ဂလာ (တရား) များဟာ မီးရှူးတိုင်များ ဖြစ်ပါတယ်။

ဗုဒ္ဓဟာ သူကိုယ်တိုင် ဘဝကို ဘယ်လို ရွေးချယ်လျှောက်လှမ်းခဲ့တယ်ဆိုတာကို ဖြန့်လည် ဟောဖော်ညွှန်ပြထားတဲ့ ဘဝဖြစ်စဉ် ဇာတ်နိပါတ်တရားတွေကို ကြည့်ရင် သိနိုင်ပါတယ်။ ဗုဒ္ဓဟာ ဖြစ်လေရာ ဘဝတိုင်းမှာမိမိ တစ်ကိုယ်တည်း ကောင်းစားရေးဆိုတဲ့ အသာစီးတဲ့ လမ်းစဉ်ဘက် ဘယ်တော့မှမရပ်တည်ခဲ့ပါဘူး။ မိမိရဲ့အသက်၊ သွေး၊ ချွေး၊ ခန္ဓာကိုယ်ကို စတေးကာ အများ ကောင်းစားရေးဆိုတဲ့ အနာခံတဲ့လမ်းစဉ်မှာပဲ ဘဝမီးရှူးတိုင်




ကြီးအဖြစ် လျှောက်လှမ်းပြခဲ့ခြင်းသာ ဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံသား အများစုဟာ ဗုဒ္ဓလျှောက်လှမ်းပြခဲ့တဲ့လမ်းစဉ်ကို ဘဝတန်ဖိုးမီးရှူးတိုင်ကြီးအားဖြင့် မယူဘဲ ဒေဝဒတ်လျှောက်လှမ်းပြခဲ့တဲ့ မိမိအတ္တ၊ မာန်မာနကို ရှေ့တန်းတင်ကာ 'ငါနဲ့ ငါ့မိသားစု ကောင်းရင်ပြီးရော၊ ဘယ်သူသေသေ ငတေမာဖို့ပဲ အရေးကြီးတယ်' ဆိုတဲ့ အတ္တဗဟိုပြုအသာစီးလမ်းစဉ်ကို ရွေးချယ်နေကြလေတော့ လူ့တန်ဖိုးတွေလည်း ဆုံးရှုံးနေကြပါတယ်။ လူ့တန်ဖိုး ဆုံးရှုံးနေတဲ့သူတွေ များလာရင် အဲဒီတိုင်းပြည်၊ အဲဒီနိုင်ငံဟာ ဘယ်တော့မှ ကောင်းစားပါဘူး။ အမြဲတမ်း အောက်ကျနောက်ကျဖြစ်နေရမှာ ဖြစ်ပါတယ်။

လူ့တန်ဖိုးတွေ မဆုံးရှုံးရလေအောင် တန်ဖိုးတွေ မြင့်တင်နိုင်အောင် ရွေးချယ်မှုမှန်ကန်အောင် ဗုဒ္ဓရဲ့တရား၊ ဗုဒ္ဓရဲ့ လမ်းစဉ်ကို ဘယ်တော့မှ မမေ့ပါနဲ့။ ကိုယ့်ဗုဒ္ဓရခဲ့တဲ့ သဗ္ဗညုတဉာဏ်တော်ဆိုတာ အလုံးစုံကို သိခြင်းဖြစ်ပါတယ်။ အလုံးစုံကို သိနိုင်ခြင်းဟာ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ အားလုံးအတွက် အမြဲမပြတ် အပင်ပန်းခံ၊ အဆင်းရဲခံကာ ကြီးမားသော မေတ္တာ၊ စေတနာ၊ ကရုဏာ၊ ကြီးမားသော ဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ မနေမနား ကြိုးစားကာ အမြဲမပြတ် ဆမ်းဆောင်ပေးခဲ့၊ ကူညီပေးခဲ့၊ လမ်းပြပေးခဲ့တာကြောင့် ဖြစ်ပါတယ်။ သဗ္ဗညုတဉာဏ်တော်ဆိုတာ အမြင်ကျဉ်းတာကို ဆိုလိုခြင်းမဟုတ်၊ အမြင်ကျယ်တာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ဆရာဗုဒ္ဓရဲ့လမ်းစဉ်အတိုင်း ဘာပဲလုပ်လုပ် အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားတွေးခေါ်ကာ အကြောင်းအကျိုး အကောင်းအဆိုးကို စပ်ယှဉ်ကာ တန်ဖိုးရှိရှိ ပြောဆိုကြပါ၊ ရေးသားကြပါ၊ ပြုလုပ်ကြပါ။ တန်ဖိုးရှိတဲ့ဘဝပိုင်ရှင်တွေဖြစ်အောင် ရွေးချယ်လျှောက်လှမ်းကြပါ။

မိမိတို့ ကိုးကွယ်ဆည်းကပ်ရာဆရာ ဗုဒ္ဓသည် လောကတွင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ အားလုံးထက် အစစအရာရာ အမြင်ကျယ်ကာ သဗ္ဗညုတဉာဏ်တော်နှင့် ကြည့်လျက် လျှောက်လှမ်းပြနိုင်ခဲ့ခြင်းကြောင့်သာ လူ၊ နတ်၊ ဗြဟ္မာ၊ ရှိရှိသမျှ သတ္တဝါအားလုံးက ဗုဒ္ဓသည် ငါတို့ထက် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာ အစစအရာရာ သာပါပေတယ်လို့ အသိအမှတ်ပြုလျက် သတ္တာဒေဝ မနုဿာနံ ဂုဏ်တော်ကြီးကို ချီးကျူး၊ ပူဇော်၊ ရှိခိုးဦးချ အရိုအသေပြုနေကြပါကြောင်းကို အသိပေးရေးသားအပ်ပါတယ်။

အမှတ်(၁၃)၊ ဖေဖော်ဝါရီ ၊ ၂၀၁၄။
(ခေတ်လူများ၏ မှတ်စုဂျာနယ်)



# ငြိမ်း

ယခုနေ့မြန်မာနိုင်ငံမှာ ငြိမ်းနှင့်ပတ်သက်ပြီး အယူအဆအမျိုးမျိုးကွဲပြားနေကြတာကို တွေ့ရပါတယ်။ မိမိတို့လည်း ငြိမ်းနှင့်ပတ်သက်ပြီး ဘယ်လိုမြင်ထားလဲ၊ ဘယ်လိုသဘောထားလဲဆိုတာကို သေချာပြန်လည် စစ်ဆေးဖို့လိုပါတယ်။ တချို့က အလွယ်ပြော၊ အလွယ်လုပ်လာကြပါတယ်။ ဘုရားပြီးငြိမ်းဖျက်ရတယ်ဆိုပြီး မိမိလုပ်ငန်း အောင်မြင်သွားတာနဲ့ တပြိုက်နက် မိမိရဲ့ ကျေးဇူးရှင်တွေကို စော်ကားမော်ကားပြုကာ ကျေးဇူးကန်းလာတာတွေကို တွေ့နေရပါတယ်။

**လောကမှာလဲ**
**လူတစ်ယောက်**
**ကြီးပွားအောင်မြင်ဖို့ဆိုတာ**
**ငြိမ်းနဲ့တူတဲ့**
**အထောက်အပံ့တွေ**
**အကူအညီတွေ**
**အများကြီးလိုပါတယ်။**

ဒါတွေဟာ မြန်မာ့သမိုင်းမှာကတည်းက ရှိခဲ့ပါတယ်။ ရာဇသင်္ကြန် အမတ်ကြီးကြောင့် မင်းဖြစ်လာတဲ့ နရပတေ့မင်းက အမတ်ကြီးရဲ့ သူ့အပေါ်ပြောလိုက်တဲ့ စကားလေးတစ်လုံးကို မကြိုက်တာနဲ့ အမတ်ကြီးကို မေးပါတယ်။ 'အမတ်ကြီး ဘုရားပြီးရင် ဘာလုပ်ရသလဲ' လို့မေးတော့ အမတ်ကြီးက 'ဘုရားပြီးရင် ငြမ်းဖျက်ရပါတယ်' လို့ပြောလိုက်ပါတယ်။ ဒါနဲ့အမတ်ကြီးကို ရာထူးကချပြီး ဒလကို ပြည်နှင်ဒဏ်ပို့လိုက်ပါတယ်။ ဒါကို သဘောကျ သွားကြတဲ့အုပ်စုက အမှန်ထင်ပြီး ကျေးဇူးရှင်တွေကို စော်ကားဖို့သူတို့အတွက် စကားတစ်လုံး ရလိုက်ပါတယ်။ ဘုရားပြီးရင် ငြမ်းဖျက်ရတယ်ပေါ့။

ဥပမာဥပမေယျတွေဆိုတာ သုံးစွဲသူတွေအပေါ်မှာ အများကြီး မူတည်ပါတယ်။ ယနေ့တော့ ဥပမာဥပမေယျတွေကိုထင်သလို လိုသလို ကြိုက်သလို သုံးစွဲနေကြပါတယ်။ ဥပမာနှင့်ဥပမေယျ မကိုက်ရင် ဘယ်လိုမှ အဆင်မပြေပါဘူး။ မိမိကိုယ်ကို မိမိပြန်လည် မေးမြန်းစိစစ်ပါ။ မိမိက ဘာဖြစ်ချင်တာလဲ ငြမ်းဖြစ်ချင်တာလား။ ဒါမှမဟုတ် ငြမ်းကို အသုံးပြုပြီး တစ်ဆင့်မြင့်တက်ချင်တာလား ဆိုတာ သေချာခွဲခြားဖို့ လိုပါတယ်။

ငြမ်းအဖြစ်နဲ့ လောကကြီးကို ကူညီ ချင်တဲ့သူကလည်း လောကလူသားတွေကောင်း စားရေးကိုသာလျှင်ကြည့်ပြီး ကူညီပေးနိုင်ရ မယ်။ မိမိကိုယ်ကို ငြမ်းအဖြစ်နဲ့ ပြုပေးလိုက် ရလို့ ကြီးပွားအောင်မြင်သွားတဲ့သူတွေ ကျော် ကြားသွားတဲ့သူတွေ၊ နေရာအသီးသီး ရသွား ကြတဲ့သူတွေကို တွေ့ရမြင်ရ ကြားရရင် မိမိငြမ်းလုပ်တဲ့သူဟာ ကျေနပ်ဝမ်းသာဂုဏ်ယူ နေရမယ်။ ငါလုပ်ပေးလိုက်လို့ ငါကူညီလိုက် လို့ အောင်မြင်တာ၊ အခုတော့ ငါ့ကို လှည့် မကြည့်ဘူး အကြောင်းသိမယ်ဆိုပြီး မိမိမာန တွေထောင်ပြီး အဆိုးတွေပြော အဆိုးတွေလုပ် ရင် လုံးဝမကောင်းပါဘူး။ ပြီးတော့ သူများ က သူ့ရဲ့ ဘဝကိုငြမ်းအဖြစ်နဲ့ အောင်မြင်နိုင် ကြပါစေဆိုပြီး ကူညီထောက်ပံ့ပေးတဲ့သူ ပြောဆိုညွှန်ပြ သင်ပြပေးလိုက်တဲ့သူတွေကို လည်း ဘုရားပြီးရင် ငြမ်းဖျက်ရမယ် ဆိုတဲ့ စကားလေးတစ်လုံးနဲ့ ကျေးဇူးတရားတွေကို မစော်ကားသင့်ပါဘူး။

'ဘုရားပြီးငြမ်းဖျက်' ဆိုတဲ့ အဓိပ္ပါယ် ကို ကိုယ်လိုရာဆွဲပြီး အသုံးမချသင့်ပါဘူး။

ဘုရားနဲ့ ငြမ်းကို သေချာခွဲခြားပြီးမြင်ဖို့လိုပါတယ်။ 'ငြမ်း' ဆိုတဲ့အဓိပ္ပါယ်ကို မြန်မာအဘိဓါန်မှာ ဖွင့်ဆိုတာက 'မြင့်မားသောအဆောက်အအုံများကို တည်ဆောက်ရာတွင် လုပ်ကိုင်နိုင်ရန် ယာယီလုပ်ထားသော စင်' ဆိုပြီး ဖွင့်ပြထားပါတယ်။ (ဥပမာ) အမိုးမြှင့်၊ အားကိုးရာ၊ ထုံးတမ်း၊ အစဉ်အလာလို့ အဓိပ္ပါယ် ဖွင့်ဆိုထားပါတယ်။ သေးငယ်တဲ့ အဆောက်အဦးတွေအတွက် ငြမ်းမလိုပေမဲ့ ကြီးမားမြင့်မားတဲ့ အဆောက်အဦးတွေ ပြီးမြောက်ဖို့အတွက် ငြမ်းဟာ မပါမဖြစ် အရေးကြီးလှပါတယ်။ ငြမ်းရဲ့အကူအညီကိုရမှသာလျှင် လုပ်ငန်းကိစ္စတွေ ပြီးမြောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။



ဒီလိုပါပဲ။ လောကမှာလည်း လူတစ်ယောက် ကြီးပွားအောင်မြင်ဖို့ဆိုတာ ငြမ်းနဲ့တူတဲ့ အထောက်အပံ့တွေ အကူအညီတွေ အများကြီး လိုပါတယ်။ ကြီးပွား အောင်မြင်ကျော်ကြားသွားကြတဲ့သူတွေကို ကြည့်ရင် သိနိုင်ပါတယ်။ 'ငြမ်း'ဆိုတဲ့ အထောက်အပံ့ကိုမရဘဲ အောင်မြင်ကျော်ကြားသွားတဲ့သူတွေ မရှိပါဘူး။ မိဘ၊ ဆရာတွေ၊ မိတ်ဆွေတွေက စာပေတွေ၊ အကြံဉာဏ်တွေ လိုအပ်တဲ့ အကူအညီတွေကို တစ်နည်းနည်းတစ်ဖုံဖုံနဲ့ ထောက်ပံ့ ကူညီပေးနေတာတွေ ရှိနေကြတာပဲဖြစ်ပါတယ်။ ကျေးဇူးတရားဆိုတာ ကြည့်တတ် မြင်တတ်သူတွေအတွက် အမြဲရှိနေကြတာပါပဲ။ ကျေးဇူးတရားဆိုတာ မြင်တတ်ကြည့်တတ်ဖို့ လိုပါတယ်။ 'ကျေးဇူးမဆပ်ချင်နေပါ၊ ကျေးဇူးမကန်းပါနဲ့'ဆိုသလို ကျေးဇူးကန်းတဲ့သူထဲ ကိုယ်မပါအောင်တော့ ကြိုးစားကြရမှာဖြစ်ပါတယ်။ ကျေးဇူးကန်းတဲ့သူတွေဟာ မအောင်မြင်ပါဘူး။ အောင်မြင်ခဲ့ရင်လည်း မကြာပါဘူး။ မကြာခင်ပျက်ဆီးခြင်း၊ ဆုံးရှုံးခြင်းတရားနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါတွေဟာ ဇာတ်နိပါတ်တော်တွေမှာလည်း အများကြီးရှိခဲ့ပါတယ်။

ဘုရားလောင်းမျောက်ဘဝမှာ တွင်းထဲ ကျနေတဲ့မုဆိုးကို အသက်နဲ့လဲပြီး တွင်းထဲကနေ ရအောင် ကယ်ထုတ်ခဲ့တယ်။ တွင်းထဲက အပြင်ရောက်လာတော့ မုဆိုးရဲ့စိတ်က တမျိုးပြောင်းလာတယ်။ ဘုရားလောင်းမျောက်မင်းက သူ့ဘဝကို ငြမ်းအဖြစ်နဲ့ အသက်ရှင်လွတ်မြောက်ပါစေဆိုပြီး စေတနာထားကယ်



**ကျေးဇူးရှင်ကို**
**ကျေးဇူးရှင်မှန်းမသိတော့ဘဲ**
**ဘုရားပြီးငြိမ်းဖျက်ရမယ်ဆိုတဲ့**
**ကျေးဇူးမဲ့စကားတွေကို**
**ဆိုလာပြီး**
**ကျေးဇူးရှင်တွေကို**
**ကျေးဇူးကန်းတော့တာပါပဲ။**

လိုက်တာကို မမြင်တော့ဘူး။ 'ငါအိမ်ပြန်ရင် ဘာဟင်းစားမှ ပါမသွားလို့တော့ မဖြစ်ဘူး' ဆိုပြီး မိမိကိုကယ်ခဲ့လို့ ပင်ပန်းပြီး အိပ်ပျော်နေတဲ့ မျောက်မင်းရဲ့ ဦးခေါင်းကို အုတ်ခဲနဲ့ ထုသတ်ဖို့ ကြိုးစားခဲ့တယ်။ ဘုရားလောင်း မျောက်မင်းက သတိရှိလို့ သစ်ပင်ပေါ် ခုန်တက်လိုက်တယ်။ သစ်ပင်ပေါ်ရောက်သွားပြန်တော့ 'လမ်းမသိလို့ လမ်းပြပေးပါဦးလို့ နှိုင်းတာကို စိတ်မနာဘဲ မိမိကိုယ်ကို ငြမ်းအဖြစ်နဲ့ နှလုံးပိုက်ပြီး သူတစ်ပါးချမ်းသာအောင်မြင်ရေးကိုသာ ရှေးရှုကာ 'မိမိခေါင်းမှ ကျတဲ့ သွေးစက်နောက်ကိုသာ လိုက်ခဲ့ပေတော့' ဆိုပြီး တစ်ပင်ပြီးတစ်ပင် ကူးသွားကာ လမ်းပြခဲ့တယ်။ ဘုရားလောင်းမျောက်မင်းက သူလုပ်ရမယ့် ငြမ်းအဖြစ်ကို ပီပီပြင်ပြင်ခရီး ဆုံးသည်အထိ ကူညီသွားတယ်။ ဘုရားပြီးရင် ငြိမ်းဖျက်မယ်ဆိုတဲ့ စိတ်ရှိတဲ့ ကျေးဇူးရှင်ကို စော်ကားသတ်ဖြတ်ဖို့ ကြိုးစားတဲ့ မုဆိုးကတော့ မြေမျိုခံရကာ ငရဲကိုရောက်သွားရတယ်။

မြန်မာနိုင်ငံသား အများစုဟာ တရားတော်များကို နာကြားသင်ယူတဲ့အခါမှာ ဓမ္မတရားအထိ ရောက်အောင်မသွားဘဲ ပုဂ္ဂိုလ်မှာပင် လမ်းဆုံးသွားကြတာ များပါတယ်။ ဒါလည်းကောင်းတဲ့ လက္ခဏာ မဟုတ်ပါဘူး။ ပုဂ္ဂိုလ်တွင် လမ်းဆုံးတဲ့အတွက် 'ဒေဝဒတ်လောင်းမုဆိုးသည် ဘုရားလောင်းမျောက်မင်းအား ယုတ်မာလိုက်လေသတည်း' ဆိုရင် သာဓုခေါ်ပြီး ဒေဝဒတ်ကို မုန်းလိုက်၊ ဘုရားကို သနားလိုက်ဆိုတဲ့အဆင့်က မတက်ကြတာ များပါ


တယ်။ ချဉ်းကပ်ပုံ မှားလေတော့ အများစုကြီးက အမုန်းတရားတွေ အငြိုးတရားတွေ အာဃာတတရားတွေ မကျေနပ်မှုတွေ ခွင့်မလွှတ်နိုင်မှုတွေနဲ့ အဆိုးသံသရာလည်နေကြပါတော့တယ်။ တကယ်တော့ မြတ်စွာဘုရားအနေနဲ့ မြင်စေချင် သိစေချင်တာက ရင်ထဲက မမှတရားကိုပါ။

ဒေဝဒတ်က ဘာလို့ ဒီလိုကိုယ့်ရဲ့ ကျေးဇူးရှင်ကိုတောင်ပြန်ပြီး သတ်ရဲသည် အထိ ကျူးလွန်ရတာလဲ။ ဒါကို သေချာစွာ အဖြေရှာဖို့ လိုပါတယ်။ ဒေဝဒတ်ရဲ့ ရင်ထဲမှာ ဘဝအဆက်ဆက်က ကျင့်သုံးလာခဲ့တဲ့ အမှေ့ မတရားမှုတွေ မွေးမြူခဲ့တာရယ် အခုဘဝမှာဆက်ပြီး တရားမှုတွေ၊ ကောက်ကျစ်မှုတွေ မကောင်းမှုတွေကို ဆက်လက် ကျင့်သုံးနေတာရယ်ကြောင့် လမ်းမှားနဲ့ လမ်းမှန် မခွဲခြားနိုင်တော့တာပဲ ဖြစ်ပါတယ်။

ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းမသိတော့ကို ဘုရားပြီး ငြမ်းဖျက်ရမယ်ဆိုတဲ့ ကျေးဇူးမဲ့စကားတွေကို ဆိုလာပြီး ကျေးဇူးရှင်တွေကို ကျေးဇူးကန်းတော့တာပါပဲ။ မိမိရင်ထဲမှာ ဒေဝဒတ်ကျင့်တဲ့ မသူတော်တရားတွေ၊ အမှေ့တွေ၊ မကောင်းမှုတရားတွေ၊ သူတ်မာမှုတွေ၊ ကောက်ကျစ် လိမ်ညာမှုတွေ၊ ရက်စက်မှုတွေ ရှိနေသလား ဆိုတာကို သေချာစစ်ဆေးရပါမယ်။ တွေ့ရင် နိုင်အောင် တိုက်ထုတ်ရပါမယ်။ မတိုက်ထုတ်ဘဲ ဒေဝဒတ်လို မွေးမြူနေသူဆိုရင်တော့ ကျိန်းသေပါတယ်။ မိမိလည်း ဒေဝဒတ်လို လူယုတ်မာ ဖြစ်မှာပဲ။

မိမိရင်ထဲမှာ ဘယ်လိုတရားတွေရှိသလဲ အကောင်းတွေလား၊ အဆိုးတွေလားဆိုတာကို သေချာစစ်ဆေးဖို့လိုပါတယ်။ အကောင်းတွေ တွေ့ရင် တိုးပွားများပြားလာအောင် ဆက်လက် မွေးမြူတည်ဆောက်ပေးပါ။ အဆိုးအမှေ့တွေကို တွေ့ရင် ပယ်ဖျက်နိုင်အောင် ကြိုးစားပါ။ အဆိုးအမှေ့တွေကို ပယ်ပြီး အကောင်းမှေ့တွေကို ရင်ထဲထည့်ထားကာ သူများတွေရဲ့ ဘဝကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် တန်ဖိုးရှိသည်ထက် ရှိအောင် ကြိုးစားတည်ဆောက်ပေးပါ။သူတို့ရဲ့ဘဝတွေကို ငြမ်း အဖြစ်ထားပြီး မြင့်ကြပါစေ အောင်မြင်ကြပါစေဆိုပြီး မြှင့်တင်ပေးလိုက်တဲ့ မိမိရဲ့ကျေးဇူးရှင် ငြမ်းတွေကြောင့် အောင်မြင်လာတဲ့သူတွေကလည်း မိမိလာရင်း ဘဝကိုမေ့ပြီး ကျေးဇူးရှင်တွေကို ဘုရားပြီးရင် ငြမ်းဖျက်ရမယ်ဆိုတဲ့ စကားလေးတစ်လုံးနဲ့ မစော်ကားမိပါစေနဲ့။ ကျေးဇူးရှင်များကို မိမိတတ်နိုင်သလောက် ကျေးဇူးပြန်လည်ပေးဆပ်ကြပါ။

မိမိကိုယ်ကို ငြမ်းအဖြစ်သဘောထားကာ မြှင့်တင်ပေးကြတဲ့ သူတော်ကောင်းတွေအဖို့ လုပ်ငန်းကိစ္စ အောင်မြင်ရေးသည်သာ အဓိကပဓါန ကျသည်လို့ ရှုမြင်ကြတာမို့ အားလုံးအတွက် လုပ်ငန်းကိစ္စများ အဆင်ပြေချောမွေ့ အောင်မြင်ကြမည်ဆိုလျှင် ငြမ်းအစစ်တို့ မည်သည့် သူများဖျက်စရာ ဖယ်နိုင်းစရာမလို သူတို့ကိုယ်တိုင်နေရာ ဖယ်ပေးပါကြောင်းကိုအသိပေးရေးသားလိုက်ပါတယ်။



# ကံ၊ ဉာဏ်၊ ဝီရိယ တကယ်ညီမျှကြလျှင်

မြတ်စွာဘုရားရှင် ဟောဇော်ညွှန်ပြခဲ့သော တရားတော်များသည် အဆင့်မြင့်သည်၊ စနစ်ကျသည်၊ လက်တွေ့ကျင့်သုံးလိုက်နာသူတွေအတွက် လက်တွေ့ အကျိုးရှိသည်။ ထိုကဲ့သို့ တကယ်အကျိုးရှိ၊ တကယ်တန်ဖိုးကြီးလှသော တရားတော်များကို မိမိတို့ဘယ်လောက်နားလည်သဘောပေါက်အောင် လေ့လာပြီးပြီလဲ၊ ဘယ်လောက်လက်တွေ့ ကျင့်သုံးနိုင်ပြီးပြီလဲဆိုတာ မိမိတို့ ဗုဒ္ဓဘာသာဝင်တွေအတွက် တကယ်အရေးကြီးတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

အမြဲတမ်းကိုယ့်ကိုယ်ကိုမေးပြီး အမြဲ
တမ်း ဖြေနေရမည့် ပုစ္ဆာဖြစ်ပါတယ်။ မိမိ
တို့ ဖြေနိုင်ရင် ဖြေနိုင်သလောက် တကယ်
အကျိုးရှိမှာ ဖြစ်ပါတယ်။ မိမိငယ်စဉ်က တရား
တော်တွေနဲ့ ပတ်သက်ပြီး တွေးထင်ထားတာက
ကြီးပွားချမ်းသာတာ၊ ပညာတတ်ကြီးဖြစ်တာ၊
အောင်မြင်ကျော်ကြားတာ၊ ရာထူးကြီးတွေရှိ
တာ၊ ခေါင်းဆောင်ကြီးတွေဖြစ်တာ စတဲ့အရာ
တွေဟာ "ကံရှိမှ ဖြစ်လို့ရတယ်။ သူတို့တွေ
က ဟိုအရင်ဘဝက ကုသိုလ်ကံကောင်းတွေ
ရှိခဲ့လို့ ဒီဘဝမှာလာပြီး ဒီလိုအကျိုးပေးနေ
ကြတာ။ တကယ် သူတို့လိုဖြစ်ချင်ရင် ဒီဘဝ
မှာ လှူရမယ်။ ဒါမှ နောက်ဘဝ သူတို့လိုဖြစ်
မှာ၊ ဒီဘဝတော့ ဒါတွေဟာ မိမိနဲ့ ဘာမှ
မဆိုင်ဘူး" လို့ တွေးထင် နေခဲ့မိပါတယ်။

တွေးထင်မိတယ်ဆိုတာလဲ အကြောင်း
တရားတွေ ရှိနေပါတယ်။ တချို့ဆရာတော်
တွေကလည်း ဒီလိုပဲ ဟောပြောညွှန်ပြနေတာ
တွေကို နာကြားခဲ့ရတာတွေ ရှိပါတယ်။
နောက်ဆုံး အလှူခံဌာနတွေမှာကအစ 'အခုလို
လှူဒါန်းရသော အကျိုးအားကြောင့် ဓောတိ
က၊ ဇဋိလ၊ ဝိသာခါ၊ အနာထပိဏ် သူဌေး
တို့လို ချမ်းသာပြည့်ဝတဲ့သူတွေ ဖြစ်ကြပါစေ'
ဆိုတာကလည်း နေရာတိုင်းမှာကြားနေရတော့
မိမိအတွေးဟာ မှန်တယ်လို့ ပိုပြီးထင်လာ
ပါတယ်။

ဘယ်လောက်ထိ ဆိုးသလဲဆိုရင်
အတန်းထဲမှာ ပထမရတဲ့သူ၊ တော်တဲ့သူကို
တွေ့ရင်တောင် 'သူက အရင်ဘဝက ကုသိုလ်
ကံကောင်းတွေရှိခဲ့လို့ အခုဘဝမှာ ဉာဏ်တွေ
ကောင်းပြီး ပထမရနေတာ…၊ ငါတော်ချင်ရင်
ပထမရချင်ရင် ဒီဘဝမှာ အလှူဒါနလုပ်
နောင်ဘဝကျရင် ဒီလို ကုသိုလ်ကံ ကောင်း
လိမ့်မယ်၊ ပထမရလိမ့်မယ်' ဆိုပြီးတွေးထင်
ထားခဲ့ပါတယ်။ ဒါကြောင့် စီးပွားချမ်းသာ
တာ ပညာတတ်ကြီးဖြစ်တာ၊ နိုင်ငံ့ခေါင်း
ဆောင်ကြီးတွေဖြစ်တာ အစရှိတဲ့အရာအားလုံး
ငါနဲ့ဘာမှမဆိုင်ဘူးလို့ တွေးထားခဲ့သည့်အတွက်
အဲဒီ ကောင်းမြတ်တဲ့အရာတွေ အားလုံးက
လည်း ကိုယ်နဲ့ လားလားမျှကို မဆိုင်ခဲ့ပါဘူး။
ဒီလိုနဲ့ အချိန်ကြာမြင့်စွာ အကောင်းတရားတွေ
ကို အားမထုတ်မိဘဲ ရှောင်ရှားကာ ကျဆုံးနေ
ပါတော့တယ်။

ဒီလိုနဲ့ ၈.၈.၈၈ ရှစ်လေးလုံး
အရေးတော်ပုံကြီး တစ်နိုင်ငံလုံး ကျယ်ကျယ်
ပြန့်ပြန့်ဖြစ်လာတော့ စာသင်ကျောင်းတွေ
အားလုံး အပိတ်ခံလိုက်ရပါတယ်။ ကျောင်း
တွေ ပိတ်သွားတော့ အဖေက မေးပါတယ်၊
'ဘုန်းကြီးကျောင်း သွားနေမလား။ လိုက်အပ်
ပေးမယ်'တဲ့။ ဘုန်းကြီးကျောင်းဆိုလို့ အမေ
ကျောင်းကို ဥပုသ်စောင့်သွားတဲ့အခါ တစ်ခါ
တလေ လိုက်သွားလို့ ရောက်ဖူးတာကလွဲရင်
ဘာမှ မသိပါဘူး။ လိုက်အပ်ပေးမယ်ဆိုလို့သာ
'ဟုတ်ကဲ့'လို့ ခေါင်းညိတ်လိုက်ရတာ။ ဒီလို
နဲ့ ဘုန်းကြီးကျောင်းရောက်တော့ တခြား
ကျောင်းသားတွေနည်းတူ မင်္ဂလသုတ်၊ လောက
နီတိ၊ ပရိတ်ကြီးတွေ သင်ရကျက်ရပါတယ်။
ပါဠိတွေ အနက်တွေကို အာဂုံအလွတ် ပြန်ပြ
ရပါတယ်။ ဒါပေမယ့် ဘာမှတော့ ကျယ်
ကျယ်ပြန့်ပြန့် ကောင်းမွန်စွာ သဘောမပေါက်

ခဲ့ပါဘူး။ သဘောမပေါက်တော့ အရင်က မိမိတွေးထင်ထားတဲ့ အမှားတွေကို မကျော်လွှန်သေးပါဘူး။

ကွမ်းခြံကုန်းမြို့က မစိုးရိမ်စာသင်တိုက်မှာ မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲရှိပါတယ်။ အဲဒီမှာ ပထမငယ်တန်း ဝင်ရောက်ဖြေဆိုရမယ်ဆိုတော့ စာတွေကြိုးစားပြီးကျက်ဖြစ်ပါတယ်။ စာမေးပွဲ ဝင်ရောက်ဖြေဆိုတော့ ကောင်းစွာဖြေဆိုနိုင်လို့ တစ်မြို့နယ်လုံးမှာ ပထမ ရခဲ့ပါတယ်။ အဲဒီမှာ မိမိအရင်က 'ပထမဆိုတာငါနဲ့မဆိုင်ဘူး' ဆိုတဲ့ အသိတွေကို ကျော်လွှန်လာခဲ့တယ်။ တကယ် ကြိုးစားရင် လုံ့လ၊ ဝီရိယရှိရင် မည်သူမဆို ဆိုင်တာပဲဆိုတာကို နားလည်သဘောပေါက်လာပါတယ်။

စာပြန်ပွဲမှာ မစိုးရိမ်စာသင်တိုက်ဘုန်းစ်ပြည့်၊ ငွေရတုစာစောင်ပါ ထွက်ပါတယ်။ အဲဒီစာစောင်မှာ ရွာက ဘုန်းကြီးရေးတဲ့ 'ဆရာပေးတဲ့ ပေတံတချောင်း' ဆိုတဲ့ ဆောင်းပါးလေး ပါလာပါတယ်။ ဖတ်ကြည့်ပြီးတော့ အလွန်ကြိုက်ပါတယ်။ မိမိဆရာ ဘုန်းကြီးလို ရေးနိုင်ရင် သိပ်ကောင်းမှာပဲလို့ စာရေးဆရာဖြစ်ချင်စိတ်တွေ တဖွားဖွား ပေါ်လာပါတယ်။ စာရေးဆရာဖြစ်ချင်စိတ်သာရှိခဲ့ပေမယ့် စာရေးဆရာဖြစ်နိုင်တယ်ဆိုတာကိုတော့ လုံးဝ မယုံကြည်သေးပါဘူး။ ယုံကြည်ဆို အရင်က လွှမ်းမိုးထားတဲ့ ခေါင်းဆောင်ကြီး ဖြစ်ချင်ရင် ပညာတတ်ကြီးဖြစ်ချင်ရင် စသည့် ကောင်းတဲ့အရာတွေမှန်သမျှဟာ ရေးဘဝအတိတ်ကံရှိမှ ဆိုတာကြီးက အမြဲလွှမ်းမိုးထားဆဲ နေရာယူထားဆဲ



အတိတ်ကမိမိတို့ပြုခဲ့တဲ့
အဆိုးကံတွေကပြင်လို့မရတော့ပါဘူး။
ဒါကိုထိုင်ပြီးစိတ်ညစ်နေစရာ
စိတ်ဓာတ်ကျနေစရာမလိုပါဘူး။
တကယ်ပြင်လို့ရတဲ့
တကယ်ကြိုးစားလို့ရတဲ့
ယခုပစ္စုပ္ပန်ဘဝက
အလွန်အရေးကြီးပါတယ်။

ရှိနေပါသေးတယ်။

ဒီလိုနဲ့ ဆရာဘုန်းကြီးရဲ့ ဆုံးမသြဝါဒပေးမှု၊ စာတွေဖတ်တာကို သဘောကျမှုတွေကြောင့် စာတွေ တော်တော်လေး ဖတ်ဖြစ်လာပါတယ်။ ငါးရာငါးဆယ်ဇာတ်နိပါတ်စာအုပ်တွေ ဆရာဘုန်းကြီးဝယ်လာတဲ့အခြားဗဟုသုတဖြစ်ဖွယ် စာအုပ်တွေကို ဖတ်ဖြစ်ပါတယ်။ ဒီလိုနဲ့ ကွမ်းခြံကုန်းမြို့၊ မစိုးရိမ်စာသင်တိုက်မှာ စာပေသင်ကြားခွင့်ရခဲ့ပါတယ်။ အထူးကံကောင်းတာက ပထမ ဆရာတော်တည်ထောင်သွားခဲ့တဲ့ **'လင်းရောင်ခြည်'** စာကြည့်တိုက် အဟောင်းလေး ရှိပါတယ်။ အဲဒီစာကြည့်တိုက်ကလေးက စာအုပ်တွေကို ဖတ်ဖြစ်ခဲ့ပါတယ်။ ဆွမ်းခံအိမ်က စာအုပ်တွေလည်းငှားပြီး ဖတ်ပါတယ်။

စာတွေဖတ်လေ၊ အသိဉာဏ်က ပိုတိုးလာတော့ ယုံကြည်မှုတွေ ပိုမိုခိုင်လာလေပါပဲ။ စာပေတွေကို သေချာစွာ လေ့လာဖြစ်ပါတယ်။ သေချာလေ့လာဖြစ်တော့ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကို သေချာနားလည် သဘောပေါက်လာပါတယ်။ **'ကံ'** ဆိုတာ တခြားမဟုတ်ပါဘူး။ **'ကမ္မ'** ဆိုတဲ့ ပုဒ်ကလာတာပါ။ **'ကမ္မ'** ဆိုတာ အလုပ်ပါပဲ။ အလုပ်ဆိုတာနှစ်မျိုး ရှိပါတယ်။ ကောင်းတာကို လုပ်ခြင်းနဲ့ဆိုးတာကို လုပ်ခြင်းပါပဲ။ ကောင်းတာတွေကိုစေတနာအပြည့်အဝနဲ့ လုပ်ရင် ကောင်းတဲ့ကံတွေ တိုးပွားနေပါတယ်။ ဆိုးတာတွေကိုစေတနာဆိုးတွေနဲ့ ပြုလုပ်နေမယ်ဆိုရင်တော့မကောင်းတဲ့ကံတွေကို တိုးပွားနေခြင်းဖြစ်ပါတယ်။

အတိတ်က မိမိတို့ ပြုခဲ့တဲ့အဆိုးကံတွေက ပြင်လို့ မရတော့ပါဘူး။ ဒါကို ထိုင်ပြီး စိတ်ညစ်နေစရာ စိတ်ဓာတ်ကျနေစရာမလိုပါဘူး။ တကယ်ပြင်လို့ရတဲ့ တကယ်ကြိုးစားလို့ရတဲ့ ယခု ပစ္စုပ္ပန်ဘဝက အလွန်အရေးကြီးပါတယ်။ လူ့ဘဝကို ရလာပြီဆိုကတည်းက မြတ်စွာဘုရား ပြောတဲ့ မနုဿတ္တဘာဝ ဒုလ္လဘာ ရခဲတဲ့ တန်ဖိုးရှိတဲ့ဘဝ ဖြစ်လေတော့ အကောင်းကံတွေ ရှိလို့သာ လူဖြစ်လာရခြင်း ဖြစ်ပါတယ်။ ဒါကို အတိတ်ဘဝက မကောင်းခဲ့လို့ ငါတို့ အခုလို လူဆင်းရဲဖြစ်နေတာ၊ ပညာမတတ် ဖြစ်နေတာ၊ လူညံ့ဖြစ်နေတာ စသဖြင့် အတွေးအခေါ် အမှားတွေနဲ့ မပိတ်မိစေချင်ပါဘူး။

အားလုံးပဲ သိနေကြတဲ့ ဟယ်လင်ကဲလားဆိုရင် သူ့ရဲ့ အတိတ်ကံဟာ လုံးဝမကောင်းပါဘူး။ မျက်စိလည်း မမြင်ရဘူး၊ နားလည်းမကြားရဘူး။ မိမိတို့ တွေးသလိုသာ အတိတ်ဘဝတစ်ခုတည်းကို ပုံချထားပြီး နေလိုက်မယ်ဆိုရင် လိုက်တောင်းစားရမဲ့ အခြေဆိုက်သွားပါလိမ့်မယ်။ ဒါပေမယ့် သူ့ဘဝကိုအရှုံးမပေးဘဲ ကံ၊ ဉာဏ်၊ လုံ့လ၊ ဝီရိယအပြည့်နဲ့ညီညီမျှမျှ အားသွန်ခွန်စိုက် ကြိုးစားလိုက်တဲ့အခါ အဆင့်မြင့်တက္ကသိုလ်က ဘွဲ့ကြီးကိုရတယ်။ လူမှုရေးလုပ်ငန်းတွေကို လုပ်နိုင်ခဲ့တယ်။ သူ့ရဲ့ ဖွဲ့၊ လုံ့လ၊ ဝီရိယက အားလုံးအတွက် စံပြအားထားစရာ ဖြစ်လာခဲ့တယ်။ အခုဆို သူမရဲ့ အကြောင်းကို နိုင်ငံအသီးသီးက ဘာသာပြန်ပြီး စာအုပ်တွေ ထုတ်ကာဖတ်စေခြင်း၊ ကျောင်းသင်ခန်းစာတွေအဖြစ်

သင်ယူနေခြင်းတွေ ဖြစ်လာပါတယ်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးမှာ အောင်မြင် ကျော်ကြားနေကြတဲ့သူတွေရဲ့ အတ္ထုပ္ပတ္တိတွေကို ဖတ်ကြည့်တဲ့အခါမှာ တူညီတာတစ်ခုက ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးကို အပြည့်အဝဆုတ်မနစ် အားသွန်ခွန်စိုက် ကြိုးစားသွားကြခြင်းပါပဲ။ မိမိတို့ နိုင်ငံသားအများစုကသူများတွေ အောင်မြင်တာ၊ ကျော်ကြားတာ၊ ချမ်းသာတာ၊ ပညာတတ်တာတွေကို တွေ့ရင်သူတို့တွေ ကံကောင်းလိုက်ကြတာ၊ သူတို့လိုဖြစ်ရင် သူတို့လို အတိတ်ကံကောင်းတွေရှိရင်ကောင်းမှာပဲလို့ အားကျထိုင်ငေးရုံကလွဲပြီးဘာမှ ပိုမလာကြပါဘူး။ အဲဒီတော့ အတိတ်ကံကောင်းရုံနဲ့ ချမ်းသာတယ် ပြီးပြည့်စုံတယ်လို့ ဗုဒ္ဓက ဟောခဲ့လို့လား၊ မဟောခဲ့ပါဘူး။

မြတ်စွာဘုရားရှင် လက်ထက်မှာမြတ်စွာဘုရားနဲ့ သံဃာတော်တွေ ဆွမ်းခံကြွ ‘ငါ့ရှင် အာနန္ဒာရေ… ဟိုမှာ ကြည့်စမ်း၊ လိုက်တောင်းစားနေကြတဲ့ လင်မယားကိုတွေ့ ’ ဆိုတော့ ‘မှန်ပါ့၊ တပည့်တော်တွေ့ပါတယ်ဘုရား’ လို့ လျှောက်ကြားတဲ့အခါမှာ အေး… ဒီလင်မယားဟာ အတိတ်က ဖြည့်ခဲ့တဲ့ကံတွေအရ သိပ်ပြီး အားကောင်းခဲ့တယ်။ သူတို့ လင်မယား သာသနာ့ဘောင် ပြီး တရားအားထုတ်မယ်ဆိုရင် အနာဂါမ်၊ ဒါဂါမ်၊ သောတာပန်တွေ ဖြစ်နိုင်တယ်။ လောကမှာလည်း ကံ၊ ဉာဏ်၊ ဝီရိယ ပါးကို ညီမျှစွာ အသုံးချလို့ အားသွန်ခွန် ကြိုးစားကြမယ်ဆိုရင် ဒီမြို့ကြီးမှာ သူတို့ င်မယားဟာ ပထမတန်းစား သူဌေးဖြစ်မှာ

သေချာပါတယ်။ အဲဒီလောက် အတိတ်ကံကောင်းခဲ့ပါတယ်။ ဒါပေမယ့် သူတို့ဟာ လက်ရှိဘဝမှာ ပညာဉာဏ်လည်းကြိုးအောင် မလုပ်၊ စေတနာအပြည့်နဲ့ လူ့လောကအတွက် အကျိုးရှိမည့်အရာတွေအတွက်လည်း လှူဒါန်းခြင်းမရှိ၊ လုံ့လ၊ ဝီရိယက လည်းမရှိဘဲ အပျင်းကြီးပြီး သောက်စား မူးယစ် ကခုန်ပျော်ပါးပြီး ဖြုန်းလိုက်ကြတာ မိဘတွေလည်း မရှိရော အခုလို တောင်းစားကြတဲ့အဆင့်ကို ရောက်တာပဲ အာနန္ဒာရေ’ လို့ မြတ်စွာဘုရားက ညွှန်ပြ ထောက်ပြခဲ့ပါတယ်။

ဒါကြောင့် အတိတ်ကံရှိလို့ ချမ်းသာတာ ပညာတတ်ကြီးဖြစ်တာ၊ အောင်မြင်တာ ကျော်ကြားတာဆိုတဲ့ အတိတ်ကံတစ်ခုတည်း ပေါ်မှာ ပုံချထားတဲ့ အယူအဆအမှားတွေကို စွန့်ပစ်ပြီးတော့ မိမိတို့ တကယ်ပိုင်တဲ့ ယခုပစ္စုပ္ပန်ဘဝကို စေတနာကောင်းတွေနဲ့ ဝီရိယ အပြည့် ဉာဏ်ပညာ ဗဟုသုတ အပြည့်အဝဖြင့် မိမိမျှော်မှန်းသည့် ပန်းတိုင်ကို မရောက်မချင်း ‘ဘာလဲဟဲ့ လောကဓံ၊ လာခဲ့စမ်း ကြံ့ကြံ့ခံမယ်၊ တွန်းလှန်မယ်၊ ဘယ်တော့မှ အရှုံးမပေးဘူး’ ဆိုတဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်၊ ပြတ်သားသည့် အဓိဋ္ဌာန်ဖြင့် ကြိုးစားဆောင်ရွက်ကြမည်ဆိုလျှင် သင့်ရဲ့ဘဝ မျှော်မှန်းချက်ပန်းတိုင်ကို ကျိန်းသေမုချ မြေကြီးလက်ခတ်မလွဲ ရောက်ရှိမည် ဖြစ်ပါကြောင်းကို အသိပေးရေးသားလိုက်ပါတယ်။

အမှတ်(၁၂)၊ ဇန်နဝါရီ၊ ၂၀၀၄

(ခေတ်လူများ၏ မှတ်စုဂျာနယ်)



# တန်ဖိုးရှိသူဖြစ်ဖို့ တန်ဖိုးသိအောင်ကြိုးစား

တန်ဖိုးရှိသူနှင့်တန်ဖိုးမဲ့သူ ထိုနှစ်မျိုးတွင် သင်ဘယ်အရာဖြစ်ချင်ပါသနည်းဟု မေးလာခဲ့သည်ရှိသော် အမေးခံရသူတော်တော်များများထွက်လာမည့် အဖြေကတော့ 'တန်ဖိုးရှိသူဖြစ်ချင်တာပေါ့' ဆိုတဲ့ ဖြေကြားသံကို ကြားကြရမှာဖြစ်ပါတယ်။ လူအများစုကြီးက တန်ဖိုးရှိသူတွေဖြစ်ချင်ကြပါလျက် ဘာကြောင့် တန်ဖိုးရှိသူတွေ နည်းပါးပြီးတော့ တန်ဖိုးမဲ့သူတွေက ပိုမိုများပြားနေရပါသလဲ။ တန်ဖိုးမဲ့သူတွေ ပိုမိုများပြားနေရခြင်းမှာ မိမိတန်ဖိုးကိုမသိသူ သိအောင် မကြိုးစားသူတွေ ပိုမိုများပြားလာလို့ပဲ ဖြစ်ပါတယ်။ တန်ဖိုးရှိသူဖြစ်လာဖို့မှာ မိမိတန်ဖိုးကို သိအောင်ကြိုးစားရမယ်။ ပြီးတော့ မိမိတန်ဖိုးကို အမြဲမြှင့်တင်နေရ

ပါမယ်။ ဒါကိုပဲမြတ်စွာဘုရားက 'အတ္တာဟိ အတ္တနော နာထော' မိမိသည်သာ မိမိရဲ့အားထား မှီခိုကိုးကွယ်ရာဖြစ်ဖို့ တန်ဖိုးရှိသူဖြစ်အောင် ကြိုးစားအားထုတ်ခြင်းလို့ ဆိုထားပါတယ်။ ဒီအဓိပ္ပါယ်ကို ဒီထက် ပိုမိုကျယ်ပြန့်နားလည်အောင် ဆွေးနွေးကြည့်မည်ဆိုလျှင် မိမိတို့အားလုံးရရှိလာကြတဲ့ ဘဝဟာ သစ်သားရိုင်းတုံးကြီးတစ်ခုလိုပါပဲ။ ဒီသစ်သားရိုင်းတုံးကြီးကို အိမ်ရဲ့အတက်အဆင်းမှာသွားထားမယ်ဆိုရင် ခြေနင်းတုံးဖြစ်မယ်။ မစင်အညစ်အကြေးတွေ စွန့်ဖို့ ချောင်းကမ်းဘေးသွားထားရင် အိမ်သာဖြစ်မယ်။ အဝတ်လျှော်တဲ့နေရာမှာ သွားထားရင် အဝတ်လျှော်တုံးဖြစ်မယ်။ ဘာမှအသုံးမချဘဲ ဒီအတိုင်းစွန့်ပစ်ထားမယ်ဆိုရင်တော့ ဘာမှကိုအသုံးမကျတဲ့ သစ်ဆွေးတုံးအဖြစ်နဲ့ နိဂုံးချုပ်မှာဖြစ်ပါတယ်။

---

**မိမိတို့အားလုံးရရှိလာကြတဲ့ ဘဝဟာ သစ်သားရိုင်းတုံးကြီးတစ်ခုလိုပါပဲ။ ဒီသစ်သားရိုင်းတုံးကြီးကို အိမ်ရဲ့အတက်အဆင်းမှာ သွားထားမယ်ဆိုရင် ခြေနင်းတုံးဖြစ်မယ်။**

---

ဒီသစ်ရိုင်းတုံးကိုပဲ ကောင်းစွာ အသုံးချနည်းတွေသင်ယူပြီးတော့ မလိုလားအပ်တဲ့ အပြစ်အနာအဆာတွေကို ထွင်းထုထုတ် ပြီးတော့ အလွန်လှပတဲ့ ယမင်းရုပ်လေးထုမှာလား၊ တိုင်းပြည်ရဲ့ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပုံ ထုမှာလား၊ ကမ္ဘာကလေးစားရတဲ့ တန်ဖိုးရှိတဲ့ခေါင်းဆောင်ကောင်းပုံ ထုမှာလားဆိုတာ မိမိအပေါ်မှာ မူတည်ပါတယ်။ မိမိရဲ့ထွင်းထုမှုပုံသဏ္ဌာန် ဖော်ဆောင်မှုတွေပေါ်ကိုလိုက်ပြီး တန်ဖိုးတွေ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ တန်ဖိုးတွေမြင့်တက်ပြောင်းလဲလာခြင်း တန်ဖိုးတွေ ပိုမိုရှိလာခြင်းကိုပဲ မြတ်စွာဘုရားက 'အတ္တာဟိ အတ္တနော နာထော' လို့ဆိုထားခြင်းဖြစ်ပါတယ်။

မိမိတို့ရရှိလာတဲ့ လူ့ဘဝဟာလည်း သစ်သားရိုင်းတုံးလေးတစ်ခုလိုပါပဲ။ မိမိတို့ဘဝကို မိမိတို့ပိုင်ပါတယ်။ မိမိတို့ဘဝကို ဘာမှမပြုပြင်ဘဲ ဖြစ်ချင်ရာဖြစ်ဆိုပြီးပစ်ထားရင်တော့ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်းသူများရဲ့ ခိုင်းဘက်၊ နင်းဘက်၊ နင်းပြား၊ အတက်အဆင်းတုံးဘဝနဲ့ နိဂုံးချုပ်ကြရမှာဖြစ်ပါတယ်။ ပညာသင်ကြားနေရခြင်းရဲ့ ရည်ရွယ်ချက်က မိမိဘဝတန်ဖိုးကို နားလည်အောင်သိရှိအောင် မိမိဘဝတန်ဖိုးကို မြင့်တင်နိုင်အောင် သင်ကြားနေရခြင်းဖြစ်ပါတယ်။ ပညာတွေသင်ကြားတက္ကသိုလ်ကဘွဲ့ကြီးတွေရပြီး မိမိအတွက် မိမိမိသားစုအတွက်၊ မိမိကျေးရွာ၊ မိမိမြို့ မိမိနိုင်ငံ၊ မိမိကမ္ဘာကြီးအတွက် ဘာမှအသုံးမချဘဲ ဘာမှအသုံးမပြုဘဲ နိဂုံးချုပ်မယ်ဆိုရင်



တော့ မိမိဘဝဟာ ဘာမှအသုံးမကျဘဲတန်ဖိုးမဲ့စွာ သစ်ခွေးတုံးအဖြစ်နဲ့ နိဂုံးချုပ်ရမှ ဖြစ်ပါတယ်။ ဒါဆို အင်မတန်မှ ဝမ်းနည်းစရာကောင်းလှပါတယ်။

ယနေ့ကမ္ဘာမှာ တိုးတက်ထွန်းကားလာတဲ့ နိုင်ငံတွေမှာ သုံးနေတဲ့ပညာရေးဟာ ကျောင်းသားတွေကိုယ်တိုင် သူတို့ဘဝကို သူတို့နားလည်ပြီး တန်ဖိုးတွေသိအောင်၊ နိုင်ငံအတွက်တန်ဖိုးတွေ မြင့်တင်နိုင်အောင်၊ သူတို့ဘဝတန်ဖိုးတွေ မြင့်အောင် လက်တွေ့နားလည်ပြီး အသုံးချနိုင်အောင် သင်ပေးနေကြပါတယ်။ ကျောင်းသားတွေဟာ အဆင့်မြင့်ကျောင်းစာကြည့်တိုက်တွေနဲ့ စာတွေကိုမဖြစ်နေမဖတ်မနေရ စာတွေဖတ်မှတ်ကာ တွေးခေါ် စဉ်းစားတတ်အောင် လက်တွေ့အသုံးချရင်းကိုယ်ပိုင် စဉ်းစားဆုံးဖြတ်လုပ်ကိုင်တတ်အောင် သင်ပေးနေကြပါတယ်။ ဒါကြောင့်လည်း ဒီလိုအဆင့်မြင့်ပညာရေးတွေနဲ့ သင်ကြား တတ်မြောက်လာကြတဲ့သူတွေက အဆင့်ဆင့် ရာထူးတွေမြင့်လာကြပြီး တိုင်းပြည်ကို အုပ်ချုပ်ရေးဆောင်လမ်းပြ လုပ်ဆောင်နေကြတော့ သူတို့နိုင်ငံတွေလည်း တနေ့တခြားတိုးတက်ထွန်းကာလာကာ ကမ္ဘာ့အလယ်မှာ ထွန်းတောက် ကြွယ်ဝလာကြပါတယ်။

ယနေ့ထိ မြန်မာနိုင်ငံမှာကတော့ ဒါရေး ဒါမှတ် ဒါတွေကျက် ဒါတွေရေးလို့ ဒါတွေဖြေဆိုတဲ့ ကိုယ်ပိုင်စဉ်းစားဉာဏ်လုံးဝမပါတဲ့ ကြက်တူရွေး စာသင်နည်းတွေနဲ့ပဲ သွားနေကြလေတော့ ဘာစာမှလည်းမဖတ်ကြဘူး။ စာဖတ်ဖို့ ကျောင်းစာကြည့်တိုက်မရှိ၊ ကျောင်းစာကြည့်တိုက်ရှိတဲ့ ကျောင်းကျ ပြန်တော့လည်း ဖတ်စရာ စာအုပ်ကမရှိ ရှိတဲ့စာအုပ်ကျပြန်တော့လည်း ကလေးတွေ စိတ်ဝင်စားမည့် ကလေးတွေအတွက် အဆင့်ဆင့်သူ့ အတန်းလိုက် ဆိုင်ရာဗဟုသုတ မြင့်တင်ရေး အတွေးအခေါ် မြင့်မားရေးစာအုပ်တွေက မရှိဆိုတော့ ကလေးတွေမှာ စာဖတ်ခြင်းကို လုံးဝစိတ်မဝင်စားကြတော့ပါဘူး။ မြန်မာပညာရေးစနစ်ကလည်း ဆယ်တန်းမှာ အမှတ်ကောင်းကောင်းရမှ ဆရာဝန်ဖြစ်မယ် အင်ဂျင်နီယာဖြစ်မယ် အဆင့်မြင့် ဘာသာရပ်

**တန်ဖိုးရှိသူတွေရဲ့**
**လက်ထဲကိုရောက်အောင်**
**မပို့နိုင်သရွေ့**
**မိမိတို့အမိမြန်မာနိုင်ငံကြီးသည်**
**တန်ဖိုးမသိသူ**
**တာဝန်မဲ့သူတန်ဖိုးမဲ့သူတွေ**
**ပိုမိုများသည်ထက်များနေ....**

တွေရမယ်ဆိုပြီး ထားလေတော့ ကျောင်းသားတွေရဲ့ ခေါင်းထဲမှာ ဆယ်တန်းမှာ အမှတ်ကောင်းကောင်းရရေး ဂုဏ်ထူးများများထွက်ရေးက လွဲပြီး တခြားဘာမှမစဉ်းစားနိုင်ကြတော့ပါဘူး။ မိဘတွေကလည်း သားသမီးအမှတ်ကောင်းကောင်းရရေးနဲ့ ဆရာဝန်ကြီးဖြစ်ရေး အင်ဂျင်နီယာကြီး ဖြစ်ရေးကိုပဲ စိတ်ဝင်စားကြပါတော့တယ်။ သားသမီးတွေ ဆယ်တန်းအောင်ရင် ငါ့သားသမီးကဂုဏ်ထူး ဘယ်လောက်ရတယ် ဘယ်ကိုတက်မယ်နဲ့ ကြွားဖို့လောက်ပဲ စိတ်ဝင်စားကြပါတော့တယ်။ သားသမီးတွေ ဘွဲ့တွေရတော့လဲ သားတွေ သမီးတွေနဲ့ အဲဒီဘွဲ့လက်မှတ်လေး၊ ဘွဲ့ဝတ်စုံလေးနဲ့တွဲရိုက်ပြီး အိမ်မှာ ကြွားဖို့ ချိတ်ထားတာလောက်ပဲ စိတ်ဝင်စားကြပါတော့တယ်။

သားသမီးနဲ့မိဘ အပြန်အလှန် အတွေးအခေါ်တွေနိမ့်ကျ တန်ဖိုးသိမှုတွေ နည်းလာတော့ တန်ဖိုးမြင့်တင်မှုတွေလည်း နည်းလာကြပါတော့တယ်။ တန်ဖိုးသိမှု တန်ဖိုးမြင့်တင်မှုတွေ နည်းပါးလာတော့ တန်ဖိုးမဲ့သူတွေလည်း ကြာလေများလေ ဖြစ်လာပါတယ်။ ဒါဟာ တိုင်းပြည်အတွက်အလွန်ကို အန္တရာယ်ကြီးလှပါတယ်။


ယနေ့တိုင်းပြည်ကိုအုပ်ချုပ်နေကြတဲ့ ပုဂ္ဂိုလ်ကြီးတွေကတော့တိုင်းသူပြည်သားတွေ ကျောင်းသူ ကျောင်းသားတွေ ပညာမတတ်လေကောင်းလေ တန်ဖိုးမသိလေကောင်းလေ တန်ဖိုးမဲ့လေကောင်းလေလို့ တွေးခေါ်စဉ်း



ကြပြီး စနစ်ကျကျ စီမံကိန်းချဖျက်ဆီးလာ ကြပါပြီ။ ယနေ့ထိလည်းသူတို့ အကြောက်ဆုံးက အဆင့်မြင့်ပညာရေးဖြစ်သွားတာကို အကြောက်ဆုံး ဖြစ်ပါတယ်။ သူတို့ ခေါင်းထဲမှာ သူတို့ရဲ့ အာဏာရှင်ဖိုးအေကြီး ဦးနေဝင်းက 'ပညာရေးကို မြှင့်တင်မပေးနဲ့ ကောင်းကောင်း ဖျက်ဆီးထားနိုင်မှ ငါတို့ တိုင်းပြည်ရဲ့အာဏာကို ထာဝရကိုင်စွဲထားနိုင်မယ်' ဆိုတဲ့ မှားယွင်းတဲ့အယူအဆ အတွေးအခေါ်တွေဟာ သံမှိုစွဲထားသလို စွဲကျန်ရစ်ခဲ့ကြပါတယ်။ ဒါကြောင့်လဲ ကျောင်းသားတွေ တောင်းဆိုတဲ့ ပညာရေးကို မလိုက်လျောနိုင်ပဲ အကြမ်းဖက်ဖြိုခွင်းပစ်ခြင်းဖြစ်ပါတယ်။ သူတို့ကိုယ်တိုင် သူတို့ဘဝတန်ဖိုးကို မသိသိအောင်လည်း ကြိုးစားခွင့်မရှိတဲ့ အာဏာရှင်ချုပ်ကိုင်မှု ပညာရေးနဲ့ကြီးပြင်းလာရတာဖြစ်သေတော့ မိမိဘဝတန်ဖိုးကို သိအောင် နားလည်အောင် ဘယ်လိုကြိုးစားမယ် မိမိနှင့် မိမိနိုင်ငံကြီးရဲ့ တန်ဖိုးတွေကို ဘယ်လိုမြှင့်တင်နိုင်အောင် ကြိုးစားမယ်ဆိုတာ သူတို့ရင်ထဲမှာမရှိတော့ပါဘူး။ တန်ဖိုးမဲ့သူ တန်ဖိုးမရှိသူတွေမှန်သမျှရဲ့ အတွေးဟာ သူတို့ထက်သာသွားမှာသူတို့ထက် မြင့်သွားမှာကို အကြောက်ဆုံးပါပဲ။ ဒါကြောင့် သူတို့ထက် သာတယ် မြင့်တယ် တွေးခေါ်စဉ်းစားနိုင်အား ကောင်းတယ် တန်ဖိုးရှိတယ်ဆိုတဲ့သူတွေ အားလုံးကို ထောင်ထဲ နှစ်ရှည်ထောင်ဒဏ်ချ ညှင်းပန်းနှိပ်စက် သတ်ဖြတ်ကာ ဖျက်ဆီးပစ်ကြခြင်းဖြစ်ပါတယ်။

တန်ဖိုးမသိသူ တန်ဖိုးမရှိသူတန်ဖိုးမဲ့သူတွေရဲ့ လက်ထဲမှာ တိုင်းပြည်ရဲ့အာဏာပါဝါရှိနေသရွေ့ တိုင်းပြည်ရဲ့ အာဏာပါဝါအုပ်ချုပ်ပိုင်ခွင့်တွေကို တန်ဖိုးသိသူ တန်ဖိုးရှိသူတွေရဲ့ လက်ထဲကို ရောက်အောင်မပို့နိုင်သရွေ့ မိမိတို့အမိမြန်မာနိုင်ငံကြီးသည်လည်း တန်ဖိုးမသိသူ တာဝန်မဲ့သူတန်ဖိုးမဲ့သူတွေ ပိုမိုများသည်ထက်များနေဦးမှာ ဖြစ်ပါကြောင်းကို အသိပညာပေး ပြောကြားလိုက်ပါတယ်။ တန်ဖိုးကို သိအောင်ကြိုးစားသူ တန်ဖိုးကိုအမြဲမြှင့်တင်နေသူ၊ တာဝန်ယူမှု တာဝန်ခံမှုအပြည့်အဝရှိသူ၊ တန်ဖိုးရှိသူများဖြစ်အောင် များများဖတ်၊ များများသင်ယူ၊ များများတွေးခေါ်စဉ်းစား၊ များများဆွေးနွေး၍ မိမိကျေးရွာ၊ မိမိမြို့၊ မိမိနိုင်ငံ၊ မိမိကမ္ဘာကြီးအတွက် တာဝန်တွေကျေပွန်စွာ ထမ်းဆောင်နိုင်ကြသော တန်ဖိုးရှိသူ အာဇာနည် သူရဲကောင်းများ များများပေါ်ပေါက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။





# အခွင့်အလမ်းနှင့်မိမိကံကြမ္မာ

ဦးဇင်းတို့ ငယ်စဉ်ကိုရင်ဘဝက ခေါင်းရိတ်ကြတဲ့အခါမှာ သင်ဓုန်းဓားနှင့် ရိတ်ကြရပါတယ်။ ခေါင်းရိတ်ခါနီးတိုင်း သင်ဓုန်းဓားကို သွေးရပါတယ်။ သင်ဓုန်းဓားကို သွေးမယ်ဆိုရင် ဓားသွေးကျောက်ကောင်းရှိဖို့လိုပါတယ်။ တွေ့တဲ့ ကျောက်နဲ့ ဓားကို သွေးလို့ မရပါဘူး။ တွေ့တဲ့ကျောက်နဲ့ သွေးမယ်ဆိုရင် ဓားက ထက်မလာတဲ့အပြင် ပဲ့သွားနိုင်ပါတယ်။ ပဲ့သွားပြီဆိုရင် သုံးလို့မရတော့ပါဘူး။ အဲဒီအချိန်ကာလက ဂျာမဏီကလာတဲ့ ဓားမောက်တံဆိပ်ဓားတွေဟာ အလွန်ကောင်းပါတယ်။ ဈေးလည်းကြီးပါတယ်။ တစ်ခါသွေးလိုက်ရုံနဲ့ ခေါင်း (၁၀) ခေါင်းလောက်ကို ဆက်တိုက်ရိတ်လို့ ရပါတယ်။ တရုတ်ပြည်ကလာတဲ့ ဓားတွေကတော့ ဈေးပေါပါတယ်။ ဓားက သိပ်ပြီး မကောင်းပါဘူး။



နှစ်ခေါင်းလောက် ရိတ်လိုက် သွေးလိုက်လုပ်ရပါတယ်။

အဲဒီအချိန်အခါက ရဟန်းသံဃာတော်တွေ ခေါင်းရိတ်တိုင်း သင်ဓုန်းဓားကို သုံးကြရတာမို့ အမြဲတမ်း သွေးပေးနေကြရပါတယ်။ အမြဲတမ်း သွေးပေးနေလို့ ထက်လည်းထက်တယ်။ ပြတ်လည်း ပြတ်ပါတယ်။ ဒီလိုထက်လို့လည်း အဲဒီအချိန်အခါက သင်ဓုန်းဓားတွေဟာ ရဟန်းသံဃာတွေရဲ့ ခေါင်းပေါ်မှာ အမြဲနေရာရနေကြပါတယ်။ ဒါကြောင့်လည်း သံဃာတော်များအတွက် ပရိက္ခရာရှစ်ပါးထဲမှာ သင်ဓုန်းဓားကို တစ်ပါးအပါအဝင်အဖြစ် ထည့်ထားကြရပါတယ်။

Everything is changing ဆိုတဲ့ အတိုင်း အရာအားလုံးဟာ အမြဲတမ်းပြောင်းလဲနေကြလေတော့ ယနေ့ကာလသံဃာတော်များရဲ့ခေါင်းပေါ်မှာ သင်ဓုန်းဓားကို မတွေ့ကြရတော့ပါဘူး။ တစ်ခါသုံး ရယ်ဒီမိတ်တွေ ခေတ်စားလာတာရယ်၊ HIV ကူးစက်ရောဂါတွေရယ်ကြောင့် သင်ဓုန်းဓားအစား တစ်ခါသုံး ဘလိတ်ဓားတွေက နေရာယူလာပါတော့တယ်။

ဘလိတ်ဓားတွေ နေရာယူလာတော့ သင်ဓုန်းဓားတွေအတွက် ရဟန်းသံဃာတော်

ဘွဲ့ရဲ့ခေါင်းပေါ်မှာ ရောက်ရမယ့် အခွင့်အလမ်း ဟာ ပျောက်သွားပါတယ်။ အခွင့်အလမ်း ပျောက်သွားတာနှင့်အမျှ သင်ရုန်းဓားကိုဘယ် သူကမှ အပင်ပန်းခံပြီး မသွေးကြတော့ပါဘူး။ သွေးကြတော့ အရင်ကလို မထက်တော့ပါ ဘူး၊ မပြတ်တော့ပါဘူး။ သံချေးတွေ တက် ပြီး ပျက်စီးသွားကြပါတော့တယ်။

အခွင့်အလမ်းဟာ အလွန်အရေးကြီး ပါတယ်။ သင်ရုန်းဓားလေးဟာ သက်မဲ့ ပစ္စည်းဖြစ်တဲ့အတွက် သူ့ရဲ့အခွင့်အလမ်းကို သူမရှာနိုင်ပါဘူး။ သူ့ရဲ့အခွင့်အလမ်းကိုမရှာ နိုင်လို့ဘဲ သွေးမည့်သူမရှိတော့ဘဲ သံချေး တက်ကာ တန်ဖိုးမဲ့ဘဝနှင့် နိဂုံးချုပ်ရပါ တယ်။

ဒါကို ကောင်းစွာသင်ခန်းစာ ယူရ ပါမယ်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ မျိုးဆက်သစ် ကျောင်းသားလူငယ်တွေကို ကိုယ်ပိုင် စဉ်းစားတတ်၊ တွေးခေါ်တတ်အောင် သင်ပေးနေပါတယ်။ ကျောင်းတိုင်းမှာ စာ ကြည့်တိုက်တွေ တည်ထောင်ပေးကာ စာ တွေ ဖတ်လာအောင် လေ့ကျင့်ပေးတယ်။ ကျောင်းသားတွေ ကိုယ်ဝါသနာပါရာလုပ်ငန်း တွေကို ထူးချွန်စွာ ဖန်တီးနိုင်အောင် အခွင့် အလမ်းတွေ ဖန်တီးပေးတယ်။ ကျောင်းသား ဘဝကနေ ထူးချွန်တဲ့ သိပ္ပံပညာရှင်ကြီးတွေ၊ သင်္ချာ ပညာရှင်ကြီးတွေ၊ အတွေးအခေါ် ပညာ ရှင်ကြီးတွေ၊ ဝန်ကြီးတွေ၊ သမ္မတတွေ၊ လွှတ်တော်အမတ်တွေ စသည်ဖြင့် ကိုယ် ဝါသနာပါရာလုပ်ငန်းတွေမှာ အဆင့်ဆင့်ထူး

**မြန်မာနိုင်ငံမျိုးဆက်သစ်**
**လူငယ်ကျောင်းသားတွေမှာ**
**အခွင့်အလမ်းတွေ**
**ပျောက်ဆုံးနေခဲ့တာ**
**ကာလအားဖြင့်ဆိုလျှင်**
**(၅၁) နှစ်တိုင်တိုင်ကြာခဲ့ပါပြီ။**
**ပညာရေးကိုနည်းမျိုးစုံဖြင့်**
**ဖျက်ဆီးခံခဲ့ရတယ်။**

ထူးချွန်ချွန် လုပ်နိုင်ကြအောင် အခွင့်အလမ်း တွေ ဖန်တီးပေးကြပါတယ်။

ကျောင်းသားတွေကလည်း မိမိတို့ အတွက် တကယ်ကြိုးစားရင် ကြိုးစားသ လောက် ထူးချွန်ပိုင်ခွင့်၊ ထက်မြက်ပိုင်ခွင့် လုပ်နိုင်ခွင့် အခွင့်အလမ်းတွေကို ကိုယ်တိုင် မြင်တွေ့နေရလေတော့ တစ်ယောက်နှင့်တစ် ယောက် သူ့ထက်ငါအပြိုင် တကယ်ကြိုးစား ကြပါတယ်။ စာတွေ တအားဖတ်ကြပါတယ်။ နည်းလမ်းတွေ တီထွင်ကြံဆမှုတွေ အမြဲတမ်း ရှာဖွေဖော်ထုတ်ကြပါတယ်။ ဒါကြောင့်လည်း သူတို့နိုင်ငံတွေက ကျောင်းသားလူငယ်တွေ ဟာ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက် မြင့်မားလာကြပါတယ်။

မိမိတို့၏ကံကြမ္မာ
မိမိတို့၏အခွင့်အလမ်းသည်
မိမိတို့၏လက်ထဲမှာသာရှိသည်မို့
မိမိတို့ကိုယ်တိုင်ရဲရဲရင့်ရင့်
ရင်ဆိုင်ရှာဖွေကြပါ။
သူများယောင်တိုင်း
လိုက်မယောင်ပါနှင့်။



ယနေ့ မြန်မာနိုင်ငံ မျိုးဆက်သစ် လူငယ်ကျောင်းသားတွေမှာ အခွင့်အလမ်းတွေ ပျောက်ဆုံးနေခဲ့တာ ကာလအားဖြင့်ဆိုလျှင် (၅၁) နှစ်တိုင်တိုင် ကြာခဲ့ပါပြီ။ ပညာရေးကို နည်းမျိုးစုံဖြင့် ဖျက်ဆီးခံခဲ့ရတယ်။ တက္ကသိုလ်ကျောင်းကြီးတွေ ကာလကြာမြင့်စွာ ပိတ်ထားခဲ့တယ်။ တက္ကသိုလ် ကျောင်းတော်ကြီးများကို မြို့ပြင်မြို့စွန်တွေကို ပို့ပစ်ကာ တက္ကသိုလ်ကျောင်းသားတွေကို လူစုခွဲခဲ့တယ်။အဆောက်အဦးကြီးတွေကိုသာ ဆောက်ပြီး သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံအောင် ထားမပေးဘူး။ ကွန်ပျူတာ ကျောင်းသားတွေက ကွန်ပျူတာ အလုံအလောက် မရှိလို့ မကိုင်ရဘူး။ ဆရာမတွေကိုလည်း အရည်အသွေးပြည့်ဝအောင် မသင်ထားပေးဘူး။ ဒါရေးဒါမှတ်၊ ဒါကျက်၊ အာဂုံ အလွတ်ပြန် အချိန်တန်ရင် ဘွဲ့လက်မှတ်လေးပေး လိုက်မယ်ဆိုတာထက် ပိုမလာဘူး။ ကျောင်းသားတွေမှာလည်း ကျောင်းပြီးလို့ ဘွဲ့လက်မှတ်ကြီးပိုက်ကာ ဘာလုပ်ရမှန်းမသိကြ။ ဘွဲ့လက်မှတ်ကြီးတွေပိုက်ကာ သူများနိုင်ငံသွားကာ အိမ်ဖော်လုပ်နေကြရ ကျွန်ခံနေကြရတယ်။ မြန်မာနိုင်ငံ ကျောင်းသားတွေအတွက် သူများနိုင်ငံက ကျောင်းသားတွေလို အခွင့်အလမ်းတွေဖန်တီးပေးထားတာ မရှိတော့ ကျောင်းသားတွေဟာ ပညာရေးကို စိတ်ဝင်စားမှု မရှိကြတော့ပါဘူး။ စိတ်ဝင်စားမှု မရှိတော့ မကြိုးစားကြတော့ပါဘူး။ "ဘွဲ့ရလည်း ဘာလုပ်မှာလဲ


ညာတတ်လည်း အလကားပါပဲ' လို့ ထင် အောင်၊ မြင်အောင် အခွင့်အလမ်းတွေ အပိတ် သားရတာဟာ တိုင်းပြည်အတွက် အင်မတန် မ်းနည်းစရာ ကောင်းလှပါတယ်။

အာဏာရှင်တွေမှန်သမျှ ပြည်သူ လူထုကို သနားတယ် ငဲ့ညာတယ်ဆိုတာ လုံးဝ ရှိပါဘူး။ အာဏာရှင်တွေဟာ သူတို့အာဏာ ပါကို ဘယ်လိုမြဲအောင် ကလိမ်ကကျစ်ကျ ပဲ လှည့်ကွက်ဆင်ရမလဲ ဆိုတာကိုပဲ အမြဲ တွေးပါတယ်။ 'အာဏာရှင်တွေသနားရင်တော့ မ်းသာမှာပဲ (ကျားသနားရင် နွားချမ်းသာ မှာပဲ) အခုလိုဘဝမျိုးတွေက လွတ်မှာပဲ' လို့ ယ်တော့မှ မတွေးပါနဲ့။ အာဏာရှင်တွေဟာ ရင်ကလည်း မိမိတို့ရဲ့ အခွင့်အလမ်းတွေ ကို နည်းမျိုးစုံပိတ်ကာ ဖျက်ဆီးခဲ့သလို အခု ည်း နည်းမျိုးစုံသုံးကာ ဖျက်ဆီးနေကြပါ တယ်။ စစ်အာဏာရှင်ကြီးများ၊ ခရိုနီများနှင့် သူတို့ရဲ့ သားသမီးတွေ သူတို့အုပ်စုတွေ အတွက် အခွင့်အလမ်းတွေ လှိုင်လှိုင်ကြီးရ အောင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တ်တိုင်းကျရေးဆွဲခဲ့ခြင်းသာ ဖြစ်ပါတယ်။

ပြည်သူလူထုက ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်မယ်လို့ ပြောတာကို လက်မခံ ခြင်းသည် သူတို့အခွင့်အလမ်းတွေ ပျောက် သွားမှာစိုးလို့ ဘာသာရေးနဲ့ လှည့်တိုက် လမ်း ပြဲ အမြတ်ထုတ်နေကြခြင်းသာ ဖြစ်ပါတယ်။ ဒါကို မိမိတို့ ပြည်သူပြည်သားများ အချင်း ချင်းကောင်းစွာ နားလည်ရပါမယ်။ သင်ခုန်း စာဟာ သက်မဲ့ဖြစ်လို့ သူ့အခွင့်အလမ်းကို သူမရှာနိုင်၊ ရုန်းမထွက်နိုင်လို့ သံချေးတက် သုံးငွေမရဖြစ်ကာ မြောင်းထဲ ရောက်သွားတာက ကိစ္စမရှိပေမယ့် မိမိတို့ဟာ သူများထားရာနေ စေရာသွား သက်မဲ့ပစ္စည်းတွေ စက်ရုပ်တွေလို နေကြမယ် နိဂုံးချုပ်ကြမည်ဆိုလျှင် ဟိုအရင် နှစ်ပေါင်း (၅၁) နှစ်တာကာလလိုပဲ အမှောင် ထဲမှာ ယောင်လည်လည်နဲ့ မျက်စိသူငယ်၊ နားသူငယ်ဖြင့် ကမ္ဘာ့အလယ်မှာ သူများ အနှိမ်ခံ အထင်သေးခံဘဝမှ လွတ်နိုင်မည် မဟုတ်ကြပါ။

မိမိတို့၏ ကံကြမ္မာ မိမိတို့၏အခွင့် အလမ်းသည် မိမိတို့၏ လက်ထဲမှာသာ ရှိ သည်မို့ မိမိတို့ကိုယ်တိုင် ရဲရဲရင့်ရင့် ရင်ဆိုင် ရှာဖွေကြပါ။ သူများယောင်တိုင်း လိုက် မယောင်ပါနှင့်။ သူများရဲ့ လှည့်ကွက်တွေ ထဲမှာ လမ်းမဆုံးပါစေနှင့်။ မြတ်စွာဘုရား ရှင်၏ဝါဒသည် 'ဝိဘဇ္ဇဝါဒ' ကိုယ်ပိုင်အသိ ဉာဏ်ပညာဖြင့် ရဲရဲရင့်ရင့် ဝေဖန်ပိုင်းခြား ကာ မိမိကံကြမ္မာ၊ မိမိရပိုင်ခွင့် အခွင့်အလမ်း တွေကို ကိုယ်တိုင်ရှာ ကိုယ်တိုင်လျှောက်လှမ်း ရင်း မိမိအတွက်၊ တိုင်းသူပြည်သားတွေ အတွက်၊ တကယ်တန်ဖိုးရှိသော အခွင့်အလမ်း တွေကို ကိုယ်တိုင်ဖန်တီးနိုင်သော နိုင်ငံရဲ့ အာဇာနည်သူရဲကောင်းများ ဖြစ်အောင် ကြိုး စားနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်း ရေး သားလိုက်ပါတယ်။

အမှတ်(၁၄)၊ ဧပြီလ ၂၀၁၄။
(ခေတ်လူများ၏ မှတ်စုဂျာနယ်)



# ဘဝစာစီစာကုံးဘယ်လိုသီကုံးကြမလဲ

မိတ်ဆွေများအားလုံး စာသင်ကျောင်းမှာနေစဉ် စာစီစာကုံးကောင်းတစ်ပုဒ်ဖြစ်အောင် ဘယ်လိုရေးသားရတယ်ဆိုတာကို သင်ကြားခဲ့ဖူးကြပါတယ်။ ကိုယ်တိုင်လည်း ရေးခဲ့ကြပါဖူးပါတယ်။ စာစီစာကုံးကိုရေးသားတဲ့အခါမှာ နိဒါန်း၊ စာကိုယ်၊ နိဂုံး ဆိုပြီး သုံးပိုင်းရှိပါတယ်။ စာစီစာကုံးကောင်းတစ်ပုဒ်ဖြစ်ဖို့ နိဒါန်း၊ စာကိုယ်၊ နိဂုံးဆိုတဲ့ အစ၊ အလယ်၊ အဆုံး သုံးပိုင်းလုံးကို ကောင်းအောင် ပိုင်နိုင်ကျွမ်းကျင်အောင် ရေးသားကြရပါတယ်။ စာစီစာကုံးကောင်းတစ်ပုဒ်ရဖို့ ရေးပုံရေးနည်းတွေ ဆရာတွေဆီမှာ သင်ကြရတယ်၊ သူများရေးပြီးသား စာစီစာကုံးကောင်းတွေကို နမူနာယူဖတ်ရှုကြရတယ်၊ စာပေဗဟုသုတတွေများများ ရှာကြရပါတယ်။ ဒါပေမဲ့တကယ့်အရေးကြီးလှတဲ့ တန်ဖိုးဖြတ်လို့မရတဲ့ မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင် စာစီစာကုံးသဖွယ် ရေးသားနေကြရတာပါလား ဆိုတာကိုတော့ အများအားဖြင့် မေ့နေကြတာများပါတယ်။

ကိုယ်ရေးခဲ့တဲ့ စာစီစာကုံးလေးကိုတောင် အစ၊ အလယ်၊ အဆုံး ကောင်းရမယ်ဆိုပြီး တန်ဖိုးထားကာ ကြိုးစားပြီးရေးနိုင်သေးရင် မိမိတို့ရဲ့ တန်ဖိုးရှိတဲ့ဘဝကိုလည်း ကောင်းအောင် တန်ဖိုးရှိအောင် ရေးနိုင်ရမှာ ဖြစ်ပါတယ်။ မိမိတို့ ကိုးကွယ်ဆည်းကပ်ရာ မြတ်စွာဘုရားရှင်သည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့ရဲ့ ဘဝတွေကို ကောင်းစေချင်၊ တန်ဖိုးရှိစေချင်သည့်အတွက် အပင်ပန်းအဆင်းရဲ ခံကာ ပါရမီတွေဖြည့်ကျင့်လျက် နည်းပေးလမ်းပြညွှန်ပြခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဗုဒ္ဓညွှန်ပြသင်ပြတဲ့ တရားဓမ္မတွေကို လေ့လာသင်ယူဖတ်ရှုတဲ့အခါမှာ ပုဂ္ဂိုလ်တွေပေါ်မှာ လမ်းမဆုံးစေချင်ပါဘူး။ ဥပမာအားဖြင့် အများသိကြတဲ့ အတိုင်း ဒေဝဒတ်ဟော့ဆိုတာနဲ့ အလိုလိုမုန်းတီး နေကြပါတော့တယ်။ ဘာဖြစ်လို့မုန်းတီးနေကြတာလဲ၊ မိမိနဲ့ဒေဝဒတ်နဲ့ ရန်ဖြစ်ဖူးလို့လား၊ ဒေဝဒတ်က မိမိတို့အပေါ်မှာ ဘာတွေ ယုတ်မာဘူးလို့လဲ။ သေချာပြန်စဉ်းစားကြည့်စေချင်ပါတယ်။

မိမိတို့ရဲ့ချဉ်းကပ်လေ့လာမှုဖြစ်ပါတယ်။ မိမိလည်း ငယ်စဉ်က အလိုလိုနေရင်း ဒေဝဒတ်ဆိုရင် မကြိုက်ချင်ပါဘူး။ မုန်းနေမိပါတယ်။ ဘာလို့ မုန်းနေမိတာလဲဆိုတော့ ငယ်စဉ်က ဖတ်ခဲ့ရ သင်ခဲ့ရတဲ့စာနဲ့ လူကြီးတွေ ပြောပြတာတွေကို နားထောင်ခဲ့ရတာက အမြဲတမ်းလိုလို ဒေဝဒတ်ကြီးက ဘုရားလောင်းကို ဘယ်လို ယုတ်မာလိုက်ကြောင်း၊ ဘယ်လို သတ်ဖြတ်ညှင်းဆဲကြောင်းတွေကြီးပဲ သင်ခဲ့ရတော့ ဘုရားလောင်းကို သနားပြီးတော့ ဒေဝဒတ်ဆို အလိုလို မုန်းတီးမိနေပါတော့တယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံသားအများစုကြီးကို ကြည့်လိုက်ရင် တစ်ယောက်နဲ့ တစ်ယောက် ကိုယ့်လူမျိုး အချင်းချင်း၊ ညီအစ်ကို မောင်နှမချင်းကအစ ခွင့်မလွှတ်နိုင် သည်းမခံနိုင်ကြဘဲ အမုန်းတရားတွေအငြိုးအာဃာတတွေ ကြီးထွားနေကြတာလားလို့ တွေးထင်မိပါတယ်။


ဗုဒ္ဓမြတ်စွာဘုရားက မိမိတို့ကိုပုဂ္ဂိုလ်ရေးမှာပဲ လမ်းဆုံးပြီးတော့ အမုန်းတရားတွေ ကြီးထွားနေဖို့ သင်ပြပေးခြင်း မဟုတ်ပါ။ ထိုပုဂ္ဂိုလ်တွေကျင့်သုံးတဲ့ ဓမ္မတရားထိရောက်အောင်သွားပြီး အကြောင်းအကျိုး၊ အကောင်းအဆိုးတွေကို ဝေဖန်ပိုင်းခြားနိုင်ပြီး သင်ခန်းစာ ယူသင့်တာ ယူနိုင်အောင်၊ ရှောင်သင့်တာတွေ ရှောင်နိုင်အောင် ကျင့်သုံးသင့်တာတွေ ကျင့်သုံးနိုင်အောင် သင်ပြညွှန်ပြခြင်းသာဖြစ်ပါတယ်။ မိမိတို့သိရှိထားတဲ့ ဒေဝဒတ်အကြောင်းကို ချဉ်းကပ်ကြည့်ပါ။ ဒေဝဒတ်ဟာ ဈာန်အဘိညာဏ်ကိုတောင် ရထားတဲ့ ရဟန်းတပါး ဖြစ်ပါတယ်။ ဈာန်အဘိညာဏ်ကိုရဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဈာန်အဘိညာဏ်တွေ ထိအောင် ရထားပါလျက် ဘာကြောင့်လမ်းမှားကို ရောက်သွားရတာလဲ၊ လမ်းမှားကိုရောက်အောင် ပို့ဆောင်ပေးလိုက်တဲ့ အဓိကအချက်က ဘာလဲဆိုတာကို အဖြေရှာဖို့လိုပါတယ်။

ဒေဝဒတ်ကို လမ်းမှားပို့ပေးလိုက်တဲ့ အချက်ကတော့ မနာလိုမှု-ဣဿာမစ္ဆရိယတရားပဲ ဖြစ်ပါတယ်။ ဒီတရားနှစ်ပါး

ကို သူဘယ်ကတည်းက စတင်ကျင့်သုံးခဲ့တာ
ဆိုတော့ ရွှေကုန်သည်ဘဝက စခဲ့ပါတယ်။
ားလုံးသိကြတဲ့အတိုင်း သူ့ရဲ့မရိုးသားမှု၊
လောဘမတရားလိုချင်မှု၊ ဝိသမလောဘစော
ကြောင့် ရွှေခွက်ကြီးကိုမရလိုက်ဘဲ ဆုံး
သွားရတဲ့ မိမိရဲ့အမှားကိုမြင်အောင် မကြည့်
ဲ ရိုးသားမှုကြောင့် ရွှေခွက်ကိုရသွားတဲ့
ရားလောင်းအပေါ်မှာ ငါရမယ့်ရွှေခွက်ကြီးကို
သွားလေပြီလို့ ဘုရားလောင်းအပေါ်မှာ
ကာစလို့ မနာလိုဝန်တိုမှု ဣဿာ၊ မစ္ဆရိယ
ဖြစ်ကာ ရန်ငြိုးတွေ ဖွဲ့မိပါတော့တယ်။

အဲဒီမနာလိုဝန်တိုမှု ရန်ငြိုးအာဃာတ
ရားက သူ့ကို ဘဝဆက်တိုင်းလိုက်ပြီး ဒုက္ခ
ပေးလာလိုက်တာ နောက်ဆုံး ဈာန်အဘိညာဏ်
ရလို့ ရဟန်းတစ်ပါးဖြစ်သည့် တိုင်အောင်
လိုက်ပြီး ဒုက္ခပေးပါတော့တယ်။ ပထမ
ပြီးတော့ သူနဲ့အတူဝတ်လာတဲ့ အရှင်
နုရုဒ္ဓါ၊ အရှင်ဘဂု၊ အရှင် ဘဒ္ဒိယတို့အပေါ်
မှာ မနာလိုဝန်တိုမှု ဣဿာ၊ မစ္ဆရိယတွေ
ဖြစ်ပါတယ်။ နောက်အဲဒီကနေဆက်ပြီး ကြီး
သွားလိုက်တာ ဗုဒ္ဓဘုရားရှင်ကိုပါ မနာလို
ဝန်တိုမှုဖြစ်ပြီး ဘုရားနဲ့ပြိုင်ကာ ဒုက္ခမျိုးစုံ
ပေးပါတော့တယ်။ နောက်ဆုံးသူ့ရဲ့ မနာလို
ဝန်တိုမှု အငြိုးအာဃာတတရားတွေကို မထိန်း
နိုင်လို့ ဘုရားရှင်ကို ကျောက်မောင်းဆင်ကာ
သတ်ဖို့ ကြိုးစားတာကြောင့် ဘုရားရှင်ရဲ့
ခြေမတော်ကို သွေးစိမ်းတည်အောင် လုပ်ခြင်း
ဆိုတဲ့ ပဉ္စာနန္တရိယ ကံကြီးထိုက်သည်အထိ
ကျူးလွန်မိပါတော့တယ်။ အဲဒီအဆိုးကံတွေ
ကြောင့်ပဲ ဒေဝဒတ်ဟာ မြေမျိုခံရခြင်းနဲ့

ဈာန်အဘိညာဏ်ကိုရဖို့ဆိုတာ
လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။
ဈာန်အဘိညာဏ်တွေ
ထိအောင်ရထားပါလျက်
ဘာကြောင့်လမ်းမှားကို
ရောက်သွားရတာလဲ
လမ်းမှားကိုရောက်အောင်
ပို့ဆောင်ပေးလိုက်တဲ့
အဓိကအချက်ကဘာလဲ



**ကြုံတွေ့လာတဲ့ လောကဓံတရားတွေကို ကောင်းကောင်း ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ဗိမိမှာဗုဒ္ဓသင်ပြညွှန်ပြ ပေးထားတဲ့ အားတွေရှိဖို့လိုပါတယ်။**

မဟာအဝီစိငရဲထိအောင် ကျခံရခြင်းဆို တဲ့ နိဂုံးခန်းမလှမပ ဖြစ်ရပါတော့တယ်။ဒါကြောင့် အရှင်ဒေဝဒတ်ရဲ့ ဘဝဇာတ်စာကုံးဟာ မလှမပနဲ့ နိဂုံးချုပ်ရခြင်း ဖြစ်ပါတယ်။

မိမိတို့တတွေလည်း ရှင်ဒေဝဒတ်လို မနာလိုဝန်တိုမှု ဣဿာ၊ မစ္ဆရိယတရားတွေ၊ အမုန်းတရားတွေ၊ အငြိုးအာဃာတတွေ၊ ဝိသမလောဘတွေကို နိုင်အောင် မငြိမ်းပဲ ကြီးထွားအောင် မွေးမြူနေမည်ဆိုလျှင် ထိုအဆိုးတရားတွေက မိမိတို့ရဲ့ ဘဝတွေကို မလှပအောင်၊ မငြိမ်းချမ်းအောင် ဖျက်ဆီးနေမှာ ဖြစ်ပါတယ်။ ဒါကို သမိုင်းသင်ခန်းစာတွေမှာ ကြည့်ရင်လည်း သိနိုင်ပါတယ်။ တစ်ချိန်ကတိုင်းပြည်ရဲ့ လွတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော်သုံးကျိပ်ထဲပါခဲ့တဲ့ ဦးနေဝင်းကြီးဟာ မိမိဘဝကို အကောင်းဘက်မှာ ဆက်လက်ရေးသားမည်ဆိုလျှင် မိမိဘဝဇာတ်စာကုံးဟာ တန်ဖိုးရှိကာ ကောင်းမွန်နိုင်ပါလျက် မိမိရင်ထဲက ဝိသမလောဘတရားတွေရဲ့ တိုက်တွန်းနှိုးဆော်မှုတွေကို လိုက်လုပ်မိလေတော့ ကြာလေ အဆိုးတရားတွေကြီးထွားလာကာ တိုင်းပြည်နှင့်လူမျိုးကိုပါ ဖျက်ဆီးမိသည့် အဓိကတရားခံကြီးအဖြစ် မလှမပနဲ့ ဘဝနိဂုံးချုပ်သွားတာကို ကြည့်ရင် သတိသံဝေ ရစရာ ကောင်းလှပါတယ်။

ရဲဘော်သုံးကျိပ်ဝင်ချင်းအတူတူ မိမိရင်ထဲကမတရားမှုတွေကိုနိုင်အောင်တိုက် ပြီး 'မိမိဘဝဟာ တိုင်းသူပြည်သားတွေ ကောင်းစားရေး၊ လွတ်မြောက်ရေး၊ ချမ်းသာရေး၊ ငြိမ်းချမ်းရေးအတွက် ဖြစ်ရမယ်'လို့ ဘဝနဲ့အသက်ကို စတေးကာ တည်ဆောက် သွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုကျတော့ ယနေ့ ထိအောင် ပြည်သူလူထုကြီးက အောက်မေ့ အမှတ်ရနေဆဲ၊ တမ်းတနေဆဲဖြစ်နေကြရခြင်း မှာ ဗိုလ်ချုပ်ဟာ သူ့ဘဝကို အစ၊ အလယ် အဆုံး သုံးပိုင်းလုံးကောင်းအောင် ရေးသွား နိုင်လို့ ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့တတွေလည်း မိမိ တို့ရဲ့ဘဝကို ဘယ်လိုသီကုံး ရေးသားနေကြ တာလဲဆိုတာကို အမြဲမပြတ် စစ်ဆေးကြည့် နေဖို့လိုပါတယ်။ အမြဲမပြတ်ကောင်းမွန်သော စာပေတွေကို ဖတ်မှတ် လေ့လာဆွေးနွေး မေးမြန်း အဖြေရှာနေဖို့လိုပါတယ်။ မိမိရဲ့ ဘဝကို ကောင်းသည်ထက်ကောင်းအောင်ရေး မယ် ကြိုးစားမယ်'လို့ အမြဲသန္နိဋ္ဌာန်လေးရှိနေဖို့ လိုပါတယ်။ မိမိဘဝကို မိမိတကယ်

ကောင်းအောင်ရေးချင်ရင် ရေးလို့ရပါတယ်။
ာက်မကျသေးပါဘူး။ အခုချိန်ကစသိရင်
ခုကနေစရေးလို့ ရပါတယ်။

အားလုံးပဲသိကြတဲ့အတိုင်း အင်္ဂုလိ
ာလကြီးကို ကြည့်ပါ။ သူတက္ကသိုလ်ကျောင်း
သားဘဝမှာ စာတကယ် ကြိုးစားလို့စာလည်း
တော်တယ်၊ ဆရာသမားရဲ့ ဝေယျာဝစ္စတွေက
အ အားလုံးဆောင်ရွက်ပေးလို့ လိမ္မာယဉ်
ကျေးမှုလည်းရှိတယ်ဆိုတော့ နိဒါန်းအစကောင်း
တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ သူ့ရဲ့ကြိုးစားမှု၊
တော်မှု၊ လိမ္မာမှုတွေကြောင့် ဆရာသမား
နှင့် ဆရာကတော်မိသားစုရဲ့ ချစ်ခင်မှု၊
အလေးပေးမှုတွေကို မနာလို ဝန်တိုဖြစ်ကြတဲ့
အခြားတပည့်တွေရဲ့ ချောက်တွန်းမှုတွေကြောင့်
ဆရာနိုင်း စေလိုက်တဲ့ လက်ညှိုးတစ်ထောင်ရ
အောင် ပူဇော်ဖို့ လိုက်လံသတ်ဖြတ်မိလို့
လူဆိုးကြီးဘဝကို ပြောင်းသွားတာ အားလုံး
အသိဖြစ်ပါတယ်။

နောက်ဆုံး အဆိုးတရားတွေက ကြီး
သွားလာလိုက်တာ ပြင်မရတော့တဲ့ 'မိခင်ကို
သတ်ခြင်း' ဆိုတဲ့အမှားကို ကျူးလွန်မိခါနီး
ဗုဒ္ဓဘုရားရှင်နှင့် တွေ့ကာ ဗုဒ္ဓ ဟောကြားတဲ့
တရားကို နားလည်သဘောပေါက်သွားလို့
အမှားတွေအားလုံးကို စွန့်လွှတ်ရဟန်း ဝတ်
တာ တရားတွေ ကျင့်လိုက်တာ ရဟန္တာဖြစ်
သွားပါတယ်။ အင်္ဂုလိမာလကြီးသည် စာစီ
စာကုံး သဘောနဲ့ပြောရမည်ဆိုလျှင် နိဒါန်း
အစမှာတော့ လှပြီး၊ စာကိုယ်ဆိုတဲ့အလယ်မှာ
တော့ သတ်မိဖြတ်မိ မလှမပရေးနေမိရာကနေ
အမှားတွေအားလုံးကို စွန့်လွှတ်နိုင်လို့ ရဟန္တာ



ဖြစ်သွားကာ နိဂုံးပိုင်း လှပပါတယ်။

ဒါကြောင့် မိမိတို့လည်း မိမိတို့ဘဝ
ဖြတ်တန်းလျှောက် လှမ်းနေရာမှာ ပုံသဏ္ဌာန်
အမျိုးမျိုး လောကဓံအမျိုးမျိုးကို ကြုံတွေ့ကြ
ရမှာ ဖြစ်ပါတယ်။ လောကအတွင်းထဲမှာနေ
ကြသူတွေမှန်သမျှ လောကသဲဘာဝ လောကဓံ
တရားတွေကို ရှောင်လွှဲလို့မရပါဘူး။ ကြုံတွေ့
လာတဲ့ လောကဓံတရားတွေကို ကောင်း
ကောင်း ရင်ဆိုင်ကျော်လွှားနိုင်ဖို့ မိမိမှာ
ဗုဒ္ဓသင်ပြ ညွှန်ပြပေးထားတဲ့ အားတွေရှိဖို့
လိုပါတယ်။

အဲဒီအားတွေကိုရအောင် စာအုပ်
စာပေတွေကို ဖတ်မှတ်လေ့လာပါ။ ဆွေးနွေး
မေးမြန်းပါ။ တရားဓမ္မတွေကို နားလည်သဘော
ပေါက်အောင် သင်ယူ လေ့လာပါ။ 'ဘယ်လို
ပဲဖြစ်ဖြစ်၊ ဘယ်လိုပဲ ကြုံကြုံ ငါရင်ဆိုင်ကျော်
လွှားမယ်၊ ငါ့ဘဝကို ကောင်းသည်ထက်
ကောင်းသော ဘဝစာစီစာကုံးလေးတစ်ပုဒ်ဖြစ်
အောင် ရေးမယ်' လို့ အဓိဋ္ဌာန်ကာ တိုင်းပြည်
အတွက် အကျိုးထိုက်သော ရတနာကောင်းများ
ဖြစ်အောင် ဘဝစာစီစာကုံးကောင်းလေးများ
ရေးသားနိုင်ကြပါစေဟု ဆန္ဒပြု ရေးသားလိုက်
ပါတယ်။



# နှစ်ဟောင်းက အညစ်အကြေး ဘာနဲ့ဆေးကြောခဲ့သလဲ

ယခုနေ့အချိန်အခါသည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ ဖြစ်ပါတယ်။ နှစ်ဟောင်းအညစ်အကြေးတွေကို တချို့ကတော့ သင်္ကြန်ရေဖြင့် ဆေးကြောကြပါတယ်။ သင်္ကြန်ရေဖြင့် ဆေးကြောလို့ရနိုင်တာကတော့ ပြင်ပ ပကတိအညစ်အကြေးကိုသာ ဆေးကြောနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်တွင်း အဇ္ဈတ္တ အကုသိုလ် အညစ်အကြေးတွေကိုတော့ ဆေးကြောနိုင်မှာ မဟုတ်ပါဘူး။

ကိုယ်တွင်းကိလေသာအကုသိုလ် အညစ်အကြေးတွေကို ရေဖြင့် ဆေးကြောလို့ ရနိုင်တယ်ဆိုတဲ့ အယူအဆကတော့ အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာရဲ့ အယူအဆ တစ်ခုသာ ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်လက်ထက် အနာထပိဏ် သူဌေးကြီးရဲ့ အိမ်က "ပုဏ္ဏ" ဆိုတဲ့ကျွန်မလေးတစ်ယောက်နဲ့ ဟိန္ဒူ ဗြဟ္မဏဆရာကြီးတို့ရဲ့ စကားဆွေးနွေးခန်းလေးကို ကြည့်ခြင်းအားဖြင့်သိနိုင်ပါတယ်။ ဗြဟ္မဏပုဏ္ဏားကြီးက အကုသိုလ်အညစ်အကြေးတွေ ကင်းစင်ဖို့ ဆောင်းတွင်းဘက်ကြီး စောစောစီးစီး ဂင်္ဂါမြစ်ထဲ ဆင်းစိမ်နေတာကို "ပုဏ္ဏ" ဆိုတဲ့ အမျိုးသမီး ကျွန်မလေးတွေ့တဲ့အခါ-

'အသင်ပုဏ္ဏားကြီး ဒီလောက်အေးတဲ့ ရာသီအချိန်မှာ စောစောစီးစီး ဒီမှာ ဘာလာလုပ်နေတာလဲ။ ကျွန်မတို့ကတော့ ဘဝပေး အခြေအနေအရ သူများအိမ်မှာ အလုပ်လုပ်ရတာမို့ ချမ်းပေမဲ့လည်း ဒီမှာလာပြီး လျှော်ဖွပ်နေရတာပဲ။ ပုဏ္ဏားကြီးကတော့ အိမ်မှာ အေးအေးဆေးဆေး နေနိုင်ပါလျက် အဘယ့်ကြောင့် ဒီမှာလာပြီး ရေထဲ ဆင်းစိမ်နေရပါသလဲ' လို့ မေးလိုက်ပါတယ်။ အဲဒီအခါ ပုဏ္ဏားကြီးက-

'ငါ့ဆီမှာ ရှိနေတဲ့ အကုသိုလ် ကိလေသာ အညစ်အကြေးတွေကို ဂင်္ဂါမြစ်ရေထဲ မျှောပစ်ပြီး စင်ကြယ်သွားအောင်လုပ်နေတာပါ' လို့ ပြန်ဖြေပါတယ်။ အဲဒီမှာ မပုဏ္ဏက-

'အသင်ပုဏ္ဏားကြီး တကယ်လို့သာ ဒီဂင်္ဂါမြစ်ထဲစိမ်လို့ အကုသိုလ်အညစ်အကြေးတွေ ကင်းစင်မယ်ဆိုရင် ဒီဂင်္ဂါမြစ်ထဲမှာ ရှိနေကြတဲ့ ငါးတွေ၊ လိပ်တွေ၊ မိကျောင်းတွေက အသင်ပုဏ္ဏားကြီးထက် ပိုပြီး အကုသိုလ် အညစ်အကြေးတွေ ကင်းစင်မှာပေါ့' ဆိုပြီး ပြန်ပြောလိုက်တော့မှ ပုဏ္ဏားကြီးဟာ သူ့ရဲ့ အဖြစ်ကို စဉ်းစားမိသွားပါတယ်။

တွေးခေါ် စဉ်းစားခြင်းက အလွန် အရေးကြီးပါတယ်။ မြတ်စွာဘုရားရှင်က ဘယ်အရာကိုမဆို အလွယ်တကူ လက်ခံလိုက်တာကို သဘောမကျပါဘူး။ သေချာစွာ ပညာဉာဏ်နှင့် ယှဉ်ပြီး တွေးခေါ်စဉ်းစားကာ အဖြေမှန်ကို မရမချင်း ရအောင် အားထုတ်ကြိုးစားတာကိုသာ သဘောကျပါတယ်။

---

**ကိုယ်တွင်းကိလေသာ**
**အကုသိုလ်အညစ်အကြေးတွေကို**
**ရေဖြင့်ဆေးကြောလို့**
**ရနိုင်တယ်ဆိုတဲ့**
**အယူအဆကတော့**
**အိန္ဒိယနိုင်ငံဟိန္ဒူဘာသာရဲ့**
**အယူအဆတစ်ခုသာ**
**ဖြစ်ပါတယ်။**

---

မြတ်စွာဘုရားရှင်ရဲ့ ဝါဒက အသိဉာဏ် ပိတ်နေတဲ့ အဝိဇ္ဇာ အမှောင်ထုကနေ အသိဉာဏ် အလင်းခေတ် ရသည်အထိ ကြိုးစား အားထုတ်ရတဲ့ ဝါဒ ဖြစ်ပါတယ်။

အခုပဲကြည့်လေ၊ ဟိန္ဒူဘာသာရဲ့ ဝါဒကို ယူထားမိတဲ့ ပုဏ္ဏားကြီးဟာ စဉ်းစား တွေးခေါ်ဝေဖန်ပိုင်းခြားခွင့်ကို လေတော့ အကုသိုလ် အညစ်အကြေးကို မြစ်ရေနဲ့ ဆေးကြောရင် သန့်စင်သွား ယ်ဆိုတဲ့ ဟိုးအရင် ဘိုးဘွားဘီဘင် လက် က လက်ခံခဲ့တဲ့အတိုင်း လက်ခံကျင့်သုံး ဘာပါတယ်။ အခုလဲ မပုဏ္ဏားနဲ့ တွေ့လိုက်ရ ဘာပေါ့။ သို့မဟုတ်ရင် ဒီဝါဒကိုအဟုတ် ပြီး သူသေတဲ့အထိ လက်ခံကျင့်သုံးနေမိ ာပဲ ဖြစ်ပါတယ်။

ပြီးတော့ သူမက အနာထပိဏ် သူဌေးကြီးအိမ်မှ သာမန်အခိုင်းအစေ ကျွန်မ လေးတစ်ဦးမျှသာ ဖြစ်ပါတယ်။ ပုဏ္ဏားကြီး က သူတို့ ဟိန္ဒူ ဘာသာရဲ့ ဗြဟ္မဏဆရာကြီး ဖြစ်ပါတယ်။ ပြီးတော့ ပစ္စည်းဥစ္စာပြည့်စုံ ကြွယ်ဝ ထင်ရှားတဲ့ သူဌေးကြီးလည်း ဖြစ် ပါတယ်။ ဒီသူဌေးကြီးကို နိုင်အောင်၊ လမ်း မှန်ကိုရောက်အောင် စကားစစ်ထိုး ယှဉ်ပြိုင် စကားပြောရဲတယ်ဆိုတဲ့ စွမ်းရည်သတ္တိဖြစ် နေတာဟာ ဗုဒ္ဓပေးထားတဲ့ ဓမ္မစွမ်းရည်တွေ ကြောင့်ဖြစ်ပြီး သူမရဲ့ နှလုံးသားကို ကုသိုလ် ဓမ္မစွမ်းရည်တွေနဲ့ ဆေးကြောသန့်စင်ထားလို့ ဖြစ်ပါတယ်။

အဲဒီလို ပုဏ္ဏားကြီးကို သူနားလည် ထားသလောက် ဆွေးနွေးပြလိုက်တဲ့အခါမှာ ပုဏ္ဏားကြီးလည်း သဘောပေါက်သွားကာ သူ ရဲ့ အကုသိုလ်အညစ်အကြေးတွေကို ဂင်္ဂါမြစ်



ရေနဲ့ ဆေးကြောရတယ်ဆိုတဲ့ အယူအဆ ဟောင်းကြီးကို စွန့်ပစ်လိုက်ပါတော့တယ်။ ကျွန်မလေး 'ပုဏ္ဏ' ကိုလည်း ကျေးဇူးတင်လို့ သူ့ရဲ့ အဝတ်အထည်တွေကိုလက်ဆောင်ပေးပါတယ်။ ကျွန်မလေး 'ပုဏ္ဏ' ကလည်း အခု သူနားလည်တာဟာ ဗုဒ္ဓသင်ပြ ဟောပြထားလို့ နားလည်တာဖြစ်ကြောင်းနဲ့ ဗုဒ္ဓထံကို ရောက်အောင်သွားဖို့ကို တိုက်တွန်း ညွှန်ပြပါတယ်။

ပုဏ္ဏားကြီးဟာ ဗုဒ္ဓထံကိုရောက်အောင် သွားကာ သိချင်တာ ဆက်လက်ဆွေးနွေးမေးမြန်းပြီး ဗုဒ္ဓညွှန်ပြတဲ့ ဓမ္မနည်းလမ်းတွေနဲ့ စိတ်နှလုံးကို ဆေးကြော သန့်စင်လိုက်တဲ့အခါ သူ့ရဲ့နှလုံးသားဟာ အကုသိုလ် အညစ်အကြေးတွေ အားလုံး သန့်စင်သွားလို့ ထာဝရ အေးငြိမ်းသွားတဲ့ 'သန္တိသုခ' နိဗ္ဗာန် ပန်းတိုင်ကို ရရှိသွားပါတယ်။ ပုဏ္ဏားကြီးကတော့ သူ့ရဲ့ အကုသိုလ် အညစ်အကြေးတွေကို ဗုဒ္ဓဟောပြတဲ့ နည်းလမ်းကို ကောင်းစွာရသွားလို့ ဓမ္မရေအေးနဲ့ ဆေးကြောသန့်စင်နိုင်လိုက်သည့်အတွက် သူ့ရဲ့ဘဝ လမ်းမှားကနေ လမ်းမှန်ကိုရောက်ကာ ထာဝရ အေးငြိမ်းသွားပါတယ်။

မိတ်ဆွေတို့ကော မိမိတို့ရဲ့ အကုသိုလ် အညစ်အကြေးတွေကို ဘာနဲ့ ဆေးကြောနေကြပါသလဲ။ တစ်နှစ်တစ်ခါ သင်္ကြန်ရေနဲ့ ဆေးကြောပြီး ကျေနပ်နေတုန်းပင် ရှိနေသေးလားဆိုတာကို သေချာစမ်းစစ် စေချင်ပါတယ်။ မိမိကိုယ်ကို ပြန်လည် စမ်းစစ်တဲ့အခါမှာ မညာတမ်း၊ မညာတမ်း ပြန်လည်စမ်းစစ်ပါ။

**မိမိစိတ်ကလေး**
**ကောင်းတဲ့နေရာ**
**မြင့်တဲ့နေရာမှာ**
**ပျော်မွေ့နေခြင်းသည်ပင်**
**စိတ်အညစ်အကြေးတွေကို**
**ဆေးကြောနေခြင်း**
**ဖြစ်ပါတယ်။**

ညာပြီး၊ ညာပြီး စစ်မယ် ဆိုရင် ညာတဲ့ ညာတဲ့ဒဏ်ကို ကိုယ်ပဲခံရမှာ ဖြစ်ပါတယ်။

အကုသိုလ် အညစ်အကြေးတွေ ဆေးကြောသန့်စင်ခြင်းဆိုတာ ဗုဒ္ဓဟောပြ ညွှန်ပြထားတဲ့ ဓမ္မတရားတွေကို သေသေချ ချာ နားလည်အောင် ဖတ်ရှုခြင်း၊ နာကြ ခြင်း၊ ဆွေးနွေးခြင်းနဲ့ နားလည်သည့်အတိုင် ကျင့်သုံးခြင်းတို့ ဖြစ်ပါတယ်။ မိမိသည် ကုသိုလ်တရားတွေကို အားထုတ်ကျင့်ကြံ တဲ့အချိန်မှာ အကုသိုလ် အညစ်အကြေးတွေ မဝင်နိုင်ပါဘူး။ အကုသိုလ် အညစ်အကြေ တွေဆိုတာ သူတို့ကို နေရာပေးလို့သာ ဝင် ရောက် နှိပ်စက်ကာ ပူလောင်ဆင်းရဲ ညစ်ေ အောင်လုပ် နေနိုင်ခြင်း ဖြစ်ပါတယ်။

သူဝင်ရောက်ရာလမ်းကလည်း သုံး ခုပဲ ရှိပါတယ်။ အဲဒီ သုံးခုကတော့ နံပါတ်

၁) မနောကံ စိတ်အလုပ်လေး ဖြစ်ပါတယ်။ ရဲ့စိတ်လေးကို သတိလက်လွှတ် မထားရ ဘူး။ သတိလက်လွှတ်ထားလိုက်ရင် ဗုဒ္ဓ ကြားတဲ့ 'ပါပံ စိတ္တံ ရမတိ၊ ပါပံ တိ မနော' ဆိုတဲ့အတိုင်း စိတ်ဟာ ကုသိုလ် အညစ်အကြေးတွေနဲ့ ပေကျံ ပွံမွေ့နေမှာ ဖြစ်ပါတယ်။ မိမိရဲ့စိတ်ကို ာက်တည်ရာလေး ရှိနေအောင် လုပ်ပေးရ ယ်။ သရဏဂုံသုံးပါးကို ရွတ်ဆိုပွားများ နေခြင်း။ ကောင်းသောစာပေများ အတွေး ခေါ် မြင့်မားတဲ့ ဘဝတန်ဖိုးမြင့်တင်တဲ့ ပေများဖတ်ရှုနေခြင်း၊ မေတ္တာပို့ပွားများနေ င်း၊ ဝိပဿနာ တရားရှုမှတ်နေခြင်းစသည့် စ်ခုခုမှာ ထိန်းပေး လေ့ကျင့်ပေးထားရပါ ယ်။ အဲဒီလို လေ့ကျင့်နေခြင်းကြောင့် စိတ် ည် နိမ့်ရာဖြစ်တဲ့ အကုသိုလ်အညစ်အကြေး တွေဆီ မသွားတော့ပါဘူး။

မိမိစိတ်ကလေး ကောင်းတဲ့နေရာ တဲ့နေရာမှာ ပျော်မွေ့နေခြင်းသည်ပင် စိတ် ညစ်အကြေးတွေကို ဆေးကြောနေခြင်း ဖြစ်ပါတယ်။ စိတ်အညစ်အကြေးတွေကို ဆေး ကြောသန့်စင်နိုင်ပြီ ဆိုရင် စိတ်ရှေ့ဆောင်ခေါ် သွားလို့ လိုက်ပါနေရတဲ့ နံပါတ် (၂) ဝစီကံ ပြောစကားတွေဟာလည်း စင်ကြယ်သန့်ရှင်း မှာဖြစ်ပါတယ်။ ဝစီကံ ပြောစကားတွေ ကို သတိလေးနဲ့ ထိန်းကာ မေတ္တာနဲ့ ယှဉ် ပြောနေခြင်းသည်ပင် ဝစီကံ အညစ်အကြေး တွေကို ဆေးကြောသန့်စင်နေခြင်း ဖြစ်ပါ တယ်။

မနောကံ၊ ဝစီကံတွေရဲ့ အားကောင်း လာမှုကြောင့် နံပါတ် (၃) ဖြစ်တဲ့ ကာယကံမှု တွေဟာလည်း စင်ကြယ်သန့်စင်လာပါတော့ တယ်။ မိမိပြုမူလုပ်ကိုင်နေတဲ့ အလုပ်တွေ ပေါ်မှာ စိတ်စေတနာကောင်း မေတ္တာတရား တွေနဲ့ သူများကို မထိခိုက်အောင် မနစ်နာ အောင် သတိတရား လက်ကိုင်ထားကာ ကြိုးစား ကျင့်သုံးနေထိုင်ခြင်းသည် အကုသိုလ်အညစ် အကြေးတွေကို ဆေးကြောသန့်စင်ပစ်နေခြင်း ပင် ဖြစ်ပါတယ်။ ဆေးကြောသန့်စင်နိုင်အောင် ကြိုးစားနေသော သင့်ရဲ့ နှလုံးသားဟာ ကြာ လေ ဖြူစင်လေ ဖြစ်လာမှာပါ။ ဖြူစင်လာ သော သင့်ရဲ့ နှလုံးသားကို လူအများက တန်ဖိုးထား လေးစားနေမည်ဖြစ်ပါကြောင်း ကိုမမှစကား လက်ဆောင်ပါးလိုက်ရပါတယ်။

အမှတ်(၁၅)၊ မေလ၊ ၂၀၁၄။
(ခေတ်လူများ၏ မှတ်စုဂျာနယ်)



# တန်ဖိုးရှိသောစကားများ ပြောတတ်ကြပြီလား

မြတ်စွာဘုရားရှင် ဟောကြားခဲ့သော တရားတော်များသည် ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ ကျန်ရှိနေခဲ့ပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို ယနေ့ကမ္ဘာ့ဘာသာရေး ခေါင်းဆောင်များနှင့် ပညာရှင်များအသီးသီးက မှန်ကန်တယ်၊ ကောင်းမြတ်တယ်၊ တန်ဖိုးရှိတယ်လို့ ဝိုင်းဝန်းထောက်ခံပြောဆိုနေကြပါတယ်။ ဒါကို သေချာစွာ လေ့လာစမ်းစစ်ဖို့လိုပါတယ်။

မိမိတို့သည် ဗုဒ္ဓဘုရားရှင်ရဲ့ တပည့်များဖြစ်ကြတဲ့အတွက် ကိုယ့်ဆရာရဲ့ ညွှန်ပြထားသော အဆုံးအမတရားတော်များကို သေချာကျနစွာ လေ့လာဖို့ လိုပါတယ်။ မြတ်စွာဘုရားရှင်သည် စကားအရာနှင့် ပတ်သက်ပြီး အတော်လေး ညွှန်ပြ သင်ပြတော်မူပါတယ်။ မြတ်စွာဘုရားရှင်ကိုယ်တိုင်လည်းပဲ လူ့လောကရှိ အများပြောဆိုနေကြသော စကား(၆)ခွန်း ရှိရာအနက် အကျိုးမရှိသော တန်ဖိုးမရှိသောစကား (၄)ခွန်းကို ပယ်ပြီး အကျိုးရှိသော၊ တန်ဖိုးရှိသော စကား(၂)ခွန်းကိုသာလျှင် ပြောဆိုခဲ့ပါတယ်။ မိမိတို့ ပြောဆိုနေကြသော စကားများကိုလည်း တန်ဖိုးရှိချင်ပါသည်ဆိုလျှင် မြတ်စွာဘုရားရှင်၏ လမ်းစဉ်နှင့် ကိုက်ညီပါသလားဆိုတာကို သေချာစိစစ်ဖို့လိုပါတယ်။

မြတ်စွာဘုရားရှင် မပြောဘဲ ပယ်ခဲ့သော စကား(၄)ခွန်းမှာ

၁။ အကျိုးမရှိဘူး၊ မမှန်ဘူး၊ သူတစ်ပါးမနှစ်သက်ဘူး။

၂။ အကျိုးမရှိဘူး၊ မမှန်ဘူး၊ သူတစ်ပါးနှစ်သက်တယ်။

၃။ အကျိုးမရှိဘူး၊ မှန်တယ်၊ သူတစ်ပါးမနှစ်သက်ဘူး။

၄။ အကျိုးမရှိဘူး၊ မှန်တယ်၊ သူတစ်ပါးနှစ်သက်တယ်။

မြတ်စွာဘုရားရှင်သည် ထိုစကား (၄)ခွန်းကို လုံးဝအကျိုးမရှိတဲ့အတွက်ကြောင့် ဘယ်တော့မှမပြောပါဘူး။ မိမိတို့ကိုယ်ကိုမိမိတို့ သေချာစွာ ပြန်လည်ဆန်းစစ်ပါ။ အကျိုးမရှိပေမဲ့ သူများနှစ်သက်ရင်၊ ကြိုက်ရင်ပြီးရော ဆိုပြီး ဘယ်လောက် ပြောခဲ့မိသလဲ။ အကျိုးမရှိတဲ့ စကားတွေပြောခဲ့လို့ တန်ဖိုးကျသွားသူတွေ အများကြီး ရှိပါတယ်။ မိမိ စကားပြောခါနီးမှာ သေချာစွာဉာဏ်ပညာနှင့် ယှဉ်၊ ချိန်ပြီးမှ ပြောဖို့ လိုပါတယ်။ မြန်မာနိုင်ငံသားအများစုကြီးကတော့ ကျွန်တော်၊ ကျွန်မတို့ဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပါတယ်။ ဗုဒ္ဓရဲ့တပည့်တွေ ဖြစ်ကြပါတယ်လို့ ဂုဏ်ယူပြီး ပြောနေကြပေမယ့် ဗုဒ္ဓရဲ့လမ်းစဉ်ကို လိုက်ကြပါသလားဆိုတော့ မလိုက်ကြတာ များပါတယ်။ ဗုဒ္ဓက မပြောသင့်လို့၊ အကျိုးမရှိလို့ ပယ်ခဲ့တဲ့ စကားတွေကိုပဲ တွင်တွင်ကြီးသုံးနေကြပါတယ်။

လူတွေတစ်ယောက်နှင့် တစ်ယောက် တွေ့ကြပြီဟေ့ဆိုရင် ၂လုံး၊ ၃လုံး(ချဲ) အကြောင်း၊ ဘောလုံးပွဲ လောင်းကစားအကြောင်း၊ နွား တိုက်၊ ကြက်တိုက်သည့်အကြောင်းနဲ့ သူများ အတင်းအဖျင်းစသည့် အကြောင်းတွေကိုပြော ရင်း အချိန်ကုန်နေကြတာ များပါတယ်။ တ ဆို အကျိုးမရှိတဲ့စကားတွေကို ပြောနေရတာ ကိုပဲ အရသာတွေ့၊ ဂုဏ်ယူနေကြပါသေး တယ်။ "ဟီရိ" ဆိုတဲ့ ရှက်ရကောင်းမှန်းလည်း မသိတော့ပါဘူး။ ဒါဒီတန်ဖိုးမရှိတဲ့စကားတွေ ကိုပြောရင် ငါ့ဘဝ တန်ဖိုးကျမယ်၊ ပြီးတော့ မိမိရွာ၊ မိမိမြို့၊ မိမိနိုင်ငံနှင့် မိမိကိုးကွယ် ဆည်းကပ်ရာ မြတ်စွာဘုရား သာသနာတော် ကြီး မိမိကြောင့် ဂုဏ်သိက္ခာ ကျစရာတွေ ဖြစ်သွားနိုင်တယ်ဆိုတာကို လေးလေးနက် နက် မစဉ်းစားကြတော့ပါဘူး။ ပေါ့ပေါ့တ တန်ပဲသဘောထားကာ အချည်းနှီးအကျိုးမဲ့

# တန်ဖိုးရှိသောစကားများ ပြောတတ်ကြပါစေ



ဲ့ စကားတွေကိုပဲ ပြောနေကြတာ များပါ တယ်။

ဒါကြောင့်လဲ မြန်မာနိုင်ငံသားများ ာ တန်ဖိုးမဲ့သူတွေများလာပြီး ရောက်လေ ရာမှာ အထင်သေးခံလာရပါတယ်။ မြန်မာ ူမျိုးများ အချင်းချင်း မတည့်ကြဘူး၊ ကွဲပြ ကြတယ်ဆိုတာလည်း တန်ဖိုးမရှိတဲ့စကား တွေကို အပြောများကြလို့ တစ်ယောက်နှင့် တစ်ယောက် မခံမရပ်နိုင်တွေ ဖြစ်ကာ ငြင်း ကြ ခံ့ကြလျှက် အဆုံးတွင် ရန်တွေဖြစ်ကြ ခြင်း ဖြစ်ပါတယ်။ မိမိတို့ ဘဝကို တန်ဖိုးရှိ

---

**အကျိုးမရှိတဲ့စကားတွေပြောခဲ့လို့**
**တန်ဖိုးကျသွားသူတွေ**
**အများကြီးရှိပါသည်။**
**မိမိစကားပြောခါနီးမှာ**
**သေချာစွာဉာဏ်ပညာနှင့်**
**ယှဉ်နိူင်းချိန်ပြီးမှပြောဖို့လိုပါတယ်။**

---



'အသင်ပုဏ္ဏားရဲ့
ရှေ့မှာ ကလေးငယ်
တစ်ယောက်ဟာ
ပုလင်းကွဲစတစ်ခုကို
ပါးစပ်ထဲ ကောက်ထည့်ပြီး
မျိုနေပြီဆိုရင်
အသင်ပုဏ္ဏားဘယ်လိုလုပ်မလဲ'

ဓချင်တယ်ဆိုရင် ဗုဒ္ဓဘုရားရှင်သည် ဘယ်လ
စကားမျိုးတွေသာ ရွေးချယ်ပြောဆိုခဲ့တယ်ဆိ
တာကိုလည်း လေ့လာဖို့ လိုပါတယ်။

မြတ်စွာဘုရားရှင် ပြောခဲ့သော
စကားနှစ်ခွန်းမှာ . .

၁။ အကျိုးရှိတယ်၊ မှန်တယ်
သူတစ်ပါး နှစ်သက်တယ်။

၂။ အကျိုးရှိတယ်၊ မှန်တယ်
သူတစ်ပါး မနှစ်သက်ဘူး။

ဒီစကားနှစ်ခွန်းကို ဘာလို့ပြောသလဲ
ဆိုရင် အကျိုးလည်းရှိတယ်၊ မှန်လည်းမှန်တဲ့
အတွက်ကြောင့် ပြောဆိုခြင်း ဖြစ်ပါတယ်။
မြတ်စွာဘုရားရှင် လက်ထက်က ပုဏ္ဏားတစ်ဦး
မေးလျှောက်ဖူးပါတယ်။

'အရှင်ဘုရား အကျိုးရှိတယ်၊ မှန်တယ် သူတစ်ပါးနှစ်သက်တယ်ဆိုတဲ့ စကားနှစ်သက်ပြီး အထူးမေးလျှောက်စရာ မရှိပါဘုရား။ ဒါပေမဲ့ အကျိုးရှိတယ်၊ မှန်တယ်၊ သူတစ်ပါး မနှစ်သက်တဲ့စကားကို ဘာလို့ ပြောဆိုပါသလဲ ဘုရား' လို့ မြတ်စွာဘုရားကို မေးလျှောက်တဲ့အခါမှာ မြတ်စွာဘုရားက ဥပမာနှင့်တကွ ရှင်းပြပါတယ်။

'အသင်ပုဏ္ဏားရဲ့ ရှေ့မှာ ကလေးငယ်တစ်ယောက်ဟာ ပုလင်းကွဲစတစ်ခုကို ပါးစပ်ထဲ ကောက်ထည့်ပြီး မျိုနေပြီဆိုရင် အသင်ပုဏ္ဏားဘယ်လိုလုပ်မလဲ'

အဲဒီလိုမေးတဲ့အခါမှာ ပုဏ္ဏားက-

'အရှင်ဘုရား တပည့်တော်ကလေးရဲ့ ဦးခေါင်းကို သေချာချုပ်ကိုင်ပြီး သွေးသံရဲရဲနဲ့ပဲ မရရအောင်ထုတ်ယူပါမယ်ဘုရား'

'အဘယ့်ကြောင့် ဤသို့ပြုရပါသလဲ'

လို့မေးတဲ့အခါမှာ ပုဏ္ဏားက

'မှန်ပါ ကလေး မကြိုက်ပေမဲ့ ကလေးရဲ့ အသက်ရှင်ရေး အကျိုးရှိဖို့အတွက် ကလေးငယ် ငိုနေတဲ့ကြားထဲက တပည့်တော် ရအောင် ထုတ်ယူရပါတယ်ဘုရား'

'ဟုတ်တယ် ပုဏ္ဏား။ ငါဘုရားလည်း တချို့စကားတွေမှာ သူတို့ မနှစ်သက်ပေမယ့် သူတို့အကျိုးရှိဖို့ကို ရည်ရွယ်ပြီးပြောဆိုရတယ် ပုဏ္ဏား'

လို့ ပြောပြခဲ့ပါတယ်။

ဒါကို သီရိလင်္ကာနိုင်ငံမှာ လက်တွေ့အသုံးချလိုက်တဲ့ တပည့်တစ်ပါး ပေါ်ခဲ့ဖူးပါတယ်။ သီရိလင်္ကာနိုင်ငံမှာ ဆရာတော်ကြီးတစ်ပါးဟာ အင်မတန် စာပေတတ်ပါတယ်။ စာဝါတွေ အချိန်ပြည့် ပို့ချသင်ကြားပေးလေ့ရှိပါတယ်။ သူ သင်ပြပေးတာတွေနဲ့ ကျင့်ကြံလို့ ရဟန္တာတွေ ဖြစ်သွားကြတာလည်း မနည်းပါဘူး။ ဒီအထဲမှာ သူ့ရဲ့တပည့်တစ်ပါးက သူ့ ဆရာရဲ့ အခြေအနေကိုကြည့်တဲ့အခါမှာ တရားထူး မရသေးတာကို တွေ့ရပါတယ်။ အဲဒီမှာ တပည့်ဖြစ်သူက ဆရာထံလာပြီး-

'အရှင်ဘုရားကို စာပေဂါထာတစ်ခု လောက်မေးပါရစေ။ ဘယ်အချိန် အားပါသလဲ' ဆိုတော့ ဘယ်အချိန်မှ မအားဘူး။ စာဝါချိန်တွေ ပြည့်နေတယ်။ အဲဒီအခါမှာ တပည့်ဖြစ်သူက


'အရှင်ဘုရားသေမယ့်အချိန် (ပျံတော်မူမယ့်အချိန်) ကော အားပါရဲ့လား' လို့ မေးတဲ့အခါမှာ ဆရာတော်ကြီးက စကားကြမ်းလို့ မကြိုက်မနှစ်သက်ပေမဲ့ သူ့အတွက် အကျိုးရှိတဲ့၊ မှန်တဲ့စကား ဖြစ်နေတဲ့အတွက် သတိသံဝေဂရပြီး တရားအားထုတ်လိုက်တာ ရဟန္တာ ဖြစ်သွားပါတယ်။ ဒါပေမဲ့ ယနေ့ မဟာနဆရာတော်ကြီးများကတော့ ဘယ်သူတွေက ဘယ်လောက်ထောက်ပြ ပြောဆိုကြပေမယ့် တရားမရတဲ့အပြင် ဒေါသတွေထွက်ပြီး သံဃာတွေအပေါ်မှာ အမိန့်တွေ တစ်ခုပြီး တစ်ခုတိုးပြီး ထုတ်နေတာ ရှက်စရာကောင်းလှပါတယ်။ သူတော်ကောင်းတွေကတော့ မြတ်စွာဘုရား စကားတော်တွေကို မြေဝယ် မကျ နားထောင်ပြီး ကျင့်ကြံကြပေမယ့် မြန်မာနိုင်ငံမှာကတော့ မဟာန ဆရာတော်ကြီးတွေကနေစပြီး ဟိုးအောက်ဆုံးအဆင့်လူတွေ

**မြတ်စွာဘုရားရှင်၏**
**တရားတွေသည်ဖတ်ရှုထားရုံ၊**
**အာဂုံကျက်ထားရုံ၊**
**မှတ်ထားရုံနဲ့**
**ကျေနပ်ရမည့်တရားတွေ**
**မဟုတ်ဘဲ လက်တွေ့လိုက်နာ**
**ကျင့်ကြံပွားများရမည့်**
**တရားတော်တွေဖြစ်ပါတယ်။**

အထိအောင် တော်တော်များများက ဘုရားရှင်နဲ့ ဆန့်ကျင်ဘက်ပြုမူ ပြောဆိုကျင့်ကြံနေတဲ့အတွက်ကြောင့် မြန်မာနိုင်ငံကြီးဟာ ကမ္ဘာ့အလယ်မှာ တစ်နေ့တခြား အောက်ကျနောက်ကျဖြစ်ကာ မြန်မာဟေ့ဆိုရင် သူများအထင်သေးခံရ၊ အစော်ကားခံရ၊ မျက်နှာငယ်ရ ဖြစ်နေကြရပါတယ်။

မြတ်စွာဘုရားရှင်က စကားပြောဆိုခြင်း အတတ်ပညာဟာ အလွန်အရေးကြီးတဲ့အတွက် အမြဲပြောဆို သင်ပြပေမယ့် မြန်မာလူမျိုးအများစုဟာ မလိုက်နာကြဘဲ ဘုရားရှင်နဲ့ ဆန့်ကျင်ဘက်တွေ၊ အဆိုးတွေ၊အကြမ်းတွေ၊ သိမ်ဖျင်းတဲ့ စကားတွေ အကျိုးမရှိ၊ မမှန်ကန်တဲ့စကားတွေကိုပဲ ပြောနေကြပါတယ်။ မှန်ကန်တဲ့ ကောင်းမြတ်တဲ့ အကျိုးရှိတဲ့ တန်ဖိုးရှိတဲ့စကားတွေကို ပြောနိုင်ဖို့ဆိုတာလည်း စာပေတွေ ဖတ်မှတ်ရပါမယ်။ လေ့လာသင်ယူရပါမယ်။ တရားတော်တွေနာယူရပါမယ်။ စာပေဟောပြောပွဲတွေ နားထောင်ရပါတယ်။ ပညာရှိတွေထံ ချဉ်းကပ်သိချင်တာတွေ မေးမြန်းပြီး သိအောင်ပညာရအောင် ကြိုးစားရပါမယ်။ မိမိရင်ထဲကိုတန်ဖိုးရှိတာတွေ များများထည့်ထားမှ တန်ဖိုးရှိတာတွေများများ ပြန်ထွက်နိုင်မှာ ဖြစ်ပါတယ်။ မိမိရင်ထဲကို တန်ဖိုးမဲ့စေတဲ့ ၂လုံး၊ ၃လုံး(ချဲ)ဘောလုံး၊ အတင်းအဖျင်းနဲ့ ဘိုးတော် ဘွားတော်တွေ၊ နတ်ကတော်တွေရဲ့စကားတွေပဲမိမိရင်ထဲ ထည့်ထားကြမယ်ဆိုရင်တော့ မိမိထွက်မယ့် စကားတွေကလည်း တန်ဖိုးမဲ့စကားတွေဖြစ်နေကြမှာပဲ။

မြတ်စွာဘုရားရှင်က တန်ဖိုးမဲ့တဲ့စကားတွေကို ပြောပြီး တန်ဖိုးတွေကျမှာစိုးလို့မုသာဝါဒဝိရတိ၊ ကတိမတည် လိမ်ညာလှည့်ဖြား ကောက်ကျစ်လှည့်ပတ်တဲ့စကားတွေမပြောနဲ့။ ပိသုဏာဝါစာဝိရတိ၊ အချင်းချင်းမတည့်အောင် ဂုံးတိုက်စကားတွေမပြောနဲ့။ ဖရုသဝါစာဝိရတိ၊ ကြမ်းတမ်း ဆဲရေရိုင်းပြတဲ့စကားတွေ မပြောနဲ့။ သမ္ဖပ္ပလာပဝိရတိ၊ သူများ မကောင်းကြောင်း အတင်းသိပ်ဖျင်းပိန်ဖျင်း၊ အနှစ်မရှိ တန်ဖိုးမဲ့စကားတွေမပြောနဲ့လို့ အဖန်ဖန်အထပ်ထပ် ဟောပြော ဆုံးမပေးခဲ့ပါတယ်။ စကားအရာမှာလိမ္မာ ယဉ်ကျေးဖို့၊ တန်ဖိုးရှိတဲ့စကားတွေကိုပြောနိုင်ဖို့ စာတ်နိပါတ်တော်တွေ အသီးသီး နှိုင်းယှဉ်ပြပြီး ဆိုဆုံးမတော်မူခဲ့ပါတယ်။




ဒါပေမဲ့ လိုက်နာကျင့်သုံးမှု မရှိတာကို တွေ့နေရပါတယ်။ မြတ်စွာဘုရားရှင်၏ တရားတွေသည် ဖတ်ရှုထားရုံ၊ အာဂုံကျက်ထားရုံ၊ မှတ်ထားရုံနဲ့ ကျေနပ်ရမည့်တရားတွေ မဟုတ်ဘဲ လက်တွေ့ လိုက်နာကျင့်ကြံပွားများရမည့် တရားတော်တွေ ဖြစ်ပါတယ်။

လက်တွေ့ကျင့်ကြံမှုမပါဘဲနားကြားတာမျှ၊ ဖတ်ရှုကာမျှဖြင့် ကျေနပ်နေကြမည်ဆိုလျှင် 'မျောက်အုန်းသီးရသလို' ဘာလုပ်မှန်း မသိတော့ အပြင်က အခွံကြီးကို ကိုက်စားပြီး အရသာလဲမရှိဘူး။ ဖန်တယ်ဆိုပြီး လွှင့်ပစ်မိကြပါလိမ့်မယ်။ အတွင်းက အရသာကို တကယ်သိတဲ့ သူများနိုင်ငံတွေက အပြင်အခွံကို ခွာပစ်လို့ အထဲရောက်အောင်သွားတဲ့ အတွက် ချိုမြတဲ့အုန်းရည်ကိုလည်း သောက်ရ၊ အသားကိုလည်း စားရပါတယ်။ မိမိတို့မှာတော့ ယနေ့အထိ အခွံတွေ၊ အကာတွေနဲ့ပဲ ကျေနပ်နေကြမည်ဆိုလျှင် မြတ်စွာဘုရားရှင်ရဲ့ သာသနာနဲ့ တွေ့ရကျိုးမနပ်ဘဲ ဘုရားပြောတဲ့ စကားနဲ့ပြောရမည်ဆိုလျှင် မောဃပုရိသ၊ ဘာမှတန်ဖိုးမရှိ အချည်းနှီးသောပုဂ္ဂိုလ်အဖြစ်နဲ့ နိဂုံးချုပ်သွားကြရပါလိမ့်မယ်။ တန်ဖိုးရှိချင်သောသူများအတွက် အမှားလမ်းများမှ အမှန်တရား လမ်းစဉ်များသို့ လျှောက်လှမ်းနိုင်အောင် မြတ်စွာဘုရားရှင်၏ အဆုံးအမများကို မေတ္တာရှေ့ထားညွှန်ပြ ရခြင်းဖြစ်ပါတယ်။

အမှားလမ်းစဉ်များကို စွန့်ပယ်ကာ အမှန်လမ်းစဉ်သို့ ရောက်အောင် လျှောက်လှမ်း၍ မိမိလူမျိုး၊ မိမိနိုင်ငံ၊ မိမိဘာသာ သာသနာတော်အတွက် တန်ဖိုးရှိသောသူများ ဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါတယ်။

အမှတ်(၇)၊ ဧပြီလ ၊ ၂၀၁၂။

(ခေတ်လူများ၏ မှတ်စုဂျာနယ်)



# သီလကို ဘယ်လိုနားလည်ကျင့်သုံးသလဲ

မိမိတို့သည် ဗုဒ္ဓဘုရားရှင်၏တပည့်များ ဖြစ်ကြပါသည်။တပည့်သည် ဆရာ၏အယူအဆ၊ အတွေးအခေါ်၊ ဝါဒ၊ အပြောအဆို၊ အရာအားလုံးကို သေချာနားလည်သဘောပေါက်ဖို့လိုပါသည်။ မိမိတို့ နားလည်သဘောပေါက်မှုစွမ်းရည်နှင့် ကျင့်သုံးမှုအပေါ် မူတည်ပြီးတော့ဘဝတွေလည်း ကွာခြားသွားကြမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ဒေသနာတော်အားဖြင့် ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ ဟောဖော်ညွှန်ပြထားခဲ့သည်။ ထိုညွှန်ပြထားသော တရားတော်များထဲမှ မိမိဘယ်လောက်နားလည်သဘောပေါက် ကျင့်သုံးပြီးပြီလဲ။ သေချာစွာ ကိုယ့်ကိုယ်ကို မညာတမ်းစစ်မေးဖို့လိုပါသည်။ အပြင်လောကီစာမေးပွဲများသည် သူများစစ်မေး

**ဗုဒ္ဓဘုရားရှင်သည်လောကကြီး ငြိမ်းအေးဖို့ မိမိဘဝတန်ဖိုးရှိဖို့ အခြေခံကိုယ်ကျင့်သီလ ဟောပြပေးထားခဲ့သည်။ ထိုငါးပါးသီလကို မိမိသည်ဘယ်လိုနားလည် သဘောပေါက်ထားသလဲ။ ဘယ်လောက်ကျင့်သုံးပြီးပြီလဲ။**

တာကို ကိုယ်ကဖြေဆိုရပြီး လောကုတ္တရာ စာမေးပွဲသည် ကိုယ်တိုင်စစ် ကိုယ်တိုင်ဖြေရသော စာမေးပွဲဖြစ်သည်။ အပြင်စာမေးပွဲသည် လိမ်ညာခိုးချပြီး ဖြေမည်ဆိုလျှင် ရနိုင်သေးသော်လည်း လောကုတ္တရာ စာမေးပွဲကား ကိုယ်တိုင်စစ်ကိုယ်တိုင် ဖြေဆိုရသော စာမေးပွဲဖြစ်သောကြောင့် လုံးဝညာ၍ မရပါ။ မိမိညာလေ မိမိဘဝဟာ ချာလေဖြစ်မည်။ မိမိဘဝချာတာတာ မဖြစ်ချင်လျှင် မိမိကိုယ်ကို မညာဖို့ မညာဖို့ လိုပါသည်။

အပြင်လောကီ စာမေးပွဲတွေမှာလည်း စာမေးပွဲ မေးခွန်းပုံစံတွေ များစွာရှိပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်စသည်ဖြင့် အဆင့်အတန်း အနိမ့်အမြင့်ကိုလိုက်ပြီး မေးခွန်းပုံစံတွေ ဖြေဆိုမှုပုံစံတွေ ကွာခြားသွားကြပါသည်။ ထိုနည်းတူစွာ လောကုတ္တရာစာမေးပွဲမှာလည်း ပုံစံမျိုးစုံ မေးခွန်းပေါင်းများစွာရှိသလို ဖြေဆိုမှုပုံစံလည်း များစွာ ရှိနေပါလိမ့်မည်။ မိမိဘဝ အဆင့်အတန်းမြင့်မားဖို့ ဘယ်လောက် အဆင့်တန်းမြင့်မြင့် မေးခွန်းထုတ်တတ်ပြီလဲ၊ ဘယ်လောက်ဖြေနိုင်ခဲ့ပြီးပြီလဲ၊ သေချာစွာ မေးမြန်းစီစစ်၍ အဖြေထုတ်စေချင်ပါသည်။

ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်များသည် ရိုးရှင်းသည်။ စနစ်ကျသည်။ လက်တွေ့ကျင့်သုံးသူအတွက် လက်တွေ့အကျိုးရှိသည်။ လက်တွေ့အကျိုးရှိလက်တွေ့ကျင့်သုံးနိုင်ဖို့ အဆင့်သုံးဆင့်ရှိပါသည်။ ထိုအဆင့်သုံးဆင့်မှာ သီလ၊ သမာဓိ၊ ပညာ ဖြစ်ပါသည်။ ပထမအဆင့် သီလအခြေခံ စာမေးပွဲကို ကိုယ်တိုင်မေးခွန်းထုတ်၊ ကိုယ်တိုင်ဖြေကြည့်စေချင်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် လောကကြီးငြိမ်းအေးဖို့ မိမိဘဝ တန်ဖိုးရှိဖို့ အခြေခံကိုယ်ကျင့်သီလ ဟောပြပေးထားခဲ့သည်။ ထိုငါးပါးသီလကို မိမိသည် ဘယ်လိုနားလည်သဘောပေါက်ထားသလဲ။ ဘယ်လောက်ကျင့်သုံးပြီးပြီလဲ။ မိမိနားလည်သဘောပေါက်မှုနှင့် ကျင့်သုံးမှုအပေါ် ကြည့်ပြီး မိမိဘဝ တန်ဖိုးရှိ၊ တန်ဖိုးမဲ့ ကွာခြားသွားပေလိမ့်မည်။


မိမိတို့ ငယ်စဉ်က ငါးပါးသီလကို စောင့်ထိန်းကြခြင်းမှာ ငရဲကျမှာ ကြောက်လို့ စောင့်ထိန်းကြခြင်းဖြစ်သည်။ ငရဲကျမှာကြောက်လို့ စောင့်ထိန်းခြင်းဖြစ်သည့်အတွက် ငရဲကိုကျမှာ မကြောက်သည့်အခါ ထိုသီလကို မစောင့်ထိန်းဖြစ်တော့ပေ။ ကြောက်စိတ်ပေါ်

သည့်အခါ စောင့်ထိန်းမိပြီး ကြောက်စိတ်ပေါ်သည့်အခါ ပျက်မိသွားကြသည်။ ဒါကြောင့် ဲ မြန်မာပြည်သားအများစုကြီးသည် ငါးပါးသီလကို ငယ်စဉ်ကလေးဘဝအသိ ငရဲကျမှာကြောက်လို့ စောင့်ထိန်းကြသည်ထက်ပိုမလာသည့်အတွက် ကြီးလာတဲ့ ငရဲမကြောက်သည့်အရွယ်ရောက်လာတော့ သီလတွေ ပျက်လာခြင်းဖြစ်သည်။ ငါးပါးသီလကို ကျူးလွန်ပြီးရင် ရဟန်းသံဃာတွေထံမှာ ဘုရားထံမှာ ကြာတွေချေလိုက်ရင် ရပြီလို့ ထင်မိနေကြသည့်အတွက် ပါးစပ်ကတော့ ဝေရာမဏီ "ရှောင်ကျဉ်ပါ၏" လုပ်ကြပြီးတော့ တကယ့်လက်တွေ့မှာကျတော့ မရှောင်ကျဉ်ကြဘဲ ကျူးလွန်စော်ကားမိနေကြခြင်း ဖြစ်ပါသည်။

ဒါကြောင့်ကိုယ်ကိုးကွယ်တဲ့ရဟန်းသံဃာတော်တွေကိုပင် ပြန်သတ်မိ စော်ကားမိသည်အထိ ကျူးလွန်စော်ကားလာကြခြင်းဖြစ်ပါသည်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံတွေကမေးစရာဖြစ်လာသည် အထင်သေးစရာ ဖြစ်လာပါသည်။ မိမိ ကိုးကွယ်ဆည်းကပ်နေတဲ့သံဃာတော်တွေကိုပင် ပြန်သတ်ဖြတ်သည်အထိ ကျူးလွန် စော်ကားရဲလာကြခြင်းမှာ ငါးပါးသီလနှင့်ပတ်သက်ပြီး သဘောပေါက်နားလည်မှု လွဲနေကြသောကြောင့် ဖြစ်ပါသည်။ ငယ်စဉ်ကလေးအသိ ငရဲထက် ပိုမသိလာကြခြင်းမှာ လုံးဝကောင်းသော လက္ခဏာမဟုတ်ပါ။

ငါးပါးသီလ စောင့်ထိန်းခြင်းကိုသည့်ထက်ပိုမိုနားလည် သဘောပေါက်ဖို့လိုပါသည်။ မိမိတို့ ဘာကြောင့် ငါးပါးသီလကိုလိုက်နာ ကျင့်သုံးသင့်သလဲဆိုတာကို လေးလေးနက်နက် စဉ်းစားစေချင်ပါသည်။ ငါးပါးသီလသည် အဆင့်မြင့်သည့် လူ့အသိုင်းအဝန်းလောကကြီးထဲမှာ မိမိလည်း အဆင့်အတန်းရှိရှိနေနိုင်ဖို့ တန်ဖိုးတွေ ကျမသွားစေဖို့ အဆင့်မြင့်ချင်သူ၊ တန်ဖိုးရှိချင်ကြသူမှန်သမျှ မဖြစ်မနေ ကေန်မုချ လိုက်နာကျင့်သုံးကြရမည့် လူ့တန်ဖိုးမြှင့်ကျင့်ဝတ်များ ဖြစ်ပါသည်။

ကမ္ဘာမှာ အဆင့်အတန်းမြင့်မြင့် တန်ဖိုးရှိရှိ နေထိုင်သွားကြသူ မှန်သမျှကိုကြည့်လျှင် ကိုယ်ကျင့်တရားကောင်းသည့်အချက်ကို ကောင်းစွာ တွေ့ရှိကြရပေမည်။ ကိုယ်ကျင့်တရားမကောင်းသူကို မည်သူကမှမယုံရဲပါ။ မည်သူမှမယုံလျှင် ဘဝမှာ ဘာကိစ္စကိုမှ အောင်မြင်အောင် လုပ်ဆောင်နိုင်ကြမည်မဟုတ်ပေ။ မိမိကိုယ်ကို သေချာစိစစ်ပါ။ ကိုယ်ကျင့်တရား ပျက်စရာကိစ္စတွေနှင့် ရင်ဆိုင်ကြုံတွေ့လာတဲ့အခါ ဘယ်လောက်သမာဓိ ရှိရှိ မယိမ်းမယိုင် ခိုင်ခိုင်မာမာ ထိန်းသိမ်းနိုင်ပြီလဲ။ မိမိသည် သီလတရားနှင့်ပတ်သတ်လာလျှင် ဘယ်လောက်ပညာနှင့်ယှဉ်ပြီး နားလည်သဘောပေါက်ထားကာ ကျင့်သုံးနေကြသလဲဆိုတာကို သေသေချာချာ လေးလေးနက်နက်မေးပြီး သေသေချာချာ မလိမ်ညာကြပဲ ဘဝစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ကြပါစေဟုဆန္ဒလိုက်ပါတယ်။



# သူတို့လေးတွေရဲ့ ဘဝ ဘယ်သူတွေမှာတာဝန်ရှိသလဲ

၁၉၉၈ ခုနှစ်ဝန်းကျင် စာရေးသူ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကို တက်ရောက် ပညာသင်ကြားနေစဉ်က အတွေ့အကြုံတကယ့် အဖြစ်အပျက်လေးတစ်ခုကို ဆွေးနွေးတင်ပြချင်ပါသည်။ စာရေးသူသည် ငယ်စဉ်ကိုရင်ဘဝတည်းက သူငယ်ချင်းတွေနဲ့ အမေးအဖြေဆွေးနွေးပွဲတွေ လုပ်ရတာကို သဘောကျကြိုက်နှစ်သက်ပါသည်။ တဖြည်းဖြည်းနဲ့စာတွေကို မှတ်ရင်းဖတ်ရင်း ဆွေးနွေးဖိတ်ခေါ်ရင်းဖြင့် ကျောင်းသူကျောင်းသားများပါ ဝင်ရောက်ပါဝင်ကာ မေးခွန်းများ မေးမြန်းဆွေးနွေးလာပါသည်။ ဒီအထဲမှာ မေးခွန်းတွေလည်း တော်တော်စုံသလို သူတို့တွေရဲ့ ဘာသာသာသနာနဲ့ ပတ်သက်ပြီး

မြင်နေကြတဲ့ အမြင်တွေ၊ အယူအဆတွေကို လည်း တင်ပြဆွေးနွေးလာပါသည်။

စာရေးသူ သာသနာ့တက္ကသိုလ် စာမေးပွဲ ဖြေပြီးလို့ မိမိတို့မြို့စာသင်တိုက်ကို ပြန်ပြီး ခေတ္တ သီတင်းသုံးနေချိန်ဖြစ်ပါသည်။ စာရေးသူရဲ့ရဟန်းဒါယိကာသားဖြစ်သူ အောင် အောင်နဲ့ သူ့သူငယ်ချင်းတို့ဟာ စာရေးသူ ကျောင်းမှာ ရောက်နေတာသိလို့ ကျောင်းသို့ ရောက်ချလာပါသည်။ အောင်အောင်က 'ဦးဇင်း လေး ဒါတပည့်တော် လျှောက်ပြထားတဲ့ ထားဝယ်က တပည့်တော်နဲ့ ကျောင်းနေဘက် စက်မှုတက္ကသိုလ် တတိယနှစ်ကျောင်းသားလေ၊ သံဃာတော်တွေကို မဆည်းကပ်၊ မကိုးကွယ် တော့ဘူး၊ စွန့်လိုက်ပြီဆိုတာ သူပေါ့၊ သူ့ကို ပြောဆို ဆုံးမပေးပါဦးဘုရား။' ဆိုပြီး လျှောက်ပါတယ်။

အောင်အောင်သည် သူငယ်ချင်း ကောင်းပီသပေသည်။သူ့သူငယ်ချင်းကို လမ်း မှား မရောက်စေချင်ပါ၊ သူတတ်နိုင်သမျှ ပြောဆိုဆွေးနွေးပြခဲ့ပါသည် မရပါ။ ဘယ် လိုမှ ပြောပြစည်းရုံးလို့ မရတော့ကြောင်းကို အရင်က ပြောပြထားတာရှိလို့ စာရေးသူက သိခဲ့ရပါသည်။

သူ့သူငယ်ချင်းကလည်း သူပြော သလိုပါပဲ စာရေးသူနဲ့တွေ့တဲ့အချိန်မှာ သံဃာ တော်တွေကို လုံးဝမကန်တော့ပါဘူး။ စာရေး သူရဲ့အကြောင်းကို အောင်အောင်ပြောပြထား လို့သာ သူလိုက်လာတဲ့အကြောင်းလည်း သူ ပြောပါသည်။ အောင်အောင်က သူ့သူငယ် ချင်းကို မိတ်ဆက်ပေးပြီးတဲ့အခါမှာ စာရေး သူက သူ့သူငယ်ချင်းကို 'အေး၊ ဦးဇင်းက ပွင့်ပွင့်လင်းလင်း သိချင်တာ၊ လျှောက်စရာ ရှိတာတွေ မေးစရာရှိတာတွေ ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးလို့ရတယ်။ လူငယ်တွေ ဦးဇင်းဟာ ဒီလိုပဲ အမြဲမေးမြန်း ဆွေးနွေး နေကြတာပဲ'လို့ စာရေးသူက စတင်မိတ်ဆက် ပြောပေးလိုက်ပါတယ်။ 'မင်းရဲ့ သူငယ်ချင်း အောင်အောင်က မင်းအကြောင်းကို ပြော ပြထားလို့ တချို့တဝက်တော့ သိပြီးဖြစ် တယ်။ ဒါပေမဲ့ ဦးဇင်းက အကြောင်းစုံမသိ သေးဘူး၊ ဖြစ်နိုင်မယ်ဆိုရင် မိဘနှစ်ပါးလုံး ဗုဒ္ဓဘာသာဖြစ်တယ်။ မိမိလည်း ဗုဒ္ဓဘာသာ ဖြစ်ခဲ့ပြီးတော့အခုမှ ဘာလို့သံဃာတော်တွေ ကို မကန်တော့ဘဲ စွန့်ပစ်လိုက်ရတယ်ဆိုတာ ဦးဇင်းအပြည့်အစုံ သိချင်ပါတယ်'လို့ ဦးဇင်း က လမ်းဖွင့်ပေးလိုက်ပါတယ်။

အဲဒီမှာ သူအားလုံးရင်ဖွင့်ပြပါတယ်၊ 'တပည့်တော်က ကျောင်းသားဆိုတော့သူငယ် ချင်းတွေထဲမှာ မွတ်စလင်ဘာသာဝင်တွေရော ခရစ်ယာန်ဘာသာဝင်တွေပါ အကုန်ရှိပါတယ် ဘုရား။ တစ်နေ့ တပည့်တော်တို့ စကား ပြောဆို ဆွေးနွေးကြတဲ့အခါ သူ့ဘာသာ ကောင်းတယ်၊ ငါ့ဘာသာကောင်းတယ်နဲ့ငြင်း ခုန်ကြရင်း တပည့်တော်ကို သူတို့က ထောက် ပြလာပါတယ်။ မင်းတို့ကိုးကွယ်တဲ့ ဘုန်း ကြီးတွေက မင်းတို့ကိုသာ လောဘနည်းဖို့ ဒေါသနည်းဖို့ ပေးကမ်းစွန့်ကြဲလှူဒါန်းဖို့ တဖွဖွပြောဟောနေကြပေမဲ့ မင်းတို့ဘုန်းကြီး

...တွေက လောဘ၊ ဒေါသ၊ မောဟ အလွန်ကြီး ...ကြောင်းစသည်ဖြင့် သူတို့က ထောက်ပြပြောဆို ...ပါတယ်။ တပည့်တော်က လုံးဝမဟုတ်တဲ့ အကြောင်း ပြောဆိုငြင်းခုံတဲ့အခါမှာ သူတို့က ...င်းမယုံရင် မင်းတို့ဘုန်းကြီးတွေ ဘယ်လိုနေ ...ကြတယ်ဆိုတာကို ငါတို့အထောက်အထား ...တွေနဲ့လိုက်ပြမယ်ဆိုပြီး ဘုန်းကြီးတွေအချင်း ...ချင်း ကျောင်းတွေလု၊ ရောင်းစား၊ ရန်ဖြစ်နေ ...ကြတာတွေ၊ ချဲလောင်း၊ ဘောလောင်း၊ ဖဲရိုက် ...ခိုင်ကိုင်နေတဲ့ ဘုန်းကြီးတွေ၊ အရက်သောက် ...ရစ်နေတဲ့ဘုန်းကြီးတွေ၊ အိမ်တကာ လှည့် ...ပြီး ပိုက်ဆံလိုက်တောင်းနေတဲ့ ဘုန်းကြီးတွေ ...ကို တကယ် လိုက်ပြပါတယ်။

တကယ်လိုက်ကြည့်တော့ သူတို့ပြော ...တဲ့အတိုင်း တကယ်ဖြစ်နေပါတယ်။ တပည့် ...တော်အနေနဲ့ ဘယ်လိုမှ ပြန်မပြောပြတတ်အောင် ...ဖြစ်ပြီး တော်တော်လည်း ရှက်သွားပါတယ်။ ...ါကြောင့် သူတို့ပြောတဲ့အတိုင်း ဟုတ်နေလို့ ...ကိုးကွယ်သင့်ဘူး၊ မကန်တော့သင့်ဘူး၊ ထင် ...လို့ တပည့်တော် မကန်တော့ခြင်းဖြစ်ပါတယ် ...ဘုရား။'

သူလျှောက်ပြကာမှ သေချာပြန် ...ဦးစားကြည့်တော့ ကိုယ့်ဘုန်းကြီးတွေက ...လည်း မဟုတ်ဘူးလားဆိုတော့ ဟုတ်နေပြန် ...တော့ ဘယ်လိုပြန်ရှင်းပြရမလဲလို့ ချက်ချင်း အဖြေထုတ်ရပါတယ်။ ဒါဟာ သာသနာတော် အတွက် အလွန်အရေးကြီးတဲ့ အချက်ဖြစ်ပါ ...တယ်။ ဒီလိုလူငယ်များကို အခြားဘာသာ ...တွေက ထောက်ပြပြောဆို စည်းရုံးသွားလို့ပါ

> **လူငယ်များကို**
> **အခြားဘာသာတွေက**
> **ထောက်ပြပြောဆို**
> **စည်းရုံးသွားလို့**
> **ပါသွားတဲ့**
> **ဗုဒ္ဓဘာသာလူငယ်တွေ**
> **ဘယ်လောက်များပြီလဲ**
> **ဘယ်သူမှမပြောနိုင်ပါဘူး။**

သွားတဲ့ ဗုဒ္ဓဘာသာ လူငယ်တွေဘယ်လောက် များပြီလဲ ဘယ်သူမှမပြောနိုင်ပါဘူး။ စာရေး သူထံသို့ ရောက်လာကြသည်မှာ အင်မတန် နည်းပါးတဲ့ အရေအတွက်မျှသာ ဖြစ်ပါတယ်။

သံဃာတော် အရှင်မြတ်များဘုရား အရှင်ဘုရားများလဲ ထိုကဲ့သို့ပြဿနာများကြုံ လာခဲ့သော် မည်ကဲ့သို့ဖြေရှင်းပြောဆိုပြမည် ဆိုတာကို တပည့် တော် သိချင်ပါသည်ဘုရား။ ဤနေရာမှာ ခေတ္တရပ်၍ ကိုယ်ကိုတိုင်အဖြေ ပေး ကြည့်စေချင်ပါသည်။ အဲဒီအဖြေများ ကိုလည်း တပည့်တော်ဆီ တင်ပြဆွေးနွေးပေး မည်ဆိုလျှင် တပည့်တော် လက်ကမ်းကြိုဆို လျက်ရှိပါသည်ဘုရား။ တပည့်တော် အဲဒီ လူငယ်လေးကို ဆက်လက် ဆွေးနွေးပြော

**ကျွန်တော်မျိုးသည်**
**ဂုရက်ပြည့်ရင်**
**သေရမယ်ဆိုတာ**
**သိနေတဲ့အတွက်**
**ကောင်းကောင်းလည်း**
**စားသောက်လို့မရပါဘူး။**
**ကာမဂုဏ်လည်း**
**ပျော်ပါးချင်တဲ့စိတ်မရှိပါဘူး**
**အရှင်မင်းကြီး**

သွားသည်များကိုလည်း ရေးပြပါမည်ဘုရား။

တပည်တော်က ဆက်လက်ပြီးတော့ သူ့ကိုပြောပြပါတယ်။ 'အေးကွာ၊ အခုလိုပွင့်ပွင့် လင်းလင်း တင်ပြဆွေးနွေးတဲ့အတွက် ကျေးဇူး တင်ပါတယ်။ မောင်ရင်က အဲဒီအကျင့်ပျက် ဘုန်းကြီးများကို ကိုယ်တိုင်တွေ့ပြီး မကြည် ညိုခြင်း ဖြစ်တယ်။ အိန္ဒိယပြည်မှာ အသောက မင်းကြီး လက်ထက်ကဆိုရင် သူ့ရဲ့ညီတော် အိမ်ရှေ့မင်းသားက သူတောကစား ထွက်စဉ် မှာ မြင်ကွင်းတစ်ခုကို သွားတွေ့ပါတယ်။ မြင်ကွင်းက သမင်မနဲ့သမင်ဖို ဖိုမရာဂပျော် ပါး နေကြတာဖြစ်ပါတယ်။ အိမ်ရှေ့မင်းသား က စဉ်းစားတယ်၊ ငါသူတို့ကို လေးနှင့်ပြစ်ဖို့ ချိန်နေတာ သူတို့အသက်အန္တရာယ်ကိုတောင် သတိ မထားနိုင်ကြဘူး။ ဖိုမရာဂ ပျော်ပါးနေ ကြတယ်။ ဒီသမင်တွေ အရသာမရှိတဲ့မြက်ကို စားပြီးတောင် ဒီလောက်ကာမရာဂ ထကြွ သောင်းကျန်းနေကြရင် ငါ့နောင်တော် ကိုး ကွယ်တဲ့ သံဃာတော်တွေဆိုရင် လူတွေကပ် တဲ့ ထောပတ်ဆီဦး စားကောင်းသောက်ဖွယ် တွေ စားနေကြတာဆိုတော့ ဘယ်လောက် ကာမဂုဏ်တွေ ထကြွသောင်းကြမ်းနေကြ မလဲပေါ့။ ဒါနဲ့ သူတစ်ခါတည်း စဉ်းစား ဆုံးဖြတ်ပြီး နန်းတော်ကို ပြန်လာခဲ့ပါတယ်။ နန်းတော်ကိုရောက်တော့ သူ့နောင်တော်ဆီ အခစားဝင်ရောက်ပြီး သူတွေ့ခဲ့တဲ့ သမင် နဲ့ သမင်ဖိုရဲ့ အဖြစ်အပျက်ကို လျှောက်ပြ ကာ နောင်တော်ကိုးကွယ်နေတဲ့ သံဃာတော် တွေဟာ အရသာကောင်းတွေ စားသုံးနေကြတဲ့ အတွက် ကာမဂုဏ်တွေ ထကြွသောင်းကျန်း နေကြမှာဖြစ်တဲ့အတွက် မကိုးကွယ်သင့်ကြောင်း ကိုလျှောက်ထားပါတယ်။ အသောကမင်းကြီး က သူ့ညီတော်တစ်ယောက်လုံးက အကြောင်း အကျိုးပြလျှောက်ထားနေပေမဲ့ သံဃာတော် တွေပေါ် သူကြည်ညိုဆည်းကပ်နေတဲ့ စိတ် ထား လုံးဝပြောင်းမသွားပါဘူး။ အသောက မင်းကြီးက ပြောပါတယ်၊ ဒါက မင်းအယူ အဆနဲ့ မင်းတဲ့ ငါကြည်ညိုတာက ကြည် ညိုတာပဲလို့ပြန်ပြောခဲ့တယ်။

အသောကမင်းကြီးက တစ်နေ့မှာတော့ သူ့ညီရဲ့ အပြစ်တစ်ခုကို တွေ့ပါတယ်။ တွေ့ တော့ သူ့ညီကို အမိန့်တစ်ခု ချမှတ်ပါတယ်။ မင်းမှာအပြစ်ရှိတယ်။ ဒါပေမဲ့ မင်းက ငါ့ရဲ့

ီတော်လည်း ဖြစ်နေတဲ့အတွက် နောက်ဆုံး ာင့်အရေး တစ်ခုပေးမယ်၊ မင်းကို ၇ ရက် ည်းစိမ်ချမ်းသာ ခံစားခွင့်ပေးမယ်။ ကြိုက် လိုခံစားပျော်ပါးပြီးနေပါ၊ ဒါပေမဲ့ ၇ရက် ည့်နေ့ကျရင်တော့ မင်းကို သတ်ရလိမ့်မယ် ို့ အမိန့်ချမှတ်လိုက်ပါတယ်။ ဒီလိုနဲ့ ၇ က်ပြည့်တဲ့နေ့မှာ ညီတော်ကို ရှေ့တော်သွင်း ဆိုပြီး ခေါ်တဲ့ အခါကျတော့ သူ့ညီတော် ာသူထင်သလို မဟုတ်ဘဲ ပိန်လှီနေတာကို တွေ့တဲ့အတွက် မေးပါတယ်။

ညီတော် ဘယ်လိုဖြစ်သလဲ။ ၇ ရက် အတွင်း စည်းစိမ်ချမ်းသာတွေ ခံစားပျော်ပါး ပြီး ခန္ဓာကိုယ်ဝဖြိုးနေမယ်ထင်တာ၊ ဘာ ကြောင့် ပိန်ကြုံလှီနေရပါသလဲလို့ မေးတော့ ်လှပါအရှင်မင်းကြီး၊ ကျွန်တော်မျိုးဟာ ၇ ရက်ပြည့်ရင် သေရမယ်ဆိုတာ သိနေတဲ့ အတွက် ကောင်းကောင်းလည်း စားသောက် လို့ မရပါဘူး။ ကာမဂုဏ်လည်း ပျော်ပါးချင် တဲ့စိတ် မရှိပါဘူး အရှင်မင်းကြီးလို့ လျှောက် ထားတဲ့အခါမှာ အသောကမင်းကြီးက သူ့ ညီတော်ကို ပြောလိုက်တဲ့စကားဟာ အင်မတန် ှတ်သားစရာ ကောင်းလှပါတယ်။ မင်းကြီး ပြောလိုက်တာကတော့ "ဒီမယ် ညီတော်၊ ညီတော်က ၇ ရက်ပြည့်မှသေမယ်ဆိုတာကို သိတာတောင်မှ ကောင်းကောင်းစားလို့မရ ကာမဂုဏ်ပျော်ပါးလို့မရ ဖြစ်သေးတယ်။ မင်းရဲ့ နောင်တော် ငါကိုးကွယ်နေတဲ့ သံဃာ တော်တွေက သေခြင်းတရားကို ၇ ရက် မဟုတ်ဘူး၊ ဆန့်သော လက်မကွေးမီ ကွေး သော လက်မဆန့်မီ၊ သေဆုံးနိုင်တယ်လို့ သေခြင်းတရား မရဏာ နုဿတိကမ္မဋ္ဌာန်းကို ရှုမှတ်ပြီးနေကြတာ ဖြစ်တဲ့အတွက် သူတို့ ဘုဉ်းပေးသုံးဆောင်ကြတာဟာ ပျော်ဖို့ပါးဖို့ ကာမဂုဏ် ခံစားဖို့ မဟုတ်ဘူး၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ သာသနာသုံးဖြာကို ကျင့်ကြံပွားများ သယ်ဆောင်နိုင်ကြဖို့သာ လျှင် ဘုဉ်းပေးသုံးဆောင်နေကြတယ်လို့" ပြောလိုက်တော့မှ ညီတော် တိဿမင်းသား တော်တော်လေး သဘောပေါက်သွားပါတယ်။

နောင်တော် ညီတော်ဟာ သံဃာ တော်တွေကို ပြစ်မှားမိသွားပါတယ်။ အဲဒီ အမှားအတွက် သံဃာတော်တွေကို ရှိခိုးကန် တော့ခွင့်ပြုပါ။ တောင်းပန်ဝန်ချ ရှိခိုးကန် တော့ပြီးမှ သတ်တော်မူပါလို့ ခွင့်တောင်း ကာ သံဃာတော်များ ရှိရာဘက်ကို လက် အုပ်ချီမိုးကာ ရှိခိုးဝန်ချ တောင်းပန်လျှောက် ထားလိုက်ပါတော့တယ်။ အဲဒီတော့မှ အသော က မင်းကြီးက သူ့ရဲ့ ညီတော်ကို မင်းသံဃာ တော်တွေပေါ်မှာ တကယ့်အဖြစ်မှန်ကို သိ ပြီး ကြည်ညိုသွားတာကို ငါသဘောကျ တယ်။ ငါမင်းကိုအပြစ်တွေကနေ ခွင့်လွှတ် တယ်။ အရင်ကအတိုင်း အိမ်ရှေ့မင်းသား ဘဝနဲ့ ဆက်လက်ပြီး နေတော်မူပါလို့ ပြော ကြားလိုက်တဲ့အခါမှာ ညီတော်တိဿ မင်း သားက ကျေးဇူးတင်ပါတယ် နောင်တော်။ ဒါပေမဲ့ အိမ်ရှေ့စံ မင်းစည်းစိမ်ရဲ့ ဘဝကို လက်မခံရပါစေနဲ့တော့ အိမ်ရာတည်ထောင် စည်းစိမ်ချမ်းသာ အာဏာပါဝါတွေ ခံစား

**အချင်းချင်းခိုက်ရန်ဖြစ်နေကြတဲ့**
**ဘာမှမပြောပလောက်တဲ့**
**လက်တစ်ဆုပ်စာ**
**အရေအတွက်လောက်ကို**
**ကြည့်ပြီးသာသနာတော်ကြီး**
**တစ်ခုလုံးကို**
**အပြစ်မမြင်သင့်ဘူး။**

သုံးဆောင်နေတဲ့ ဘဝတွေဟာ အတွေးများ အကြံများ အပြောအဆိုများ ပြုမှုများတွေ ဖြစ်ဖို့များတယ်။ ဒါကြောင့် ကျွန်တော်မျိုးကို အေးငြိမ်းချမ်းသာရာဖြစ်တဲ့ သာသနာ့ဘောင် ရဟန်းဝင် ဝတ်ခွင့်သာပြုပါတော့လို့ ခွင့်တောင်းပြီး သာသနာ့ဘောင်ဝင်ရောက်တရားကျင့်လိုက်တာ ရဟန္တာပါဖြစ်သွားပါတယ်။

စာရေးသူလည်း ဒီအဖြစ်အပျက်လေးကို ပြောပြပြီးတဲ့နောက်မှာ ရဟန္တာဖြစ်မဲ့ ပုဂ္ဂိုလ်ကြီးတွေတောင် သမင်မနဲ့ သမင်ဖိုကို မြင်ပြီး သံဃာတော်တွေကို ပြစ်မှားမိတယ် ဆိုရင် တကယ့်ဆိုးသွမ်းနေကြတဲ့ သံဃာတော်တွေကို မြင်ပြီး သံဃာတော်တွေကို ရှိခိုးစရာမလိုဘူးလို့ မြင်တာကို ဦးဇင်းအနေနဲ့ လက်ခံခွင့်လွှတ်ပါတယ်လို့ ပြောလိုက်ပါတယ်။ ဒါပေမဲ့လို့ အကြံဉာဏ်တစ်ခုတော့ ပေးလိုပါတယ် သေချာစဉ်းစားပါလို့ ပြော... လိုက်ပါတယ်။

တစ်ခါတုန်းက သူငယ်ချင်း နှ... ယောက် သန်းခေါင်ယံ လပြည့်ညကြီးမှ... ပြတင်းပေါက်ကနေ အပြင်ဘက်ကို ကြည့်... နေကြပါတယ်။ သူငယ်ချင်း တစ်ယောက်... ကတော့ လပြည့်ညကြီး သာယာလိုက်တာ... လှလိုက်တာ အခုလို လပြည့်ညကြီးတွေမှ... သံဃာတော်တွေ တရားထိုင်နေကြတယ်... တချို့သံဃာတော်တွေ ကောင်းကင်မှာ ရ... ပျံပြီးကြွနေကြတာတွေရှိတယ်။ အခုနေများ... သံဃာတော်တပါးပါး ကြွလာတာ တွေ့ရ... သောက်တော်ရေတွေကပ် လိုက်ဦးမယ်ဆိုပြ... ပီတိတွေဖြစ် စိတ်တွေချမ်းသာ ကြည်နူး... ပါတယ်။ အခြားတစ်ယောက်ကတော့ ပြတင်း... ပေါက်ကနေပြီး ဟိုးအောက်ဘက်ကို လှ... ကြည့်လိုက်ပါတယ်။ ဟာ ချေးသေကောင်... ပုတ်ကြီးကွာ ဆိုးလိုက်တာ ဒီနေရာကို ဘယ်... ကောင်တွေ လာပစ်သွားတာလဲ၊ လာပစ်သွား... တဲ့ကောင်တွေ့လို့ကတော့ ဆွဲထိုးပစ်လိုက်ဦး... မယ်ဆိုပြီး အနိဋ္ဌာရုံကြီးကို ကြည့်ပြီး စိတ်... တွေ မချမ်းမသာဖြစ်နေပါတယ်။ ဒီသူငယ်ချင်း... နှစ်ယောက်ဟာ ကြည့်ကြတာတော့ ဒီပြတင်း... ပေါက်တစ်ခုတည်းကပဲ။ ဒါပေမယ့် ကြည့်... ကြည့်နည်း မြင်ပုံမြင်နည်း နှလုံးသွင်းပုံသွင်း... နည်းကွာသွားကြတဲ့အတွက် ရပုံရနည်းလည်း... ကွာသွားကြပါတယ်လို့ ပြောပြလိုက်ပါတယ်။


'ဒို့မြတ်စွာဘုရား သာသနာဟာလည်း... အဲဒီလိုပါပဲ၊ လပြည့်ညကြီးပဲ ရှိပါသေးတယ်။

ာသနာ လမင်းကြီးသာနေတုန်းပါ။ သာသနာ ော်မှာ ရဟန္တာဖြစ်အောင် သံသရာကလွတ် ြောက်အောင် ကိုယ်တိုင်လည်း ကျင့်ကြံပြီး ြန်လည်မျှဝေပေးနေကြတဲ့ သံဃာတော်တွေ ည်း အများအပြားရှိနေပါသေးတယ်။ မြတ်စွာ ုရားရဲ့ တရားတော်တွေကို မပျောက်ပျက် အောင် စာသင်တိုက်ကြီးတွေမှာ သင်ယူပို့ချ ာပြောညွှန်ပြ နည်းပေးလမ်းပြ ကျင့်ဆောင် ကြတဲ့ သံဃာတော်တွေဟာလည်း အများ ပြား ရှိနေပါတယ်။ အဲဒါတွေကိုကြည့်ပြီး ြည်ညိုတတ်ပါစေ။

ကိုယ့်အတွက် အကျိုးရှိအောင်အသုံး ုနိုင်ပါစေ။ ခွေးသေကောင်ပုတ်နဲ့တူတဲ့ ချဲ ောင်း၊ ဘောလောင်းကျောင်းလှူ ဒါယိကာ ယိကာမ လုကာ အချင်းချင်း ခိုက်ရန်ဖြစ် ကြတဲ့ ဘာမှမပြောပလောက်တဲ့ လက် ာစ်ဆုပ်စာ အရေအတွက်လောက်ကို ကြည့် ြီး သာသနာတော်ကြီးတစ်ခုလုံးကို အပြစ် မြင်သင့်ဘူးလို့။ ဆိုးတဲ့သံဃာတော်တစ်ပါး ကိုပြရင် တကယ်ကောင်း၊ တကယ်ကျင့်နေ ကြတဲ့ သံဃာတော် အများအပြားကို ဦးဇင်း ပြလိုက်ပါမယ်"လို့ ပြောလိုက်တော့ သူ လေး လေးနက်နက် စဉ်းစားသွားပြီး ချက်ချင်းပဲ ထိုခြင်းကြီးငါးပါးနဲ့ သေသေချာချာ သံဃာ တော်များကို တောင်းပန်ဝန်ချ ရှိခိုးပါတော့ တယ်။ သူကဆက်ပြောပါတယ်။

အရှင်ဘုရားကို ကျေးဇူးတင်လိုက် တာ။ တပည့်တော်အရှင်ဘုရားနဲ့ မတွေ့ရင် တပည့်တော်ဘဝ လမ်းမှားပြီဘုရား၊ တပည့် တော် လုံးဝပြန်မကိုးကွယ်တော့ဘူးဆိုပြီးနေ ခဲ့တာ အခုလမ်းမှား၊ လမ်းမှန်ကို ခွဲခြားသိ သွားလို့ အင်မတန် ဝမ်းသာပါတယ်။ ကျေးဇူး ကြီးမားပါတယ်"လို့ လက်အုပ်ချီမိုး လျှောက် ထားပါတော့တယ်။

စာရေးသူလည်း လမ်းမှားနေတဲ့ လူငယ်တစ်ယောက်ကို လမ်းပြပေးနိုင်ခဲ့တဲ့ အတွက် အင်မတန် ဝမ်းသာပီတိဖြစ်သွားသလို တစ်ဘက်မှာလည်း ဆက်ပြီးစဉ်းစားမိတာက အခု လူငယ်လေးလိုပဲ အကျင့်ပျက် ခွေး သေကောင်ပုတ်နဲ့တူတဲ့ ဘုန်းကြီးတွေကိုတွေ့ ပြီး ဘယ်နှစ်ယောက်လောက် ဒို့သာသနာကို စွန့်ခွာသွားကြပြီလို့ တွေးကာ စိတ်မကောင်း ဖြစ်နေမိပါတယ်။ ဒီလိုမျိုးဆက်သစ် ဗုဒ္ဓဘာ သာဝင်လေးတွေ သာသနာတော်ကို အမြင် တွေမှား စွန့်ခွာသွားနေကြတာ ဘယ်သူတွေမှာ တာဝန်ရှိသလဲဆိုတာကို သံဃာတော်များကို မေးလျှောက်ပါရစေ။



# အမည်ခံဗုဒ္ဓဘာသာ

၂၀၀၆ ခုနှစ်ခန့်က မန္တလေးဗုဒ္ဓတက္ကသိုလ်မှာ တက်ရောက်ပညာ သင်ကြားနေစဉ်အချိန်က ဖြစ်ပါသည်။ နိုင်ငံခြားသူတစ်ယောက်က မေးခွန်းမေးစရာရှိလို့ဟုဆိုကာ တပည့်တစ်ယောက်က စာရေးသူထံ ခေါ်လာခဲ့ပါသည်။ မေးစရာရှိက မေးနိုင်ပါတယ်လို့ ပြောလိုက်တော့ နိုင်ငံခြားသူက အမရပူရမြို့၊ ဦးပိန်တံတားမှာ သူမဓါတ်ပုံလိုက်ရိုက်နေပါတယ်တဲ့။ အဲဒီလို ဓါတ်ပုံရိုက်နေတဲ့အချိန်မှာ လူတစ်ယောက်က လမ်းဘေးမှာ အိပ်နေတဲ့ ခွေးတစ်ကောင်ကို ဒုတ်နဲ့ တအားပိတ်ရိုက်ပါတယ်တဲ့။ အဲဒီလို ရိုက်လိုက်တော့ ခွေးက တအားကြောက်လန့်ပြီး အော်ပြေးတယ်။ အဲဒီ ရိုက်လိုက်တဲ့သူက ပြေးနေတဲ့ခွေးကို နောက်ကနေ ခဲလုံးနဲ့ တအားလိုက်ထုနေတယ်။



**အမြဲတမ်းမေတ္တာတရားထားဖို့ ဟောကြားတာကို တွေ့ရပါတယ်။ ဒီလိုဟောကြားနေပါလျှက် သူတို့ဟာဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေပါလျှက် ဘာဖြစ်လို့အဲဒီလို ရိုင်းစိုင်းကြမ်းတမ်း နေကြတာလဲတဲ့။**

အဲဒီအခြင်းအရာကို မြင်နေကြတဲ့သူ တွေက မတားမြစ်တဲ့အပြင် အဲဒီလူကို လက်ခုပ်လက်ဝါးတီးပြီး အားပေးနေကြပါ တယ်တဲ့။ ရိုက်တဲ့သူနဲ့ အားပေးနေကြတဲ့သူ တွေကို မေးကြည့်တော့ သူတို့အားလုံး ဗုဒ္ဓ ဘာသာတွေလို့ ပြောကြပါတယ်။

ဗုဒ္ဓနှင့် ဗုဒ္ဓတရားတွေကို သူ လေ့ လာဖတ်ကြည့်မိသလောက် ဗုဒ္ဓဟာ မေတ္တာ တရားကြီးမားတယ်။ သူ့တပည့်တွေကိုလည်း အမြဲတမ်း မေတ္တာတရားထားဖို့ ဟောကြား တာကို တွေ့ရပါတယ်။ ဒီလို ဟောကြားနေပါ လျှက် သူတို့ဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်နေပါ လျှက် ဘာဖြစ်လို့ အဲဒီလို ရိုင်းစိုင်းကြမ်းတမ်း နေကြတာလဲတဲ့။

ဒီမေးခွန်းဟာ တစ်ယောက်တည်း အမေးခံရတယ် ဆိုပေမယ့် တစ်နိုင်ငံလုံး ရဟန်းရှင်လူဗုဒ္ဓဘာသာဝင်တွေ အားလုံးကို မေးလိုက်တဲ့ မေးခွန်းဖြစ်ပါတယ်။ စာရေးသူ မဖြေမိ မိတ်ဆွေများ အားလုံးကိုလည်း ဖြေ ကြည့်စေချင်ပါတယ်။ ဒီမေးခွန်း မိမိတို့ကို အမေးခံခဲ့ရရင်လည်း ဘယ်လို ဖြေမလဲဆိုတာ ကိုလည်း သိချင်ပါတယ်။ စာရေးသူ ဖြေခဲ့ ခဲ့တာလေးကိုလည်း ပြန်လည်မျှဝေ ဆွေးနွေး ပေးချင်ပါတယ်။

စာရေးသူက အဲဒီနိုင်ငံခြားသူကိုဖြေ ပါတယ်။ "ဟုတ်ပါ တယ်။ ဒီဗုဒ္ဓတရားတွေဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ချစ်ခင်ခြင်း၊ သနားကြင်နာခြင်း၊ သူများကြီးပွားအောင်မြင် တာကို ဝမ်းမြောက် ဝမ်းသာဖြစ်ခြင်း၊ ဂုဏ်ပြု ခြင်း စသည်ဖြင့် အဆင့်အတန်း မြင့်မား

...ယ်။ အဆင့်အတန်းမြင့်မားတဲ့ တရားတော်တွေကို သိဖို့၊ နားလည်ဖို့၊ ကျင့်သုံးနိုင်ဖို့ဆိုတာ မိမိရဲ့ အဆင့်အတန်းကို မြှင့်တင်ပေးနေရပါတယ်။

မြှင့်တင်ပေးနေတာ မရှိဘူးဆိုရင် ဗုဒ္ဓတရားတော်နဲ့ အဲဒီလူဟာ လည်ပယ် Level ကိုက်ဖြစ်ကာ အဆင့်အတန်းတွေ ပိုပြီးတော့တောင် နိမ့်သွားရပါတယ်။

ဥပမာအားဖြင့် မိမိအိမ်ရှေ့မှာ လာတောင်းစားနေတဲ့ သူတောင်းစားကို 'သနားပါတယ်ကွာ'ဆိုပြီး ရွှေကြိုးတစ်ကုံးလောက် လည်ပင်းမှာ ဆွဲပေးကြည့်ပါ။ 'အဲဒီ ဆွဲကြိုးဆွဲပြီး ထိုက်တောင်း ကြည့်ပါ'လို့ ပြောပြီး လုပ်ပေးကြည့်ပါလား။ အဲဒီ လူဘာဖြစ်သွားမလဲ။ ဆိုးကျိုးနဲ့ ကောင်းကျိုး ဘယ်ဟာရနိုင်မလဲ'လို့ မေးလိုက်တော့ နိုင်ငံခြားသူက 'ဆိုးကျိုးပဲဖြစ်မှာပေါ့'တဲ့။ ဘာဖြစ်လို့လဲလို့ သူမကို မေးလိုက်တော့ 'မင်းပြောတဲ့ လည်ပယ် level ကိုက်လို့ပေါ့'တဲ့။

'မင်းမြင် တွေ့ခဲ့ရတဲ့ ဦးပိန်တံတားပေါ်က ခွေးကို ခဲနဲ့ လိုက်ထုတဲ့သူ အားပေးနေတဲ့သူတွေဟာ အဖေ အမေက ဗုဒ္ဓဘာသာဖြစ်လို့ သူတို့လည်း ဗုဒ္ဓဘာသာ ဖြစ်လာကြတဲ့ မျိုးရိုးဖလာ ဗုဒ္ဓဘာသာ။ ဗုဒ္ဓဘာသာလို့ မှတ်ပုံတင်ထဲမှာ ထည့်ထားလို့ ဗုဒ္ဓဘာသာလို့ခေါ်နေရတဲ့ အမည်ခံဗုဒ္ဓဘာသာ သက်သက်သာ ဖြစ်ပါတယ်။

သူတို့ဟာ သူတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်တွေဟာ ဘာဖြစ်တယ်ဆိုတာကို သူတို့ မသိကြသလို ကျင့်လည်း

**အခုသံဃာတော်တွေ**
**ဖမ်းဆီး၊ထောင်ချ၊နှိပ်စက်၊**
**သတ်ဖြတ်နေကြတဲ့**
**စစ်အုပ်စုလူကြီးတွေဟာ**
**ဗုဒ္ဓဘာသာတွေဖြစ်နေကြပါလျက်**
**အဘယ်ကြောင့်**
**ကိုယ်ကိုးကွယ်နေတဲ့**
**သံဃာတော်တွေကို**
**ဒီလိုလုပ်ရတာလဲတဲ့။**

မကျင့်ကြပါဘူး။ သူတို့ နေ့စဉ်ကျင့်နေတာကတော့ ဒီတောင်သမာန်အင်းကြီးထဲက ငါးတွေဖမ်းမယ်။ ရောင်းမယ်။ စားမယ်။ ပြီးရင်အဲဒီနား သစ်ပင်အောက်စုထိုင်ပြီး ဖဲရိုက်မယ်။ လောင်းကစား လုပ်မယ် ဒါပဲ။ သူတို့အဆင့်အတန်းဟာ ဒါပဲ။ ဒီထက်မပိုဘူး။ ဒါကြောင့် သူတို့ဟာ နေ့စဉ်နှင့်အမျှ သတ်တာ ဖြတ်တာတွေချည်းပဲ လေ့ကျင့်နေကြတော့ စရိုက်တွေ ကြမ်းတမ်းနေကြခြင်း ဖြစ်ပါတယ်'လို့ဖြေပေးလိုက်ပါတယ်။

ပြီးတော့ 'မင်းအခုကြည့်ပါဦး၊ ငါတို့နေရာ စာကြည့်တိုက်နဲ့ ကျောင်းဝန်းကျင်မှာ ကြည့်လို့ ခုနကလိုမျိုး အမူအကျင့်တွေကို တွေ့ရလားလို့။ တိရစ္ဆာန်လေးတွေကို သေ

**ဗုဒ္ဓရဲ့ဝါဒက**
**အရေအတွက်ကို**
**ဦးစားပေးတဲ့**
**ဝါဒမဟုတ်ပါဘူး။**
**အရည်အချင်းကို**
**ဦးစားပေးတဲ့**
**ဝါဒဖြစ်ပါတယ်။**

သေချာချာ အစာကျွေးတယ်။ ရေတိုက်တယ်။ သူတို့ကို စောင့်ရှောက်တယ်။ ဆင်းရဲနွမ်းပါးသူတွေကို ပညာဒါန အခမဲ့သင်တန်းတွေ ဖွင့်ပေးပြီး စောင့်ရှောက်တယ်။ ဒါဟာ ဗုဒ္ဓသင်ပေးထားတဲ့ မြင့်မြတ်တဲ့ ကောင်းမွန်တဲ့ တရားတွေကို နားလည်အောင် သင်ယူပြီး လက်တွေ့ကျင့်နေလို့ ဗုဒ္ဓရဲ့ တရားတော်တွေနဲ့ လည်ပယ် level ကိုက်နေခြင်း ဖြစ်တယ်' လို့ ဖြေပေးလိုက်တော့ နိုင်ငံခြားသူ သဘောကျသွားပါတယ်။ တခြားအကြောင်းအရာတွေ ဆက်ဆွေးနွေးကြပြီးတော့ 'ကျေးဇူးတင်ပါတယ်' ပြောပြီးပြန်သွားပါတယ်။

ဗုဒ္ဓဘာသာအမည်ခံ လူတစ်စု
အပြုအမူကြောင့် ဗုဒ္ဓဘာသာတွေအပေါ်မှာ
အထင်သေးသွားခြင်းဆိုတာကတော့ လာရိုက်
ခက်တာပါပဲ။ ဒီထက်ပိုပြီး ဆိုးဝါးတဲ့ အခြေ
အနေနဲ့ ထပ်တွေ့ရတာကတော့ ၂၀၀၇ ရွှေဝ
ရောင် သံဃာ့အရေးအခင်းအပြီး ပြည်တွင်း
မှာ စစ်အုပ်စုက လိုက်ဖမ်းနေလို့ ရောင်ရင်
တိမ်းရင်းနဲ့ ၂၀၀၈ မှာ မဲဆောက်ကိုရောက်လာ
ပါတယ်။ ပြည်တွင်းမှာ ဦးဂမ္ဘီရတို့နဲ့အတူဦး
ခေါင်းဆောင်ပြီး လုပ်ခဲ့တာကို သိရှိသွားကြ
တော့ နိုင်ငံခြားသားတွေတော်တော်များများ
ရောက်လာပြီး မေးခွန်းတွေ မေးကြပါတယ်။

အဲဒီမေးခွန်းတွေထဲမှာ အမေးအခံ
ဆုံး မေးခွန်းကတော့ ' အခု သံဃာတော်တွေ
ဖမ်းဆီး၊ ထောင်ချ၊ နှိပ်စက်၊ သတ်ဖြတ်နေကြတဲ့
စစ်အုပ်စုလူကြီးတွေဟာ ဗုဒ္ဓဘာသာတွေ
ဖြစ်နေကြပါလျက် အဘယ်ကြောင့် ကိုယ်
ကိုးကွယ်နေတဲ့ သံဃာတော်တွေကို ဒီလိုလုပ်
ရတာလဲတဲ့။ သူတို့ကိုလည်း အထက်မှာ ဖြေ
တဲ့အတိုင်း သူတို့ဟာ So call Buddhis
အမည်ခံဗုဒ္ဓဘာသာတွေဖြစ်ကြောင်းနဲ့ သူတို့
လေ့ကျင့်ခဲ့တာကတော့ စစ်တပ်ထဲမှာ စစ်
အာဏာရှင်ကြီးတွေက လက်ဆင့်ကမ်းသင်
ပေးခဲ့တဲ့ရိုက်မယ်၊ နှက်မယ်၊ ဖမ်းဆီးမယ်၊
ထောင်ချမယ်၊ ပစ်သတ်မယ်။ သူတို့ကို
တော်လှန်သူမှန်သမျှ သူတို့ရဲ့ရန်သူလို့သဘော
ထားဖို့ သင်ပေးထားတာတွေပဲ သူတို့ ခေါင်း
ထဲမှာ ရှိပါတယ်။ တခြား သူတို့ခေါင်းထဲမှာ
ဘာမှမရှိဘူး။



ဗုဒ္ဓတရားတော်တွေဆိုတာလည်း သူတို့ ဘာတစ်ခုမှ ကောင်းကောင်း မသိပါဘူး။ သူတို့ တကယ်ကိုးကွယ်ကြတာက ဗုဒ္ဓ မဟုတ်ဘူး။ သံဃာတော်တွေ မဟုတ်ဘူး။ သူတို့ရဲ့ အာဏာကိုသာ ကိုးကွယ်ကြတာ ဖြစ်ပါတယ်"လို့ ဖြေပေးလိုက်ပါတယ်။ ဗုဒ္ဓရဲ့ ဝါဒက အရေအတွက်ကို ဦးစားပေးတဲ့ ဝါဒ မဟုတ်ပါဘူး။ အရည်အချင်းကို ဦးစားပေးတဲ့ ဝါဒဖြစ်ပါတယ်။ ဗုဒ္ဓက သူရဲ့တရားတော်တွေကို သိရှိနားလည်အောင် ဆွေးနွေးအဖြေရှာပြီးတော့ လက်တွေ့ကျင့်နိုင်းခြင်းသာ ဖြစ်ပါတယ်။

ဒါပေမယ့် ယနေ့မြန်မာနိုင်ငံမှာတော့ အများစုကြီးဟာ တရားတော်များကို လက်တွေ့ နားလည်အောင် ဆွေးနွေးအဖြေရှာမှုလည်း မရှိ ကျင့်သုံးမှုလည်းမရှိဘဲ မိမိစည်းစိမ် ဥစ္စာ၊ ရာထူး၊ ပါဝါ၊ အာဏာတွေ ကြီးထွားဖို့ အတွက်သာ ဟန်ဆောင်ပန်ဆောင်ဖြင့် ကိုးကွယ်နေကြတဲ့ အမည်ခံဗုဒ္ဓဘာသာတွေသာများနေပါကြောင်းကို အသိပေး ပြောကြားလိုက်ပါရစေ။

အမှတ်(၁၆)၊ ဖွန်၂၀၁၄။
(ခေတ်လူများ၏ မှတ်စုဂျာနယ်)



# ပညာပါရမီ

# ပြည့်မိုးကြာဖြူ

# ပညာပါရမီဖြည့်ဖိုးကြဖို့လား

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ (၁၀)ပါး အပြားသုံးဆယ်ကို မနေမနား ဖြည့်ကျင့်တော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် ပါရမီ (၁၀)ပါးထဲတွင် ပညာပါရမီကို အမြဲမပြတ် ယှဉ်တွဲကာဟောဖော်ညွှန်ပြတော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် ပညာပါရမီကို ဘယ်ကဲ့သို့ဖြည့်ခဲ့သည်ဆိုတာကို အမြဲမပြတ် ပြန်လည်ဟောဖော်ညွှန်ပြ နည်းပေးလမ်းပြဆိုဆုံးမနေခြင်းမှာ ပညာပါရမီ မပါလျှင် အခြားပါရမီများကို ဖြည့်ကျင့်ရာ၌ လမ်းလွဲနိုင်သောကြောင့် လမ်းမမှားစေရန် အမြဲမပြတ် ပညာပါရမီပါ ယှဉ်တွဲဖြည့်ကျင့်ရန် နည်းပေးညွှန်ပြဆို ဆုံးမတော်မူနေခြင်းဖြစ်ပါသည်။

**မျိုးဆက်သစ်**
**ရတနာတွေရဲ့**
**ဘဝတွေသေဆုံးလေ**
**အနာဂတ်**
**မြန်မာနိုင်ငံတော်ရဲ့**
**အခြေအနေဟာလည်း**
**မကောင်းလေပါပဲ**

မြတ်စွာဘုရားရှင်သည် မိမိ၏တပည့်များကို လမ်းလွဲမည်ဆိုး၍ အဖန်ဖန် အထပ်ထပ် ဆိုဆုံးမနေသည့်ကြားမှပင် ဗုဒ္ဓဘာသာ အထွန်းကားဆုံးဟု ဟစ်ကြွေးနေသောမြန်မာနိုင်ငံသား အများစုကြီးသည် ဗုဒ္ဓဩဝါဒများနှင့်ဆန့်ကျင်ဘက် ပညာနှင့်ယှဉ်ကာ ပြောဆိုမှု လုပ်ကိုင်မှု စဉ်းစားတွေးခေါ်မှု အလွန်နည်းပါးနေကြတာကို တွေ့ရပါသည်။ ပညာမယှဉ်လေ ပညာနည်းလေ လမ်းလွဲလေဖြစ်ကာ ဆင်းရဲမှုများ လမ်းလွဲမှုများ အမှားတွေပြဿနာဖြစ်မှုတွေများကာ ကမ္ဘာ့အလယ်မှာ ဆက်လက်ပြီး မျက်နှာငယ်ကာ ဆင်းရဲမွဲတေနေကြရဦးမှာ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဆောင်ပုဒ်တွေ၊ စကားပုံတွေ၊ ဆုံးမဩဝါဒတွေ၊ အလွန်ပေါများသောနိုင်ငံ ဖြစ်ပါသည်။ ဒါပေမဲ့ ဆောင်ပုဒ်တွေက ညွှန်ပြသည့်အတိုင်း လိုက်နာဆောင်ရွက်မှုရှိကြပါသလားဆိုရင် မရှိကြတာ များပါသည်။ စာသင်ကျောင်းတိုင်းတွင် စာလုံးအကြီးကြီး ဆိုင်းဘုတ်အကြီးကြီးဖြင့် ရေးထိုးထားသည်မှာ 'ပညာမြင့်မှ လူမျိုးတင့်မည်'ဟူ၍ဖြစ်သည်။ ဒါပေမဲ့ ဆိုင်းဘုတ်သာရှိပြီး ပညာမြင့်မားရေး အစီအစဉ်ကား ယနေ့ထိ ဘာမှမရှိသေးပါဘူး။ ကလေးငယ်လေးတွေ ပညာမသင်ကြားနိုင်ဘဲ လက်ဖက်ရည်ဆိုင်တွေမှာ စားသောက်ဆိုင်တွေမှာ လမ်းဘေးအမှိုက်ပုံတွေမှာ ရရာအလုပ် ကြုံရာ အလုပ်တွေကို လုပ်ကိုင်နေကြရဆဲပင်ရှိသေးသည်။

စာသင်ကျောင်းတိုင်းတွင် စာကြည့်တိုက်များ မဖြစ်မနေထားရှိကာ စာတွေဖတ်လာအောင် လေ့ကျင့်ပေးရမည်။ သို့ပေမဲ့ စာဖတ်အောင် လေ့ကျင့်ပေးဖို့ ဝေးစွ ဖတ်စရာစာကြည့်တိုက်ကိုတောင်ဖြစ်အောင် မဆောင်ရွက်နိုင်သေးပါ။ စာရေးသူတို့ ငယ်စဉ်က စာသင်ရာနေရာသည် စာသင်ကျောင်းဖြစ်ခဲ့သော်လည်း ယနေ့စာသင်ရာနေရာသည် ကျူရှင်နေရာများသို့ ပြောင်းသွားသည်မှာ အလွန်ဝမ်းနည်းစရာ ကောင်းလှပါသည်။ ယနေ့ကလေးငယ်များသည် ကျူရှင်ခမပေးစရာမရှိလျှင် ကျောင်းမထားနိုင်တော့သည့် အခြေအနေသို့ ရောက်သွားသည်မှာလည်း အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။

ယနေ့ကလေးငယ်များရဲ့ဘဝသည်

လွှန်ဝမ်းနည်းဖွယ် ကောင်းလှပါသည်။ ကျောင်းမှာ စာကောင်းကောင်း မသင်ပေမဲ့ ကျောင်းသို့ တစ်နေကုန် သွားနေရသည်။ ကျောင်းမှ ပြန်လာတော့ ကျူရှင်သို့တခါပြေးရသည်။ စာရေးသူတို့ ငယ်စဉ်က ကျောင်းမှ ပြန်လာလျှင် မြူးထူး ပျော်ရွှင်ကာ ကစားချိန်တွေ ရခဲ့သော်လည်း ယခုကလေးတွေပျော်ချိန် ကြတော့ဘဲ မျက်နှာငယ်လေးနဲ့ ကျူရှင်ကို သွားချင်သွားချင်နှင့် သွားနေကြရသည်။ စာရေးသူတို့ ငယ်စဉ်က စနေ၊ တနင်္ဂနွေဆို ရင် အလွန်ပျော်ရွှင်စွာ ကစားနိုင်ကြသည်။ နောက်တွေ အနားရကြလို့ တနင်္လာနေ့ ကျောင်းပြန်တက်လျှင်လည်း ပျော်ပျော်ပါးပါး ပါးသွက်လက်စွာ ကျောင်းသို့သွားခဲ့ကြ သည်။ ယခုတော့ ကလေးငယ်တွေ စနေ၊ တနင်္ဂနွေဆိုတာ သူတို့အတွက် ပျော်စရာနေ့ ား မဟုတ်ကြတော့ပေ။ သူတို့အတွက် ပညာ င်ရာနေရာများသည် ပေါ့ပါးလန်းဆန်းလို့ ပျော်ရွှင်ဖွယ်ရာ ဖြစ်မလာတော့ပေ။ ကျောင်း ည် ထောင်နှင့် တူလာသည်။ ဒါဟာ ကလေးငယ်တွေဖြစ်ကြတဲ့ အနာဂတ်မျိုးဆက် သစ်တွေရဲ့ အညွန့်ညှောက်တွေကို ချိုးပစ် ိုက်ခြင်း၊ သတ်ပစ်လိုက်ခြင်းပင် ဖြစ်ပါသည်။

အနာဂတ် မျိုးဆက်သစ်ရတနာတွေရဲ့ ာတွေ သေဆုံးလေ အနာဂတ် မြန်မာ ိုင်ငံတော်ရဲ့ အခြေအနေဟာလည်း မကောင်း လေပါဖြစ်သည်။ အနာဂတ် မြန်မာနိုင်ငံတော်ရဲ့ အခြေအနေဟာ မျိုးဆက်သစ်တွေရဲ့ လက်ထဲ မှာရှိနေပါသည်။ မြန်မာနိုင်ငံကြီးကို မအပ်

ချင်လည်း သူတို့လေးတွေရဲ့ လက်ထဲကို အပ် ကြရမှာဖြစ်ပါသည်။ သူတို့လေးတွေ တော်ရင်၊ ကောင်းရင်၊ အနာဂတ် မြန်မာနိုင်ငံတော်ကြီး သည် တော်လာ၊ ကောင်းလာမှာဖြစ်သလို သူ တို့လေးတွေ ချာနေညံ့နေကြလျှင်လည်း မြန်မာ နိုင်ငံကြီး အခုလိုပဲ ရှိတာရောင်းစားရတဲ့ အခြေအနေ၊ အလုပ်လုပ် ကိုင်စရာ နေရာတွေ ပေါများပေမဲ့ အလုပ် မဖန်တီးနိုင်လို့ အလုပ် လက်မဲ့ အခြေအနေတွေဖြစ်ကာ အလုပ်ပေး နိုင်တဲ့ သူများနိုင်ငံတွေကို သွားရောက်ကာ ရရာအလုပ်လုပ်ရင်း ကမ္ဘာ့အလယ်မှာမျက်နှာ ငယ်နေကြရဦးမှာ ဖြစ်ပါသည်။

အားလုံးကို အကြံဉာဏ်ပေးလိုသည် မှာ ဘာတွေပဲပြောပြော ဘာတွေပဲလုပ်လုပ် ပညာဉာဏ်နှင့် ယှဉ်စေချင်ပါသည်။ မိမိ တို့ ကိုးကွယ်ဆည်းကပ်ရာ ဆရာသခင်ဖြစ် သော မြတ်စွာဘုရားသည် အမြဲမပြတ် ပညာ ဉာဏ်ကို ရှေ့တန်းတင်ခဲ့သည်။ မြတ်စွာဘုရား



**အာဏာကို**
**တိုင်းသူပြည်သားတွေရဲ့**
**လက်ကိုပြန် အပ်ရပါသည်။**
**တိုင်းပြည်ကြီး**
**ပြန်လည်ကောင်းမွန်တိုးတက်ဖို့မှာ**
**အားလုံးမှာ**
**တာဝန်ရှိပါသည်။**

ရှင်သည် ကာလမပုဏ္ဏားတွေနဲ့ တွေ့တဲ့အခါ ဆုံးမဩဝါဒပေးတာက 'ပုဏ္ဏားတို့ အတ္တနာဝ ဇာနေယျာထ When you know by yourself ကိုယ်ပိုင်အသိဉာဏ်နှင့်သိတဲ့အခါ ဒါဟာမှားတယ်၊ မှန်တယ်၊ ကောင်းတယ် မကောင်းဘူး၊ အပြစ်ကင်းတယ်၊ မကင်းဘူး အကြောင်းအကျိုး ခွဲခြားစိတ်ဖြာဆုံးဖြတ်ပြီး လုပ်ကိုင်ပါ၊ ပြောဆိုပါ၊ သူများပြောလို့ သူများ နိုင်းလို့ လိုက်လုပ်တာမျိုး၊ လိုက်ပြောရတာ မျိုးကို ရှောင်ပါလို့ အဖန်ဖန်အထပ်ထပ် တိုက်တွန်းပြောကြားဆုံးမ ဩဝါဒပေးလေ့ရှိ ပါသည်။

မြတ်စွာဘုရားရှင်သည် ကိုယ်ပိုင် အသိဉာဏ်ဖြစ်အောင် ကြိုးစားဖို့ အမြဲတိုက် တွန်းပြောကြားလေ့ရှိပေမဲ့ မြန်မာနိုင်ငံသား အများစုသည် ကိုယ်ပိုင်အသိဉာဏ်ဖြင့် စဉ်း စား ဆုံးဖြတ်ရတာကို သဘောမကျပါ။

ဘယ်သူကတော့ နာမည်ကျော်တယ်ဆို ဘယ်သူ့နောက်ကိုတော့ လူတွေတော်တော် များလိုက်တယ်။ ငါလည်း သူတို့လိုပဲ လို ဦးမှာပဲဆိုပြီး လူအုပ်ကြီးနောက်ကိုလိုက်သည် ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်အသိဉာ ဘာမှမပါကြတာ များပါသည်။ ကိုယ်လို သွားတဲ့ ခေါင်းဆောင်က မှားပြန်ပြီဆိုတော အဲဒီခေါင်းဆောင်ကို ပုံချလိုက်ကြသည်။ မ ကိုယ်ပိုင်အသိဉာဏ်နှင့် ဆုံးဖြတ်ပြီးလိုက်တာ မဟုတ်တဲ့အတွက် အပြစ်တွေရှိရင် မှား သူများကို ပုံချလိုက်ပြီး ရှောင်ထွက်လို ကြပါသည်။ ကိုယ်ပိုင်ဉာဏ်မပါသည့်အတွ ကိုယ်ကိုယ်တိုင်ကတော့ တာဝန်ယူမှု တာဝ ခံမှုဆိုတာ ဘာမှမရှိကြတော့ပါ။

စာရေးသူတို့ငယ်စဉ်က မရှိတဲ့ကျူ တွေဟာ အခုအခါတွင် မှိုလိုပေါလာပါသည် ကျူရှင်ပြနေတဲ့ အစိုးရလခစား ဆရာမ တ ယောက်ကို မေးကြည့်ပါသည်။ ဘာလို့ကျူ ပြတာလဲဆိုတော့ လခ မလောက်လို့ဟု ဆ ခြေပေးပါသည်။ ထိုနည်းငှင်း ရဲတွေ၊ ဝန်ထ တွေကို ဘာလို့ လာဘ်စားကြတာလဲ၊ တိုင်းပြ ဘဏ္ဍာတွေ ခိုးနေကြတာလဲဆိုတော့ လ မလုံလောက်လို့ဟု ဆင်ခြေပေးကြပါသည် 'ဆင်ခြေပေးရာ၌ တော်သောသူသည် အ ရာ၌ ညံ့၏' ဆိုသည့်အတိုင်း အဖြေမှန်ကိုရော သည်အထိမသွားကြသည့်အတွက် အမှားတွေ ဆက်ကာဆက်ကာပြုလုပ်ရင်း အမှားသံသရာ လည်နေကြပါသည်။

ပညာဉာဏ်ဖြင့် သေချာစဉ်းစာ အဖြေရှာစေချင်ပါသည်။ ဆရာ၊ ဆရာမ၊ ရဲ



ံသား၊ စစ်ဗိုလ်နှင့်တကွ ရုံးဝန်ထမ်းတွေ အားလုံးလစာတွေကို လုံလောက်အောင် မဖန် ီးပေးတာ ဘယ်သူမှာ တာဝန်ရှိပါသနည်း။ ာက်ရှိတာဝန်ယူထားကြသည့် အစိုးရလူကြီး တွေမှာ တာဝန်အပြည့်အဝရှိပါသည်။ သူတို့ ှာ တာဝန်ရှိတာကို ဆရာ ဆရာမ၊ ရဲ၊ ံသား၊ စစ်ဗိုလ်၊ ရုံးဝန်ထမ်းအားလုံးက ာဝန်အပြည့်ရှိကြသည့် အုပ်ချုပ်သူ တာဝန် ိ သမ္မတနှင့် ဝန်ကြီးစသည့် လူကြီးများထံ တောင်းဆိုဘဲ အဘယ့်ကြောင့် ကိုယ့် ပြည်သူပြည်သား အချင်းချင်းခေါင်းပုံဖြတ် အမြတ်ထုတ် လာဘ်တွေစား၊ တိုင်းပြည် ာဏ္ဍာ နိုးစားနေကြပါသနည်း။

ချက်နိုင်ငံကို တိုင်းပြည်ရဲ့ တာဝန် ယူနိုင်သည့် စစ်အုပ်စုက အာဏာသိမ်းယူတဲ့ ခါမှာ တိုင်းပြည်မှာရှိတဲ့ ဆရာ ဆရာမ၊ ရဲ ဆရာဝန် စသည့် ဝန်ထမ်းတွေ အားလုံးက ိမိလက်ရှိရာထူးတွေမှ နှုတ်ထွက်ကာဆန္ဒပြ ကြတာမို့ အစိုးရယန္တယားတစ်ခုလုံး ဆက် ာက် မလည်ပတ်နိုင်တော့သည့်အတွက် အာဏာကို တိုင်းသူပြည်သားတွေရဲ့ လက်ကို ပြန်အပ်ရပါသည်။ တိုင်းပြည်ကြီး ပြန်လည် ကောင်းမွန်တိုးတက်ဖို့မှာ အားလုံးမှာတာဝန် ရှိပါသည်။ အားလုံးတက်ညီလက်ညီဖြင့်ဗိုင်း ဝန်း အဖြေရှာ ကြိုးစားစေချင်ပါသည်။ပညာ ဉာဏ်တွေကို ဗိုင်းဝန်းမြှင့်တင်ပေးကြဖို့လိုပါ သည်။ ပညာဉာဏ်တွေ ဗိုင်းဝန်းမြှင့်တင်ပေး နိုင်ဖို့ စာပေဗိုင်းတွေ၊ ကျောင်းစာကြည့် တိုက်တွေ၊ ကျေးရွာစာကြည့်တိုက်တွေ တည် ထောင်ဖွင့်လှစ်ကာ စာတွေ ဖတ်လာအောင် ဗိုင်းဝန်းပြုစု ပျိုးထောင်ပေးကြဖို့လိုပါသည်။ ကလေးများအတွက် ကျပန်းစကားပြိုင်ပွဲများ၊ စာပေ ဟောပြောပွဲပြိုင်ပွဲများ၊ ကဗျာ၊ ဆောင်း ပါးစသည့်စာပေအရေးအသားပြိုင်ပွဲများကို ကျောင်း၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းအထိ ပြိုင်ပွဲကြီးများ သေချာစွာ ကျင်းပပေးဖို့လို ပါသည်။ သီချင်းပြိုင်ပွဲများသာ ချိမ့်ချိမ့်သဲ ကျင်းပပေးနေပြီး စာပေပြိုင်ပွဲများ ချိမ့်ချိမ့် သဲအောင် မကျင်းပပေးနိုင်ခြင်းကြောင့် စာဖတ် သူများများမလာကြခြင်း ဖြစ်ပါသည်။ တိုင်း ပြည်တစ်ခုတွင် စာဖတ်အားများ မကောင်း လာသရွေ့ ပညာကို တန်ဖိုးထားတတ်သည့် လူငယ်လူရွယ်များ မထွန်းကားလာသရွေ့ ပညာပါရမီကိုဖြည့်ကျင့်ကြသူများ နည်းနေ သေးသရွေ့ ကိုယ်ပိုင်အသိဉာဏ်တွေ မထွန်း တောက်လာသေးသရွေ့ အနာဂတ်မြန်မာနိုင်ငံ တော်ကြီးရဲ့ ကံကြမ္မာသည်လည်း မှုံဝါးဝါး သာ ဖြစ်နေဦးမည်ဆိုတာကို ကြိုတင်တွေး စရင်း ရင်လေးနေမိပါကြောင်း အသိပေး ပြော ကြား ရေးသားအပ်ပါသည်။



# အတ္တနာဝဇာနေယျာထ
# မိမိကိုယ်ပိုင်ဉာဏ်ဖြင့်သိသောအခါ

မိမိတို့ဟာ ဗုဒ္ဓ၏တပည့်များ ဖြစ်ကြသည့်အတွက် ကိုယ့်ဆရာဗုဒ္ဓရဲ့ဝါဒလမ်းစဉ်သည် ဘယ်လိုဝါဒလမ်းစဉ်ဖြစ်တယ်ဆိုတာကို သေချာစွာ ဂဃနဏလေ့လာဖို့ လိုပါတယ်။ ဗုဒ္ဓရဲ့ဝါဒ လမ်းစဉ်ဟာ ကိုယ်ပိုင်အသိဉာဏ် ထွန်းတောက်အောင် ကြိုးစားရတာ ဖြစ်ပါတယ်။ ဒါကို ဗုဒ္ဓမြတ်စွာဘုရားက ကာလာမပုဏ္ဏားတွေနဲ့ တွေ့တဲ့အခါ ပြောကြားခဲ့တဲ့စကားလေးကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။

မြတ်စွာဘုရားက…'ကာလာမ ပုဏ္ဏားတို့… အနုဿဝေန…သူများစကားကြားတာများတာနဲ့ မှန်ပြီ သို့မဟုတ် မှားပြီ၊ တစ်ခုခုကိုမှားတယ်၊ မှန်တယ်လို့ အလွယ်တကူ မဆုံးဖြတ်ပါနဲ့' လို့ မိန့်ကြားခဲ့ပါတယ်။

ယနေ့ခေတ်ကြီးသည် ပိုပြီးသတိရှိဖို့ လိုပါတယ်။ မီဒီယာခေတ်၊ အင်တာနက်ခေတ်ကြီးဖြစ်လေတော့ သူများတွေပြောထား၊ ရေးထားတာတွေ အတော်များပါတယ်။ သူများပြော၊ သူများရေးထားသမျှကို အလွယ်လက်ခံလိုက်မယ်ဆိုရင် ဆိုးကျိုးတွေနဲ့ ရင်ဆိုင်ကြရမှာ ဖြစ်တယ်။

'မာပရမ္ပရာယ…ဘိုးဘွားစဉ်ဆက်လက်ခံ ယုံကြည်ခဲ့တဲ့အယူအဆဖြစ်လို့ မှန်တယ်လို့ အလွယ်မယူဆပါနဲ့'

မိမိတို့ သေချာစဉ်းစားဖို့ လိုပါပြီ။ ယနေ့ခေတ်ကြီးသည် အသိဉာဏ်ပေါက်ကွဲနေတဲ့ခေတ်ကြီးဖြစ်ပါတယ်။ အသိဉာဏ်ကိုဦးစားပေးနေရတဲ့ ခေတ်ကြီးထဲမှာ မိမိကိုယ်ပိုင်အသိဉာဏ်ကို အသုံးမချဘဲ၊ ဒါကတော့ တို့ဘိုးဘွားအစဉ်အဆက် လက်ခံခဲ့တာ အကျိုးရှိတာ မရှိတာ၊ သူများတွေဘဝ နစ်နာသွားတာ ဒါတွေကို မစဉ်းစားဘဲ အလွယ်လက်ခံပြီး လိုက်လုပ်တာဟာ လုံးဝကိုကောင်းတဲ့ လက္ခဏာမဟုတ်ပါဘူး။ လူတွေတော်တော်များများဟာ ရှေးရိုးအစဉ်အလာဟောင်းတွေကို မစွန့်ပယ်ချင်ကြပါဘူး။ အဟောင်းတွေကို ဖက်တွယ်ထားကြရတာကိုပဲ ကျေနပ်နေကြတာများပါတယ်။ ဒါကို ကောင်းကောင်းသိတဲ့ ရှေးရိုးဝါဒီတွေဟာ နည်းမျိုးစုံနဲ့ သူတို့ကွန်ယက်တွင်း… လွတ်ထွက် မသွားရလေအောင် နည်းမျိုး… ချုပ်နှောင်ထားကြပါတယ်။ ဒါကို မြတ်… ဘုရားရှင်က ကောင်းကောင်းကြီးသိလို့ … ထွက်နိုင်ဖို့ လမ်းမှန်ကို မီးထွန်းပြခဲ့ခြင်းဖြစ်… တယ်။

'မာတက္ကဟေတု…ကြံဆတွေးတော… ခြင်း၊ တက္ကနည်းတွေနဲ့ အကျိုးအကြော… ဆင်ခြင်ကြည့်လိုက်ပြီးတော့ မှန်တယ်… အလွယ်မယူဆပါနဲ့'တဲ့။ လူတွေမှာ မာနကို… စီ ရှိကြတော့ ကိုယ်တွေးတောကြည့်တာလေ… ကိုက်ညီတယ်၊ သဘောကျတယ်ဆိုရင် ငါတွေ… တာ မှန်တယ်၊ ငါလုပ်တာ မှန်တယ်ဆို… အလွယ်လိုက်ကြလို့ လမ်းမှား လမ်းလွဲသွ… ကြတဲ့သူတွေ မနည်းပါဘူး။ ဒါကို က… အာဏာရှင်တွေမှန်သမျှရဲ့ အတ္ထုပ္ပတ္တိတွေ… ဖတ်ကြည့်ရင်လည်း သိနိုင်ပါတယ်။ သူ… တွေဟာ မှန်တယ်ဆိုပြီး သူတို့စိတ်ကူးကြံ… တွေးတောတဲ့အတိုင်း လိုက်လုပ်ကြလို့ အသ… သွေးချွေးတွေ ဘဝတွေများစွာ ပေးဆပ်ခဲ့ကြ… ရပါတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်… က တွေးတော ကြံဆကြည့်ရုံလေးဖြင့်လည်း… အလွယ်လက်ခံလိုက်ပြီး လမ်းမမှားရအောင်… နည်းပေးလမ်းပြခဲ့ခြင်း ဖြစ်ပါတယ်။

'မာနယဟေတု…နည်းမှီပြီးတော့… ကြံဆတွေးတောပြီးတော့ ရလာတဲ့ အဖြေ… လည်း မှန်တယ်လို့ အလွယ်မယူဆပါနဲ့'တဲ့… တချို့ကလည်း နည်းနာနိဿယလေးတွေကို… သဘောကျကြပါတယ်။ ဒါကို ကောင်း…



...ောင်း သိနေတဲ့သူတွေက ကိုယ့်ကိုယ့်ကြည့် ...ဖို့ နည်းနာနိဿယ အမျိုးမျိုးပြကာ လမ်း ...းကို ခွဲခေါ်သွားတတ်ပါတယ်။ ဒါကြောင့် ...ဘဝကို နည်းနာနိဿယတွေနဲ့ ဘောင် ...တ်ပိတ်ပင် မထားဖို့လည်း အင်မတန်အရေး ...ကြီး လှပါတယ်။

'မာပဗ္ဗရူပတာယ... ပုဂ္ဂိုလ်တစ် ...ယောက်ကို အထင်ကြီးတယ်၊ ကြည်ညို ...တယ်၊ လေးစားတယ်၊ ဒါကြောင့်မို့လို့ သူ ...ပြောတာမှန်သမျှ မှန်တယ်လို့ အလွယ်မယူဆ ...ပါနဲ့'တဲ့။ လူတော်တော်များက ကိုယ်အထင် ...ကြီးတဲ့သူ ကြည်ညိုရတဲ့သူ လေးစားရတဲ့သူ ...ဆိုရင် ဘာမှမစဉ်းစားတော့ပါဘူး။ သူပြော ...တာမှန်သမျှ သူလုပ်တာမှန်သမျှ အကုန်အမှန် ...ကြီးပဲ လိုက်လုပ် ဖြစ်ကြပါတယ်။ ထိုသူ

**ပိဋကတ်ဒီယာခေတ်၊ အင်တာနက်ခေတ်ကြီးဖြစ်လေတော့ သူများတွေပြောထား ရေးထားတာတွေ အတော်များပါတယ်။ သူများပြော၊ သူများ ရေးထားသမျှကို အလွယ်လက်ခံ လိုက်မယ်ဆိုရင် ဆိုးကျိုးတွေနဲ့ ရင်ဆိုင်ကြရမှာဖြစ်တယ်။**

**ဒါကိုယ်တော်တိုင်ဟောထားတဲ့**
**တရားတွေကိုပင်လျှင်**
**အလွယ်လက်မခံပါနှင့်။**
**ကိုယ်တိုင်ကျင့်ကြည့်ပါ။**
**ကိုယ်ပိုင်သိအောင်အားထုတ်ပါ။**
**ကိုယ်ပိုင်ဉာဏ်တွေ**
**ရင့်သန်လာအောင်လုပ်ပါလို့**
**အဖန်ဖန်အထပ်ထပ်**
**ဟောပြသင်ပေးနေခြင်းဖြစ်ပါတယ်။**

နောက်ကို အလွယ်လိုက်သွားကြပါတော့တယ်။ ဒါကို ကောင်းကောင်းသိနေတဲ့လူလိမ်ကြီးများနှင့် အာဏာရှင်ကြီးများက သူတို့ကို လူတွေအထင်ကြီးအောင် ပထမဦးဆုံး လုပ်ပြပါတော့တယ်။ သူတို့ကို ယုံပြီ၊ ကြည်ညိုပြီ၊လေးစားပြီဆိုတာနဲ့ လမ်းမှားကို အကုန်တွန်းပို့တော့တာပါပဲ။ ဒါကြောင့်လည်း မမှားသင့်ဘဲ မှားကြ၊ ဒုက္ခဆင်းရဲတွေ ရောက်ကြ၊ နောင်တတွေ ရကြ၊ ပူလောင်မှုတွေနဲ့ ကြုံတွေ့ရင်ဆိုင်ကြရခြင်း ဖြစ်ပါတယ်။

'မာပိဋကသမ္ပဒါနေ… ပဋိကတ်စာပေ၊ ကျမ်းဂန်စကား၊ စာအုပ်ကြီးက စကားနဲ့ ကိုက်ညီနေလို့လည်း မှန်တယ်လို့ အလွယ်မယူဆပါနဲ့'တဲ့။ လူတွေတော်တော်များများ ဟာ ကိုယ့်ကိုယ်ကို အစဉ်အလာဟောင်းတွေ ပိတ်လှောင်နေကြတာ များပါတယ်။ ဒါ ဘယ်ကျမ်းက ဘယ်လိုဆိုထားတာ၊ ဘယ် ပြောထားတာနဲ့ ကျမ်းဂန်ကြီးတွေ စာအုပ်ကြီ တွေက ပြောတဲ့အတိုင်း လိုက်လုပ်နေကြခြ ဖြစ်ပါတယ်။ ဒါကြောင့်လဲ မှားပြီးရင်း မှ ရင်း အမှားသံသရာလည်နေကြခြင်း ဖြစ် တယ်။

'မာသမဏော နောဂရုတိ…ဒါဟ တို့ဆရာ ပြောတဲ့စကားပဲ၊ ဒါဟာ တို့ရဟ တို့ရဲ့ဆရာပြောတဲ့စကားပဲ၊ ဒါကြောင့် ပြောတာမှန်တယ်လို့ အလွယ် မယူဆပါ အလွယ် လက်မခံပါနဲ့၊ အလွယ်မဆုံးဖြ ပါနဲ့'တဲ့။ အများစုကြီးဟာ ကိုယ့်ဆ ပြောတဲ့စကားဆို အသေယုံကြည်ကြတာမ ပါတယ်။ ဒါကြောင့် တချို့က မိမိကိုယ် အရင် ဆရာဖြစ်အောင်လုပ်ပါတယ်။ ကိုယ့် တပည့်ဖြစ်ပြီ၊ ကိုယ့်ကို ယုံကြည်ပြီဆို သေအောင်နိုင်းတော့တာပါပဲ။ မြတ်စွာဘုရ လက်ထက်မှာကြည့်ပါ။ ဒေဝဒတ်ဟာ အဇာ သတ်ကို သူခိုင်းတဲ့အတိုင်း လိုက်လုပ်အော အရင်ဆုံး သူ့ကိုယ်သူ အဇာတသတ်ရဲ့ ဆရ ဖြစ်အောင် လုပ်ပါတယ်။ သူဆရာဖြစ်ပြီ သူ ကိုလည်း ယုံကြည်ပြီဆိုရော လမ်းမှားကို တွန် ပို့တော့တာပဲ။ နောက်ဆုံး အဖေရင်းကိုပါသတ် ခိုင်းပါတော့တယ်။ အဖေရင်းကိုတောင် ဖြ သတ်တဲ့အထိ ယုံပါတယ်။ အလွန်ကြောက် ရာ ကောင်းတဲ့ အယူအဆတွေ ဖြစ်ပါတယ် ဒီအယူအဆစွဲတွေ၊ အမှားအတွေးတွေကိုတွန်

ာန်နိုင်ဖို့ ဗုဒ္ဓမြတ်စွာဘုရားက နည်းပေး
ာမ်းပြညွှန်ပြ သင်ကြားပေးခဲ့ခြင်းဖြစ်ပါတယ်။

နောက်ဆုံး "ငါကိုယ်တော်တိုင် ဟော
ထားတဲ့ တရားတွေကိုပင်လျှင် အလွယ်လက်
ခံပါနှင့်။ ကိုယ်တိုင်ကျင့်ကြည့်ပါ။ကိုယ်ပိုင်
ညီအောင် အားထုတ်ပါ။ ကိုယ်ပိုင်ဉာဏ်တွေ
ရင့်သန်လာအောင် လုပ်ပါ"လို့ အဖန်ဖန်အထပ်
ထပ် ဟောပြသင်ပေးနေခြင်း ဖြစ်ပါတယ်။
"ငါပြောတာကို ယုံကြ၊ ငါပြောတဲ့စကားကို
ယုံရင် ငရဲကျမယ်၊ ယုံရင်ကောင်းတဲ့ဆီ
ရောက်မယ်"ဆိုပြီး လှောင်ပိတ်မထားပါဘူး။
ကိုယ်ပိုင်အသိဉာဏ်နဲ့ ရွေးချယ်ခိုင်းပါတယ်။
ါကြောင့်လည်း ကမ္ဘာ့ပညာရှင်တွေ အသီးသီး
က ဗုဒ္ဓကို ချီးကျူးထောက်ခံရေးသားပြောဆို
နေကြခြင်း ဖြစ်ပါတယ်။

မြတ်စွာဘုရားက လူတွေရဲ့သဘာဝ
ကို သိပါတယ်။ လူတွေဟာ အလွယ်ပြော
အလွယ်ယုံ၊ အလွယ်လက်ခံဆုံးဖြတ်၊ အလွယ်
လမ်းကိုလိုက်ပြီး အမှားတွေပြုလုပ်ကာ ဒုက္ခ
ဆင်းရဲတွေ ကြုံနေကြရတာသိပါတယ်။ဒီလို
ဒုက္ခဆင်းရဲတွေ မကြုံတွေ့စေချင်ပါဘူး။ဒုက္ခ
ဆင်းရဲဘေးက လွတ်စေချင်ပါတယ်။ ယနေ့
ကမ္ဘာမှာ အသေခံဗုံးခွဲတာ၊ သတ်တာ၊ ဖြတ်
တာ၊ ညှင်းဆဲတာ အမျိုးသမီးတွေကို စာ
သင်ရ၊ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရစသည်
ဖြင့် အနိုင်ကျင့်တာကစလို့ ယနေ့ ကမ္ဘာကြီး
ကြာလေ မငြိမ်းချမ်းလေ၊ မလုံခြုံလေ ဖြစ်
လာတာဟာ အလွယ်ပြော၊ အလွယ်ရေးထား
တာတွေကို အလွယ်ယုံ၊ အလွယ်လက်ခံပြီး
အလွယ်လိုက်လုပ်လာကြလို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်က ဒီလိုဖြစ်မှာစိုးလို့ အဖန်
ဖန် အထပ်ထပ် သတိပေးပြောကြားခဲ့ခြင်း
ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားရှင်က "ကာလာမ
ပုဏ္ဏားတို့ ... သင်တို့ တကယ်ပြုလုပ်ရမှာက
...အတ္တနာဝ ဇာနေယျာထ..ကိုယ်ပိုင် အသိ
ဉာဏ်ဖြင့် လေ့ကျင့်ပြီးသိတဲ့အခါ ဒီလုပ်ရပ်
ကတော့ မိမိအတွက် သူတစ်ပါးအတွက်
တကယ် အကျိုးရှိတယ်ဆိုရင် ကြိုးစားဆောင်
ရွက်လိုက်ပါ။ မိမိနှင့်သူတစ်ပါး နှစ်ဦးသား
အတွက် အကျိုးမရှိဘူးဆိုရင် ရှောင်လိုက်ပါ"
တဲ့။

အင်မတန်ကောင်းတဲ့ ဆုံးမသြဝါဒ
စကားတွေ ဖြစ်ပါတယ်။သူများစကား၊သူများ
အသိနဲ့ သူများနောက်လိုက်ပြီး လမ်းမဆုံး
စေချင်ပါဘူး။ ဒါကြောင့် ကိုယ့်ဆရာ၊ ဗုဒ္ဓရဲ့
လမ်းစဉ်ဖြစ်တဲ့ ကိုယ်ပိုင်အသိဉာဏ်များကြာ
လေ ရင့်သန်လေဖြစ်အောင် စာပေတွေ များ
များဖတ်၊ များများဆွေးနွေးပြီး အဖြေရှာကြ
ပါ။ ကိုယ်ပိုင်သိအောင် လေ့ကျင့်ကြည့်ပါ။
အဖြေမှန်ရသည်အထိ မရမချင်းရအောင် သိ
အောင် ကြိုးစားဆောင်ရွက်နိုင်ကြပါစေဟု
တိုက်တွန်းပြောကြားလိုက်ပါတယ်။

အမှတ်(၁၀)၊ နိုဝင်ဘာ၊ ၂၀၁၃။
(ခေတ်လူများ၏ မှတ်စုဂျာနယ်)



# အုမတောင့်မှ သီလစောင့်မယ်၊ သီလစောင့်မှ အုမတောင့်မယ်

"အရှင်ဘုရား မေးခွန်းလေးတစ်ခုလောက်မေးစရာရှိလို့ပါဘုရား၊ တချို့က အုမတောင့်မှ သီလစောင့်နိုင်မယ်၊ အုမ မတောင့်ရင် သီလ မစောင့်နိုင်ဘူး၊ တချို့ဆရာတော်တွေ ဟောတာကျတော့လည်း သီလ စောင့်မှ အုမတောင့်မယ်၊ ဘယ်အရာမှန်ပါသလဲဘုရား၊ အရှင်ဘုရား Map FM ရေဒီယိုမှာ စနေနေ့တရားဟောတဲ့အခါ ဖြေကြားပေးပါ ဘုရား"တဲ့ မေးလျှောက်လာ သူကတော့ ရန်ကင်းစက်ရုံ မဲဆောက်မြို့က မကြူဖြစ်ပါတယ်။

စာရေးသူက Map FM ရေဒီယိုမှာ တရားဟောအပြီး ပရိသတ်မှမေးခွန်းများမေးထားတာကို ဖြေကြားလေ့ရှိတဲ့အတွက် မေးခွန်းပေါင်း မြောက်မြားစွာ ရောက်ရှိလာပါတယ်။ မေးခွန်းများကို ဖြေကြားတဲ့အခါမှာ အကြောင်းအကျိုးကိုသာ ထောက်ပြဝေဖန်ပြီး သူတို့ကိုယ်တိုင် သူတို့အသိဉာဏ်နှင့်ပြန်ဖြေရတာ ဖြစ်ပါတယ်။

တချို့လူတွေ ပြောနေကြသည့်အတိုင်း အုမတောင့်မှ သီလစောင့်မယ်ဆိုရင် အုမတောင့်သူတွေတိုင်း သီလစောင့်ပါသလား။ ကိုယ်နိုင်ငံမှာ ပြန်ကြည့်ပါ၊ တစ်ချိန်က အာဏာရှိခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းတို့ ဦးသန်းရွှေတို့ အုမတွေတောင့်ခဲ့ရုံမက လျှံတောင်လျှံထွက်နေတဲ့သူတွေအနေနဲ့ ဘာကြောင့်သီလမစောင့်ခဲ့ကြပါသလဲ။ ယခုလက်ရှိ အာဏာရထားသူတွေလည်း အုမတွေ တောင့်နေကြပါတယ်။ အဘယ်ကြောင့် တိုင်းပြည်ဘဏ္ဍာတွေကို ခိုးယူနေကြပါသလဲ။ တိုင်းသူပြည်သားတွေရဲ့ လယ်မြေတွေကို မတရား သိမ်းယူကာ သီလတွေပျက်နေကြပါသလဲ။ မိမိတို့ဝန်းကျင်မှာ သတိထားကြည့်ပါ။ အုမတောင့်နေကြသူတွေ အများကြီး ရှိပါတယ်။ သူတို့တတွေအားလုံးရော သီလတွေစောင့်နေကြပါသလား။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် သတိထားဆင်ခြင်ကြည့်စေချင်ပါတယ်။

တချို့ဆရာတော်တွေ၊ တချို့လူတွေ ပြောကြသည့်အတိုင်း သီလစောင့်မှ အုမတောင့်မည်ဆိုလျှင် သီလစောင့်နေသူတွေ အားလုံး အုမတွေ တောင့်ကြပါသလား။ သီလစောင့်ခြင်းသည် အုမတောင့်ဖို့အတွက် စောင့်ကြတာလား။ သေချာစဉ်းစားစေချင်ပါသည်။ သီလစောင့်ခြင်းသည် အုမတောင့်ဖို့ စောင့်တာဆိုလျှင် သီလစောင့်ပြီး အုမ မတောင့်လာလျှင် သီလကို အထင်သေးတော့မှာပါ။ သီလနဲ့ အုမတောင့်ခြင်းဟာ လုံးဝမသက်ဆိုင်ကြောင်းကို သာဓက တစ်ခုပြောပြချင်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်က လောကတိဿရဲ့အကြောင်းဖြစ်ပါတယ်။ လောကတိဿသည်တစ်ခုသောဘဝမှာကျောင်းထိုင်ဘုန်းကြီးဖြစ်ခဲ့ပါတယ်။ သူကျောင်းထိုင်ဘုန်းကြီးဖြစ်စဉ် သူ့ကျောင်းသို့ အာဂန္တုကရဟန်းတစ်ပါး ကြွရောက်လာပါတယ်။ အာဂန္တုကဘုန်းကြီး ရောက်နေစဉ် သူ့ကျောင်းဒကာလည်း ရောက်လာပြီး နှစ်ပါးလုံးကို ဆွမ်းစားပင့်ပါတယ်။ နောက်နေ့ဆွမ်းစားကြွမည့်အချိန်မှာ စဉ်းစားပါတယ်။ 'အင်း ဒီအာဂန္တုကရဟန်းတော့ ငါ့ဒကာအိမ်ကဆွမ်းတွေ စားပြီးရင်တော့ ဒီကျောင်းက ပြန်သွားတော့မှာ မဟုတ်ဘူး။ ဒါကြောင့်ပင့်သွားလို့ မဖြစ်ဘူး'ဆိုပြီး မနက် ဆွမ်းစားကြွချိန်မှာ ကျောင်းတုန်းမောင်းကို တံမြက်စည်းနဲ့ တို့ရုံလေးတို့ပြီး တစ်ပါးတည်းကြွသွားပါတယ်။

ဟိုရောက်တော့ ကျောင်းဒကာက 'အာဂန္တုကရဟန်း မပါဘူးလားဘုရား' မေးတော့ 'ကိုယ့်ဒကာကသာ ကြည်ညိုနေတာ ဒီကိုယ်တော်က ပျင်းမှပျင်းပဲ တုန်းမောင်းခေါက်တာတောင် မနိုးဘူး။ ဒါကြောင့်တစ်ပါးတည်း ကြွလာရတယ်'လို့ ပြောပါတယ်။



ဒါနဲ့ဒကာက 'မှန်ပါ့အရှင်ဘုရား ခရီးပန်းလာလို့ ဖြစ်နိုင်ပါတယ်ဘုရား။ တပည့်တော်ဆွမ်းများ ထည့်လှူပေးလိုက်ပါမယ်ဘုရား။ အရှင်ဘုရားယူသွားပေးပြီး ကပ်ပေးပါဘုရား' ဆိုကာ ဆွမ်းများကို သပိတ်နှင့် ထည့်ပေးလိုက်ပါတယ်။ ကျောင်းထိုင်ဘုန်းကြီးက စဉ်းစားတယ်။ 'ဒီကိုယ်တော် ဒီလောက်ကောင်းတဲ့ဆွမ်းနှင့် ဆွမ်းဟင်းတွေကိုသာ ဘုဉ်းပေးလိုက်ရလို့ကတော့ ငါ့ကျောင်းကနေ လုံးဝကို သွားမှာ မဟုတ်တော့ဘူး၊ ငါ့ဒကာကလည်း ဒီကိုယ်တော်ကို ပိုပြီးကြည်ညိုပုံရတယ်။ ငါ့ကိုကြည်ညိုမှာ မဟုတ်တော့ဘူး' ဆိုပြီး ထည့်လှူလိုက်တဲ့ ဆွမ်းတွေကို လမ်းမှာ သွန်မှောက်ပစ်လိုက်ပါတော့တယ်။ဝန်တိုမှုတရားများ ကြောက်စရာကောင်းလိုက်တာ သူများက ကြည်ညိုလို့လှူလိုက်တဲ့ ဆွမ်းကို ကောပ်နိုင်ဘဲ ဖျက်ဆီးပစ်လိုက်တယ်။ တကယ်က ဒီဆွမ်းတွေဟာ ကိုယ့်ရဲ့ ဆွမ်းတွေမဟုတ်တော့ဘူး။ အာဂန္တုက ရဟန်းကို ရည်းစူးပြီး လှူလိုက်တာဖြစ်လို့ အာဂန္တုပိုင်တဲ့ဆွမ်းတွေဖြစ်ပါတယ်။ ဒါကိုသွားဖျက်ဆီးပစ်မိတဲ့အတွက် ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာကို မတွေးမိတော့ဘဲ ဝန်တိုမှုတရားက ဘားမြစ် ပိတ်ပင်လိုက်ပါတယ်။ ရင်ထဲမှာဖြစ်ပေါ်နေတဲ့ မနာလိုဝန်တိုမှုတရားက အာဂန္တုက ရဟန်းကို မနေနိုင်အောင်ဆိုပြီး အကုသိုလ်တရားတွေကို တစ်ခုပြီးတစ်ခု ကျူးလွန်နေမိပါတယ်။ အာဂန္တုကရဟန်းက စဉ်းစားတယ်၊ 'ကျောင်းထိုင်ဘုန်းကြီးတော့ ငါ့ကိုမှီပြီး အကုသိုလ် အမှားတရားတွေကို တစ်ခုပြီးတစ်ခု ဆက်ကျူးလွန်နေမိပြီ။ သူ ငါ့ကိုမှီပြီး အကုသိုလ်တွေဆက် မဖြစ်ပါစေနဲ့' လို့ တွေးကာ ကျောင်းတိုက်ကနေ ထွက်ခွာသွားပါတော့တယ်။ သူတော်ကောင်းများကျတော့ မိမိကြောင့် သူများအကုသိုလ်ဖြစ်မှာ မလိုလားပါဘူး။ ရှောင်ကြဉ်ပါတယ်။

မိမိတို့လည်း ပြန်စဉ်းစားပါ။ ဒီကျောင်းထိုင်ဘုန်းကြီးလို ဝန်တိုမှုတရားကိုယ့်ရင်ထဲမှာရော အားကောင်းစွာရှိနေလား။ ဒီမနာလိုမှုတရားက နိုင်းလို့ကိုယ်ဘယ်လောက်လိုက်လုပ်ခဲ့ရပြီးပြီလဲ။ သေချာစွာစဉ်းစားဖို့လိုပါတယ်။ တရားဓမ္မကို သင်ကြားနာယူတဲ့အခါမှာ ဒါဟာ အလွန်အရေးကြီးပါတယ်။ သူများရဲ့သန္တန်မှာ မကောင်းတဲ့ တရားတွေတွေ့တဲ့အခါ အဲဒီတရားတွေ မိမိရင်ထဲမှာရှိနေသလား၊ သေချာစိစစ်အဖြေရှာပြီး ရှိနေရင် ထုတ်ပစ်နိုင်အောင်ကြိုးစားရပါမယ်။ ဒါဟာ

**ရဟန္တာဆိုတာ**
**သီလတွေလုံးဝစင်ကြယ်နေပါပြီ**
**ဒါပေမဲ့သူ့ရဲ့အကုသိုလ်**
**အကျိုးဆက်မကုန်သေးတဲ့အတွက်**
**ရဟန္တာဖြစ်သည်အထိ**
**သီလတွေစောင့်သော်လည်း**
**အူမတော့**
**တောင့်မသွားခဲ့ပါဘူး။**

မြတ်စွာဘုရားရှင်ဟောထားတဲ့ သမ္မပ္ပဓာန် တရားလေးပါထဲက ဥပ္ပန္နာနံ ပါပကာနံပဟာနာယ ဝါယာမော၊ ဖြစ်ပေါ်နေတဲ့ ရင်ထဲမှာ ရှိနေတဲ့ မကောင်းမှုတရားတွေကို ပယ်နိုင်အောင်ကြိုးစားအားထုတ်ရမယ်ဆိုတာကို ပြောခြင်းဖြစ်ပါတယ်။

ကျောင်းထိုင်ဘုန်းကြီးဖြစ်ခဲ့တဲ့ လောကတိဿဟာ မနာလိုဝန်တိုမှုတရားရဲ့ နှိုင်းစေမှုကြောင့်အကုသိုလ်အများတွေပြုလုပ်ခဲ့မိတဲ့ကံဟာ ဘဝအဆက်ဆက် ငရဲကျခံခဲ့ရတယ်။ ဆင်းရဲငတ်ပြတ် အစာမစားရတဲ့ ဘဝပေါင်းမြောက်များစွာကို တွေ့ကြုံခံစားခဲ့ရတယ်။ နောက်ဆုံး ပစ္ဆိမဘဝိက အဆင့်ထိ လိုက်လံ အကျိုးပေးမှုကို ခံရတယ်။ သူ့ရဲ့ မကောင်းမှုကံ ဘယ်လောက်လိုက်သွားသလဲ ဆိုရင် စီးပွားရေးအဆင်ပြေနေတဲ့ရွာကြီးမှာ သူ သွားပြီး ဝင်စားလိုက်တဲ့အတွက် စီးပွားရေ တွေ အားလုံးကျသွားတယ်။ နောက်ဆုံး မဲနှိုက်ပြီးနှစ်ပိုင်းပိုင်းလိုက်တာ သူပါသွားတဲ့ ရွာက အဆင်မပြေဘဲ သူမပါတဲ့ရွာက အဆင် ပြေတယ်။ ဒီလိုနဲ့ အဆင့်ဆင့် မဲနှိုက်ထုတ်ပြီး ခွဲလိုက်တာ သူလူဝင်စားတဲ့ ကိုယ်ဝန်တည်တဲ့ အိမ်တစ်အိမ်ပဲကျန်တယ်။ သူ့အိမ်ကလည်း တော်တော်ဒုက္ခတွေ ရောက်ပါတယ်။ နောက် ဆုံးသူ့ဒဏ်ကို မခံနိုင်တော့တဲ့ ညီအစ်ကို မောင်နှမတွေရယ် အဖေရယ်က စွန့်ခွာသွား ကြတယ်။ နောက်ဆုံးမိခင်ကြီးလည်း ဘယ် လိုမှ သူ့ဒဏ်ကို မခံနိုင်တော့လို့ ကိုယ်တိုင် တောင်းစားနိုင်တဲ့အရွယ်မှာ စွန့်ခွာသွားခဲ့ တယ်။ ဒီလိုနဲ့နောက်ဆုံး အရှင်သာရိပုတ္တရာ နှင့်တွေ့ပြီး သာသနာ့ဘောင်ဝင်ရောက် တရား တွေကျင့် ရဟန္တာ ဖြစ်သွားခဲ့ပါတယ်။ ရဟန္တာ ဆိုတာ သီလတွေ လုံးဝစင်ကြယ်နေပါပြီ ဒါပေမဲ့ သူ့ရဲ့ အကုသိုလ် အကျိုးဆက်မကုန် သေးတဲ့အတွက် ရဟန္တာဖြစ်သည်အထိ သီလ တွေ စောင့်သော်လည်း အူမတော့ တောင့် မသွားခဲ့ပါဘူး။ ဒါကြောင့် အူမတောင့်ခြင်း နှင့် သီလစောင့်ခြင်းကို တွဲပြီး မမြင်စေချင် ပါဘူး။ ခွဲပြီးမြင်စေချင်ပါတယ်။

မိမိတို့ကိုယ်ကို မိမိမေးပါ။ မိမိသီလ စောင့်တာ ဘယ်အတွက်ကြောင့် စောင့်တာ လဲ အူမတောင့်ဖို့ သီလစောင့်တာလား ဒါမှမဟုတ် ဘယ်အတွက်ကြောင့် သီလကို စောင့်ထိန်းတာလဲ ဆိုတာကို သေချာစွာ စဉ်းစားစေချင်ပါတယ်။ ပြီးတော့ ဆရာတော် တွေထံမှာ သီလယူလိုက်ရလို့ သီလစောင့်

ထိုက်ရတယ်ဆိုရင်လည်း မဟုတ်သေးပါဘူး။ ဘာလို့လဲဆိုတော့ ဆရာတော်တွေထံမှာ သီလ တော့ယူကြပြီး နောက်ဆုံးသီလပျက်စရာတွေ နဲ့ကြုံလာရင် အကြောင်းအမျိုးမျိုးပြ ဆင်ခြေ ပေးပြီးကျူးလွန်နေကြတာဟာ လုံးဝမကောင်း ပါဘူး။

သီလကို စောင့်ထိန်းတဲ့နေရာမှာ အဆင့်ဆင့်ရှိပါတယ်။ မိမိငယ်စဉ် အရွယ်မှာ မိဘတွေက သူများအသက်ကိုမသတ်နဲ့၊ သူများ ဥစ္စာမခိုးနဲ့ သီလပျက်ရင် အပါယ်ငရဲကျမယ် ဆိုပြီး ငရဲအကြောင်းတွေ ရှင်းပြ ပြောပြပါ တယ်။ စိတ်ထဲမှာ ငရဲအကြောင်း စဉ်းစားမိ တဲ့အခါ ကြောက်စိတ်ပေါ်တဲ့အခါ မကျူး လွန်မိပါဘူး။ ငရဲအကြောင်း မစဉ်းစားမိတဲ့ ကြောက်စိတ်မပေါ်တဲ့ အခါကျူးလွန်မိပါတယ်။ မနိုင်မာသေးပါဘူး။ မိမိကိုယ်တိုင် မြတ်စွာ ဘုရားရှင် ဟောပြထားတဲ့ မေတ္တာတရားတွေ သနားကြင်နာမှု ကရုဏာတရားတွေ၊ ကိုယ်ချင်း စာနာမှုတွေ၊ စိတ်စေတနာထားကာ သတ္တဝါ လေးတွေကို ကျွေးမွေးလာမှုတွေ အားလုံးလိုအပ် နေတဲ့ နေရာတွေမှာ လှူဒါန်းပေးကမ်းလာမှု တွေစသည့် အကောင်းခံတော်တွေကို တဖြည်း ဖြည်းပိုပိုပြီး လေ့ကျင့်မိလာတဲ့အခုအခါမှာ ငယ်ငယ်က ကျူးလွန်ခဲ့တဲ့ သတ္တဝါလေးတွေ ကို သတ်ဖြတ်မှုတွေ မကောင်းမှုတွေကိုမကျူး လွန်တော့ပါဘူး။ ငယ်ငယ်တုန်းက မိဘတွေ ကရိုက်ပြီး ဆုံးမ၊ ငရဲနှင့် ခြိမ်းခြောက်ပြီး ဆုံးမခဲ့သော်လည်း သီလလုံသလားမေးရင် ငရဲကြောက်တဲ့အခါ၊ မိဘရိုက်မှာကြောက်တဲ့ အခါ လုံပြီး မကြောက်တဲ့အခါ မလုံပါဘူး။

အခုတော့ သူများကလာပြီး "မင်း ဒီငှက်ကလေးကို သတ်လိုက်ပါ၊ တစ်သိန်းပေး ပါမယ်" ဆိုလည်း မသတ်တော့ပါဘူး။ ဘာလို့ လဲဆိုရင် မိမိရဲ့ စိတ်ထဲကိုယ်ကသတ်ချင် စိတ်မရှိတော့ပါဘူး။ မိမိကိုယ်တိုင်ကသနား ရမယ် သူတို့ကို စောင့်ရှောက်ရမယ်ဆိုတာ ကို သိသွားလို့ဖြစ်ပါတယ်။ သီလကို စောင့် ထိန်းခြင်းဟာ စိတ်အရည်အသွေးကိုမြှင့်တင် ပေးနေခြင်းပဲလို့ သိရှိလာတဲ့အခါမှာ ငါတို့ရဲ့ စိတ်အရည်အသွေးတွေ ကောင်းသည်ထက် ကောင်းဖို့ တို့ရဲ့ဗုဒ္ဓဘုရားရှင်က သီလတရား တွေကို စောင့်ထိန်းဖို့ အမျိုးမျိုးနည်းပေး လမ်းပြ ဆိုဆုံးမခဲ့တာပါလားလို့ ဗုဒ္ဓရဲ့ ကြီးမားတဲ့ မေတ္တာစေတနာ ကရုဏာတရား တွေကို သိရှိလာတဲ့အခါမှာ သီလ စောင့် ထိန်းခြင်းရဲ့အဓိပ္ပါယ်ကို ပိုပိုပြီးလေးနက်စွာ သဘောပေါက်လာသလို ဒီထက်နက်ရှိုင်းစွာ သီလတရားတွေ နားလည်အောင် လေ့ကျင့်ရ ဦးမှာပါလားလို့ အသိတွေလည်း ပိုမိုဝင်မိ လာပါတော့တယ်။ မြတ်စွာဘုရားရှင်၏တရား တော်များကို ကိုယ်ပိုင်အသိဉာဏ်ဖြင့် နားလည် အောင်ကြိုးစား၍ မိမိအမိမြန်မာနိုင်ငံတော် ကြီးကိုကျရာတာဝန်မှ ကျေပွန်စွာထမ်းဆောင် နိုင်ကြပါစေဟု ဆန္ဒပြုရင်း…

**မင်းသုည(ဗုဒ္ဓတက္ကသိုလ်)**



## ဘွဲ့အမည်-အရှင်ဣဿရိယ

### ကလောင်အမည်-မင်းသုည(ဗုဒ္ဓတက္ကသိုလ်)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းကြီးအရှေ့ကျေးရွာရှိ ဖခမည်းတော် ဦးကျော်ဆင့်၊ မယ်တော် ဒေါ်ခင်သိန်းတို့မှ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။

၁၉၈၉ ခုနှစ်၊ (၁၄)နှစ်သားအရွယ်တွင်ရွာဦးကျောင်းတိုက်၊ တော်ခရမ်းကြီးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းတွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပါသည်။

၁၉၉၅ ခုနှစ်၊ သက်တော် (၂၀)တွင် မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်းတွင် ဦးဘကြည်၊ ဒေါ်ကျင်သန်းတို့၏ မစ္ဆယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ရွာဦးကျောင်းတိုက် (တော်ခရမ်းကြီးကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း)၊ မစိုးရိမ်ပရိယတ္တိစာသင်တိုက် (ကွမ်းခြံကုန်းမြို့)၊ ကြခတ်ဝိုင်းကျောင်းတိုက်(ပဲခူးမြို့)၊ မစိုးရိမ်တိုက်သစ် (မန္တလေးမြို့)တို့တွင် မူ၊ငယ်၊လတ်၊ကြီး၊ ဓမ္မာစရိယ စာဝါများကို လေ့လာသင်ယူခဲ့သည်။

၁၉၉၈ ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် တက်ရောက် ပညာသင်ကြားခဲ့သည်။

၂၀၀၇ ခုနှစ်တွင် မန္တလေးမြို့ ဗုဒ္ဓတက္ကသိုလ်မှ ဘာသန္တရဆောက ဓမ္မာစရိယနှင့် (M A –Indo Arayan) ဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

"မင်းသုည(ဗုဒ္ဓတက္ကသိုလ်)" ကလောင်အမည်ဖြင့် ကဗျာအပုဒ်ပေါင်း(၁၀၀)ကျော်အပါအဝင် ဓမ္မဆောင်းပါးအပုဒ်ပေါင်း(၆၀)ကျော်နှင့် နိုင်ငံရေးအတွေးအမြင်ဆောင်းပါးပေါင်း(၃၀)ကျော်တို့ကို ပြည်တွင်းပြည်ပရှိ စာနယ်ဇင်းများတွင် ရေးသားခဲ့သည်။၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သော "ထီးတစ်လက်ရဲ့ ငါးပြားတန်ဦးနှောက်ပြခန်း" ကဗျာနှင့် အက်ဆေးစာအုပ်မှာ ပထမဦးဆုံး လုံးချင်းဖြစ်သည်။

၁၉၉၉ ခုနှစ်မှ စတင်ကာ "မိတ်ဆွေကောင်း" စာကြည့်တိုက်နှင့်ကွန်ပြူတာ၊အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ် အခမဲ့ပညာဒါနသင်တန်းကျောင်းများကို ပြည်နယ် တိုင်းဒေသအသီးသီးတွင် တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို ပြည်တွင်း၊ ပြည်ပသာသနာပြုခရီးစဉ်များအဖြစ် လိုက်လံဟောပြောနေသကဲ့သို့ "ပညာအလင်းဖောင်ဒေးရှင်း"၏ တည်ထောင်သူအဖြစ် ပရဟိတလုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့တွင် တိုးချဲ့ဆောင်ရွက်ရင်း စာနယ်ဇင်းများတွင်စာပေများကို မပြတ်ရေးသားလျှက်ရှိသည်။